ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်

အကြောင်းအရာ


| | |
|---|---|
| ကမ္ဘာ့စနစ်သစ်လွှန့်ပွဲအတွင်း ဗမာပြည်အနေချောင်စေဖို့ | ၁ |
| ထုတ်ပြန်ကြေညာချက်များ | ၂ – ၃ |
| ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇော၏ ပန်ကြားချက် | ၄ |
| ပန်ကြားလွှာ | ၅ |
| သဝဏ်လွှာများ | ၁၁ – ၁၅ |
| ကားလ်မာ့က်စ် ၁၈၅ နှစ်မြောက်မွေးနေ့ | ၁၆ |
| “ကျိန်စာသင့်နေသည့် ဗမာပြည်” စာအုပ်အပေါ် မှတ်ချက် | ၂၀ |
| တတိယလိုင်းနှင့် ဗမာပြည်နိုင်ငံရေး | ၂၃ |
| မာယာကော့စကီ – သူ့ဘဝ သူ့စာပေဆိုင်ရာ နှစ်စဉ်မှတ်တမ်းနဲ့ သူ့ကဗျာ | ၂၅ |
| နိုင်ငံတကာ သတင်းတိုထွာ | ၃၄ |
| အီရတ်ပြဿနာ ကိုးကားစရာများ | ၃၇ |
| ၂၀၀၂ ခုနှစ် ဒီကမ္ဘာ | ၃၉ |
| ပြည်တွင်းသတင်းသုံးသပ်ချက် | ၄၁ |


အမှတ် (၂၃)

ဇန်နဝါရီလ၊ ၂၀၀၃ ခုနှစ်။

ပြည်သူ့ အာဏာ

# ကမ္ဘာ့စနစ်သစ်လွှန့်ပွဲအတွင်း ဗမာပြည်အနေချောင်စေဖို့

*(၁)*

*အမေရိကန်နှင့် ဗြိတိန်က ကုလသမဂ္ဂအပြင်ထွက်ပြီး ကြမ်းဖို့ရမ်းဖို့လုပ်လိုက် ကျန်အင်အားကြီးများက ချော့မော့ပြီး ကုလသမဂ္ဂထဲရောက်အောင် လုပ်လိုက်ဖြင့် အီရတ်ကိစ္စ ယာယီပြေလည်သလိုလို ဖြစ်နေသည်။ နောင်ဘာဖြစ်မည် မသိရသေး။*

*ထိုသို့ ဖြစ်နေခိုက် ဩစတြေးလျက တခေါင့်က ထပွက်လာသည်။ သူကလည်း ဗိုလ်တဗိုလ် လုပ်ချင်ပုံ ပေါ်သည်။*

၂၁ ရာစုတွင် အမေရိကန်က ဧကရာဇ်၊ ဗြိတိန်က လက်ထောက်၊ အလယ်အာရှ ဘုရင်ခံချုပ်က အစ္စရေး၊ အရှေ့တောင်အာရှ ဘုရင်ခံချုပ်ကဩစတြေးလျ ဖြစ်ချင်နေကြပုံရ၏။

ဩစတြေးလျမှာ ဗမာပြည်နှင့် စိမ်းလှသည် မဟုတ်။ ဒုတိယကမ္ဘာစစ်တုန်းက သူ့စစ်တပ်များ ဗမာပြည်စစ်မြေပြင် ရောက်ဖူးသည်။ ဗမာပြည်မှ စစ်အုပ်စုများနှင့်လည်း ပလဲနံပသင့်သည်။ လောလောဆယ်တွင် "လူ့အခွင့်အရေး သင်တန်း" ပို့ချပေးနေသည်။ နယ်ချဲ့ဂိုဏ်း လူဖြူထဲမှဆိုလျှင် သူ့နိုင်ငံခြားရေးဝန်ကြီးတဦးသာ ဗမာပြည်လာလည်ဖူးသည်။

ထိုဩစတြေးလျက "နယ်စည်းမထားဘဲ အကြမ်းဖက်ဝါဒကို နှိမ်နင်းရေး" ဟု ဆိုလာသည်။ အာဆီယံ (ASEAN) အဖွဲ့ဝင် တချို့က ပြင်းပြင်းထန်ထန် တချို့က ခပ်ပျော့ပျော့ ဆန့်ကျင်ကြသည်။ ဗမာပြည် နအဖကတော့ ကိုယ်နှင့် မဆိုင်သလို နကမွတ်။

(၂)

နည်းပညာခေတ်ကြီးတွင် ထိုင်ရာမထဘဲ ဖုံးကြဲနိုင်သည်။ မောင်းသူမဲ့လေယာဉ်လွှတ်ကာ ဂြိုဟ်တုမှ ပဲ့ထိန်းပေးပြီး လိုရာပစ်မှတ်ကို တိုက်ခိုက်နိုင်သည်။ အာဖဂန်နစ္စတန်၊ ပါလက်စတိုင်း၊ ယီမင်တို့တွင် ပြေးနေသည့်မော်တော်ကားကိုပင် ပစ်မလွဲ ဖုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ဩစတြေးလျကလည်း ထိုနည်းပညာကို အမေရိကန်ထံမှယူပြီး တိုက်ချင်ပုံရသည်။

ဗမာပြည်မှာက အမေရိကန်အနေ နှင့် အသေရရ၊ အရှင်ရရ လိုချင်သူများ ရှိနေသည်။ ရန်ကုန်တွင် – တရုတ်နယ်စပ်တွင် နအဖ၏ အစောင့်ရှောက်ခံများအဖြစ် ရှိနေသည်။

အထက်က ဆိုခဲ့သလို ထိုင်ရာမထ ဖုံးကြဲနိုင်ဖို့ အရေးအကြီးဆုံး လိုအပ်ချက်တခု ရှိ၏။ ထိုလိုအပ်ချက်မှာ "ပြည်တွင်း အထောက်တော်" က အနီးကပ်ပြီး ပစ်မှတ်ကို အချိန်ပြည့် ညွှန်ပြနေဖို့ ဖြစ်သည်။

Free Burma Rangers "ဗမာပြည်လွတ်မြောက်ရေး ရိန်းဂျား" ဟူသော အသံများ ကြားနေရသည်မှာ ကြာပြီ။ လူ့အခွင့်အရေး မျက်နှာဖုံးစွပ်ကာ ဗမာပြည်အနှံ့ ထိုးဖောက်ဝင်ရောက်နေကြသည်ဟု သိရသည်။ထို "ရိန်းဂျား" များက လိုအပ်လာလျှင် "လူ့အခွင့်အရေး" မျက်နှာဖုံး ခွာချကာ "ပြည်တွင်း အထောက်တော်" များ လုပ်လာကြမည့် အန္တရာယ်ရှိသည်။

(၃)

'နအဖ' သည် စစ်အေးလွှန်ခေတ် စစ်အုပ်စု ဖြစ်သည်။ သူ့အရင်က ရှိခဲ့သည့် စစ်အုပ်စုများနှင့်ပင် မတူ။ ၁၉၅၈ စစ်အုပ်စုတုန်းက အမေရိကန်ထီးရိပ်၊ ၁၉၆၂ စစ်အုပ်စုက ဆိုဗီယက်ဆိုရှယ်လစ်ထီးရိပ် ခိုနိုင်ခဲ့သည်။ ယခုစစ်အုပ်စုကား ခိုရာမဲ့ ဖြစ်၏။

ထို့ထက်ပိုပြီး အရေးကြီးသည့် အချက်မှာ ပြည်တွင်းရန်ကို ပြည်ပရန်ထက် ပိုကြောက်နေရခြင်း ဖြစ်၏။ ပြည်သူနှင့် အကင်းကွာဆုံး စစ်အုပ်စုဖြစ်ကာ လက်တလုံးခြားနိုင်ငံရေးကစားနေရ၏။ စေ့စပ်ရေး လုပ်ပါမည်ဟုပြောပြီး တတ်နိုင်သမျှ အချိန်ဆွဲနေရ၏။

ထို့ကြောင့် ဩစတြေးလျ ဘာပြောပြော ကိုယ်နှင့်မဆိုင်သလို နှုတ်ပိတ်ရေငုံ လုပ်နေရသည်။

ဤအတိုင်း မည်မျှကြာကြာ စခန်းသွားနိုင်မည်နည်း။

(၄)

၂၁ ရာစုတွင် တစခန်းထ သောင်းကျန်းနေသူများမှာ အင်္ဂလိုဆက်ဆွန် (Anglo - Saxon) များ ဖြစ်သည်။ ကမ္ဘာကြီး မတည်မငြိမ်ဖြစ်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ အာရှငြိမ်းချမ်းရေးပျက်လျှင် ဗမာပြည်၏ ပထဝီအနေအထားက အနေချောင်နိုင်ဖွယ် မရှိပါ။

၁၉ ရာစု – ၂၀ ရာစုတုန်းက တရုတ်ပြည်ကို လိုချင်သောအင်္ဂလိပ်၊ အိန္ဒိယပြည်လိုချင်သော ဂျပန်တို့၏ နင်းချေခြင်း ခံရဖူးသည့် သင်ခန်းစာကို မမေ့အပ်ပေ။

ထို့ကြောင့် နအဖသည် မျက်မွေးတဆုံးသာ မကြည့်ဘဲ၊ အမြော်အမြင်ရှိရှိဖြင့် ၂ ပွင့်ဆိုင်၊ ၃ ပွင့်ဆိုင် ဆွေးနွေးရေး လမ်းပေါ်သို့ အမြန်တက်လှမ်းသင့်ပါကြောင်း နှိုးဆော်လိုက်ပါသည်။

**စာတည်းအဖွဲ့**

ထုတ်ပြန်ကြေညာချက်

## ဗိုလ်နေဝင်းသေဆုံးခြင်းနှင့်ပတ်သက်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ
## ဗဟိုစည်းရုံးရေးကော်မတီ
## ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် ၁၃/၂၀၀၂
## (၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်။)

၁။ နေဝင်းသည် ပျိုစဉ်ယုတ်မာ၊ အိုခါဆိုးသွမ်းရုံမက သေတော့လည်း (စစ်အာဏာရှင်စနစ်) အမွေဆိုးချန်ထားခဲ့၏။

နေဝင်းအလောင်းနှင့်အတူ စစ်အာဏာရှင်စနစ်ကိုပါ သင်္ဂြိုဟ်ဖို့ လိုနေပြီ။

၂။ စေ့စပ်ဆွေးနွေးရေးလော၊ "အမျိုးသားညီလာခံ" လောဟူသည့် ပြဿနာမှာ ဒီ/ချုပ်နှင့် နအဖ၏ ပြဿနာသက်သက်မဟုတ်။ တမျိုးသားလုံး၏ ပြဿနာဖြစ်သည်။ ၂၁ ရာစုအတွက် စစ်အာဏာရှင်စနစ်လော – ဒီမိုကရေစီလော – ဆိုသည့်ပြဿနာ ဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြင့်သာ ၂၁ ရာစု စိန်ခေါ်ချက်ကို ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်၏။

နအဖ ဖွင့်သည်ဆိုသော သမိုင်းစာမျက်နှာသစ်ကို အယုံအကြည်မရှိပါ။ ဖွင့်ရမှာက စေ့စပ်ရေးတံခါး ဖြစ်သည်။

၃။ စေ့စပ်ရေးတံခါးကို လူထုကိုယ်တိုင်ကဖွင့်လာလျှင် တပ်မတော်တွင်းမှ မျိုးချစ်ပြည်ချစ်များကလည်း ကူညီဖွင့်ပေးလိမ့်မည်ဟု မျှော်လင့်သည်။ ၁၉၈၈ ကလို မျိုးချစ်တပ်မှူးဟောင်းများသာမက တာဝန်ထမ်းဆောင်ဆဲတပ်မှူးများကလည်း ကူညီဖွင့်ပေးမည်ဟု မျှော်လင့်ပါသည်။

၄။ ၁၉၈၈ ခုနှစ်က ကမ္ဘာ့အခင်းအကျင်းနှင့် ၂၁ ရာစုအခင်းအကျင်း မတူတော့ပါ။ ထောက်လှမ်းရေးစိတ်ကူး၊ ထောက်လှမ်းရေး နည်းနာသည် ပြည်တွင်းရေးတွင် အသုံးတည့်မည်ဖြစ်သော်လည်း နိုင်ငံတကာ့ခွင်တွင် သွားလုပ်ပါက (လုပ်လက်စရှိနေပြီ ) မြက်မြက်မစားရဘဲ နဲ့ကြိုးနင်းမိသလိုဖြစ်မည်။

ထိုင်းနိုင်ငံနှင့် နယ်စပ်တံခါးကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေခြင်း၊ ထိုင်းနိုင်ငံကို မထိခလုတ်သွားလုပ်နေခြင်းသည် အမြော်အမြင်မဲ့ရာကျသည်။ "စေ့စပ်ရေးတံခါး" ကို တင်းတင်းပိတ်ထားချင်၍ ထိုင်းနိုင်ငံနှင့် ပြဿနာရှာနေခြင်းကို မလုပ်သင့်ပါ။

စေ့စပ်ရေးတံခါးကို မြန်မြန်ဖွင့်နိုင်လေ တိုင်းပြည်အတွက်ကောင်းလေဟု သဘောရရှိကြောင်း တင်ပြပါသည်။

ထုတ်ပြန်ကြေညာချက်

## လူထုကို "၁၂ ဘိုး" ကျည်တွေသုံးပြီး ပစ်ခတ်ဖို့ နအဖ ပြင်ဆင်နေတာနှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် ၁/၂၀၀၃ (၉ – ၁ – ၂၀၀၃)

(၁) နအဖ က လူထုကို ခြောက်လှန့်ရာကနေ ပစ်ခတ်ဖို့အထိတက်ဖို့ ပြင်နေပြီ။ ပုလိပ်တွေကိုင်တဲ့ ဘရင်းဂန်းတွေကို ၁၂ ဘိုး (twelve - bore) ကျည် ထည့်ပစ်နိုင်အောင် ပြင်နေသည်။ '၁၂ – ဘိုး' ကျည်က ၂ လုံးပြူး – တလုံးခါးချိုးသေနတ်မှာ သုံးတဲ့ကျည်တွေ ဖြစ်သည်။ ကြက်အုပ်ငှက်အုပ်ကို ပစ်သည့်ကျည် ဖြစ်သည်။ ခဲလုံးများများ ထည့်ပစ်နိုင်သည်။ စရိတ်နှင့်ပစ်လျှင် အတုံးအရုံး ဒဏ်ရာရနိုင်သည်။ လူထုကို ခြေထောက်ပစ်ပြီး အတုံးအရုံးဒဏ်ရာရအောင် ဒေဝဒတ်ဉာဏ်ဖြင့်ကြံခြင်း ဖြစ်သည်။

(၂) 'စစ်တပ်ကပစ်လျှင် မှန်အောင်ပစ်တယ်' ဆိုတာကိုတောင် ရင်ဆိုင်ဝံ့တဲ့လူထုကို ဒီလိုခြောက်လို့ ရရိုးလား။ ရခိုင်ဘက်မှာ မဖြစ်ညစ်ကျယ် ရန်စရာကနေ တဆင့်တက်ပြီး "၁၂ ဘိုး" ကျည်နဲ့ ပစ်မိရင် အဲဒါဟာ နောက်ဆုတ်လို့မရတဲ့စည်းကို ကျော်မိတာ ဖြစ်လိမ့်မည်။ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာကူးပြောင်းရေး မျှော်လင့်ချက်ကို အပြီးအပိုင် ပိတ်လိုက်တာ ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် လူထု၏ ဒီမိုကရေစီသို့ ကူးပြောင်းရေး သန္နိဋ္ဌာန်ကတော့ ပျက်သွားမည်မဟုတ်။ ပိုပြီးခိုင်မာလာလိမ့်မည်။ လူထုက အခြား ရွေးလမ်းကို ရွေးကြလိမ့်မည်။ ငြိမ်းငြိမ်းချမ်းချမ်းလမ်းကို စခန်းကုန်လမ်းကုန် သွားလို့မရမှ အဲဒီလမ်းကို ရွေးကြမှာ ဖြစ်သည်။

(၃) ၁၉၈၈ – ၈၉ က နိုင်ငံတကာ့အခြေအနေနှင့် ယခု ၂၁ ရာစု အခြေအနေ မတူတော့သည်ကို နအဖ စစ်အုပ်စု သိသင့်သည်။ ခြေလှမ်းတလှမ်း လှမ်းတော့မည်ဆိုလျှင် အကြိမ်ကြိမ်စဉ်းစားပြီးမှ လုပ်သင့်သည်။ အလျှင်းသင့်သဖြင့် ၁၉၄၅ – ၄၆ က အင်္ဂလိပ်တို့၏ စဉ်းစားမှုကို ဖော်ပြလိုသည်။ သူတို့လည်း အကြမ်းကိုင်ဖို့ ပထမက စဉ်းစားခဲ့သည်။ ကုလားစစ်တပ်ကို သုံးခွင့်မရ။ အလိုတော်ရိစစ်တပ်ကိုလည်း စိတ်မချသဖြင့်သာ အကြမ်းမကိုင်ဝံ့ဘဲ ဘုရင်ခံအသစ်ခန့်ကာ စေ့စပ်ရေးစားပွဲသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။ စေ့စပ်ရေးစားပွဲ ရောက်လျှင်ကား "လွတ်လပ်ရေးသို့" ငြိမ်းချမ်းစွာ ကူးပြောင်းရေးတံခါး ပွင့်တော့သည်။

ဒီမိုကရေစီသို့ ကူးပြောင်းရာတွင်လည်း စေ့စပ်ရေးစားပွဲမှတဆင့်သာ လူထုက သွားလိုကြသည်။

'၁၂ – ဘိုး – ဘရင်းဂန်း' ကို သုံးခဲ့လျှင်ကား 'အငိုလွယ်၍ အရှိုက်ခက်' ပြင်မရသည့်အမှား ဖြစ်လိမ့်မည်ဟု အချိန်မီ သတိပေးလိုက်ရပါကြောင်း။

# ဦးနေဝင်းကွယ်လွန်ခြင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ ပန်ကြားချက်

မြန်မာနိုင်ငံမှ တိုင်းပြည်ခေါင်းဆောင်နှင့် တပ်မတော်ခေါင်းဆောင်ဦးနေဝင်း ကွယ်လွန်သွားပါသည်။

ကျနော် ဗိုလ်ကျော်ဇောဟာ လက်ရှိတပ်မတော်ကြီးကို ၁၉၄၁ ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက်တွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့စဉ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနေဝင်းတို့နှင့်အတူ ပါဝင်ဦးဆောင်ခဲ့သူဖြစ်ပြီး တပ်မတော်တွင် နှစ်ပေါင်းများစွာ အရေးကြီးတာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ်သည့်အလျောက် တပ်မတော်နှင့်တိုင်းပြည်ကို ပန်ကြားလွှာတစောင် ထုတ်ပြန်အပ်ပါသည်။

ဦးနေဝင်းဟာ တပ်မတော်ခေါင်းဆောင်အဖြစ်နှင့်လည်းကောင်း မြန်မာနိုင်ငံခေါင်းဆောင်အဖြစ်နှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့ပါသည်။ ဦးနေဝင်းကွယ်လွန်သွားပြီးနောက် တပ်မတော်မှာ ဂိုဏ်းဂဏတွေကွဲပြီး တပ်မတော် ပြိုကွဲလာမှာကို တိုင်းပြည်၊ ပြည်သူလူထုနှင့်အတူ ကျနော်စိုးရိမ်မိပါသည်။

တပ်မတော်ပြိုကွဲလာလျှင် တိုင်းပြည်ပါပြိုကွဲမှာ စိုးရိမ်ကြရပါသည်။ ထိုအဖြစ်မျိုးဖြစ်ခဲ့သော် ပြည်သူအများ ဒုက္ခရောက်ကြမည်ဖြစ်၍ ကျနော်တို့ ထိုသို့ဖြစ်ရန် မလိုလားပါ။

တပ်မတော်နှင့်တိုင်းပြည် မပြိုကွဲအောင်နှင့် တိုင်းပြည်အကျိုးရှိလာဖို့ လမ်းတခု ရှိနေပါသည်။ ၎င်းမှာ ယခုဆွေးနွေးနေကြသော ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့၏ ဆွေးနွေးပွဲများမှာ ပြည်သူတို့အကျိုးကို အခြေခံပြီး အောင်မြင်ထမြောက်စေရေးပင် ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲကြီးအောင်မြင်အောင် တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးဝိုင်း၍ ကူညီလုံးပန်းကြရန် တိုက်တွန်းအပ်ပါသည်။

တပ်မတော်ကိုလဲ ပန်ကြားလိုသည်မှာ တပ်မတော်နှင့်ပြည်သူ သဘောကွဲလွဲနေမည့်အစား ယခင်ကျနော်တို့တပ်မတော် စတင်တည်ထောင်ခဲ့စဉ်က ထားခဲ့သည့်သဘောထားအတိုင်း –

၁။ နိုင်ငံတော်ကို ကာကွယ်သည့်တပ်မတော်

၂။ ပြည်သူ့ဆန္ဒနှင့်အညီ နေထိုင်ကျင့်ကြံသည့်တပ်မတော်

၃။ နိုင်ငံရေးတွင် ဝင်မစွက်သည့်တပ်မတော် ... နှင့်

၄။ တိုင်းပြည်နှင့်ပြည်သူ့အကျိုးကို လိုလားသည့်တပ်မတော် ...... ဖြစ်အောင် တစည်းတလုံးတည်း ဝိုင်းဝန်းတည်ဆောက်ကြပါရန် ပန်ကြားအပ်ပါသည်။

ဗိုလ်ကျော်ဇော

ရက်စွဲ။ ။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်။

# ပန်ကြားလွှာ

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီ၏

**ပန်ကြားလွှာ**

(၁ / ၂၀၀၃)

(၁)

ပြည်တွင်းနိုင်ငံရေးက ဝဲလည်နေသည်။ ယာယီပါဆိုသော နဝတ / နအဖ အာဏာသိမ်းစစ်အစိုးရ၏ သက်တမ်းက (၁၅) နှစ် ရှိတော့မည်။ 'ထာဝရ' အာဏာသိမ်းခဲ့သည့် မဆလ စစ်အစိုးရ၏သက်တမ်း မီတော့မည်။ တဝက်ကျိုးနေပြီ။ လင်းရောင်ခြည်က မမြင်ရသေး။ (နအဖ) ကို စေ့စပ်ရေးစားပွဲသို့ အတင်းဆွဲခေါ်ဖို့ လိုနေပြီ။

ထို့ကြောင့် ဤ 'ပန်ကြားလွှာ' ကိုရေးခြင်း ဖြစ်သည်။ ခေတ်အဆက်ဆက် တပ်မတော်များတွင် ပါဝင်ခဲ့သော ကွန်မြူနစ်စစ်သည်တော်ဟောင်းများကိုယ်စား ဗကပ – ဗဟိုစည်းရုံးရေးကော်မတီက တာဝန်ခံရေးပါသည်။ မြေပေါ်၊ ပြည်တွင်း၊ ပြည်ပ ခေတ်အဆက်ဆက် တပ်မတော်များတွင် တာဝန်ထမ်းဆောင်ခဲ့သော စစ်သည်တော်ဟောင်းများ အထူးသဖြင့် လက်ရှိတပ်မတော်တွင်း တာဝန်ထမ်းဆောင်ဆဲ စစ်သည်တော်များအား ပန်ကြားခြင်း ဖြစ်ပါသည်။

(၂)

တောထဲကထုတ်ထားသော သစ်လုံးများကို ချောင်းထဲမှ မြစ်အတွင်းရောက်အောင် မျှောချသောအခါ အဆင်မသင့်လျှင် တစ်ဆို့နေတတ်သည်။ ချောချောမောမော စီးဆင်းမသွားဘဲ တစ်ခံနေလျှင် ကျွမ်းကျင်သော ဆင်ဦးစီးက ဆင်လိမ္မာကိုစီးကာ တစ်ဆို့နေတာကို ရှင်းပေးရသည်။

ချက်ကျသောနေရာတွင် ရှင်းပေးလိုက်ရုံဖြင့် ချောမောသွားလေ့ရှိသည်။ ဤနည်းက တဦးချင်း စွန့်စားရသည်။ သို့သော် ဆင်ဦးစီးနှင့်ဆင်က ကျွမ်းကျင်လိမ္မာလျှင် အောင်မြင်ပါသည်။

ဤနည်း မအောင်မြင်ခဲ့ပါက တနည်းသာ ကျန်မည်။ တစ်ဆို့နေတာကို မိုင်းဖြင့် ခွဲပစ်လိုက်သည့်နည်း ဖြစ်သည်။ သစ်လုံးအချို့ အဆုံးခံရသည်။

သစ်လုံးများ မြစ်ထဲရောက်လျှင် ဖောင်ဖွဲ့စုန်ဆင်းရုံသာ ရှိသည်။ လွယ်သည်။ ဖောင်ဖွဲ့ပြီး မော်တော်ဖြင့် ဆွဲချင်လျှင်လည်း ရသည်။

မည်သို့ဖြစ်စေ မြစ်ထဲရောက်ပြီး ဖောင်ဖွဲ့နိုင်ဖို့ အရေးကြီးသည်။

နိုင်ငံရေးတစ်ဆို့မှုကြီးကိုလည်း အထက်ပါနည်း ၂ နည်းအနက် တနည်းနည်းဖြင့် ရှင်းနိုင်မည် ဖြစ်သည်။

ပထမနည်းကို ကြိုးစားကြည့်ချင်၍ ဤပန်ကြားလွှာကို ထုတ်ပါသည်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးသို့လည်း ဗကပ၏ သဘောထားနှင့် နည်းနာအသစ်ကို အသိပေး တင်ပြတာ ဖြစ်ပါသည်။ ထိုင်ကြည့်နေ၍ မရတော့ကြောင်းကို နိုင်ငံရေးအင်အားစုများ သာမက လူထုကပါ သိနေပါပြီ။ လူထုက "တကိုယ်တော် ဆန္ဒပြပွဲ" များ အပါအဝင် နည်းမျိုးစုံဖြင့် ဆန္ဒပြနေကြပါပြီ။

ပါမောက္ခ၊ ကျောင်းသား၊ သီလရှင်တို့၏ တကိုယ်တော်ဆန္ဒပြပွဲများသာမက အခြားနည်းမျိုးစုံဖြင့် ဆန္ဒပြနေပါသည်။ နာကျင်မှုအနည်းဆုံးလမ်းကို လိုက်နေကြခြင်း ဖြစ်ပါ သည်။

'ပစ်မည် – ခတ်မည် – သတ်မည် – အာဏာကိုတော့ မစွန့်ဘူး' ဟု တင်းခံနေသည့် စစ်အုပ်စုနှင့် ရင်ဆိုင်နေရချိန်တွင် လူထုက နည်းပေါင်းစုံတီထွင်ကာ တိုက်ပွဲဝင် ကြပါလိမ့်မည်။

၁၉၈၈ တွင် လူထုစွမ်းအားဖြင့် မဆလကို ဖြုတ်ချခဲ့သည်။

၁၉၉၀ တွင် အသံတိတ်ဆန္ဒပြပွဲဖြင့် ပြည်သူ့ကိုယ်စားလှယ်များကို မဲပေးရွေးခြယ် ခဲ့သည်။

၁၉၉၀ မှ ယခုထိ လူထုက ဆန္ဒပြနေသည်။

လူထုတွင် မကုန်ခမ်းနိုင်သော တီထွင်စွမ်းအား ရှိပါသည်။ နိုင်ငံရေးပါတီများသာ တခါတရံ ကလေးကလားဆန်တတ်သည်။ လူထုစွမ်းအားကို မမြင်ဘဲ ဖြစ်တတ်သည်။ ဗကပတွင် ထိုသို့သောအမှားမျိုး တခါတရံ ကျူးလွန်မိခြင်း ရှိခဲ့ဖူးပါသည်။

စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေသည့် အကြောင်းရင်းမှာ ဤအမှား ကျူးလွန်မိခြင်းကြောင့် ဖြစ်ပါသည်။ နေဝင်းသည် သက်တမ်းအတိုင်းနေပြီး သေသွားခဲ့ပါပြီ။ နေဝင်း လွန်ခေတ်တွင် စစ်အာဏာရှင်စနစ် ဆက်လက်တည်ရှိခွင့် မပေးနိုင်ပါ။

စစ်အေးခေတ်စဉ်းစားနည်း၊ လုပ်နည်းဟောင်းကို စွန့်ပယ်ကာ စစ်အေးလွန်ခေတ် စဉ်းစားနည်း လုပ်နည်းသစ်ဖြင့် စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ပေးရန် ဗကပ၏ သဘောထားအမြင် လုပ်နည်းတို့ကို ဤပန်ကြားလွှာဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ "အဟောင်းကိုစွန့် အသစ်ကို လက်ခံနိုင်ကြလျှင် စစ်အေးလွန်ခေတ်၌ ပြည်ချစ်ဝါဒ အခြေခံသော ဘုံလုပ်ငန်းစဉ်" တရပ် ရှိနိုင်ပါသည်။

(၃)

ကွန်မြူနစ်များအပါအဝင် မျိုးချစ်ပြည်ချစ် အင်အားစုများက ဝိုင်းဝန်းတည်ထောင်ခဲ့သော 'တပ်မတော်' ကို နေဝင်းစစ်အုပ်စုနှင့် သားစဉ်မြေးဆက် စစ်အုပ်စုများ ဖျက်ဆီးခဲ့သဖြင့် အတော့်ကို ပျက်စီးနေပါပြီ။

အတွင်းသိတဦးဖြစ်သည့် ဗိုလ်အောင်ကြီးက "ပြိုနေ – ပျက်နေပြီ" ဟု ပြောပါသည်။ တစည ဗိုလ်သာကျော်ကလည်း ထိုသဘောပင် ပြောပါသည်။

တပ်မတော်နှင့် ကွန်မြူနစ်များ လမ်းခွဲခဲ့ရသည်မှာ ကြာပြီ။ ၁၉၄၈ ခုနှစ်ကတည်းက ဖြစ်သည်။ ဗိုလ်ကျော်ဇော တပ်ကအထုတ်ခံရသောအခါ တပ်မတော်တွင်း ကွန်မြူနစ်မျိုးဆက်ဟောင်း ပြတ်သည်။ တပ်အခြေအနေကို ဗိုလ်အောင်ကြီး၊ ဗိုလ်သာကျော်တို့လောက် ကျွန်တော်တို့ မသိတော့ပါ။

သူတို့က 'တပ်မတော်' နှင့် ဘယ်တုန်းကမှ လမ်းမခွဲခဲ့သဖြင့် သူတို့၏ အကဲဖြတ်ချက်ကို လက်ခံပါသည်။

(၄)

ဗိုလ်နေဝင်းကွယ်လွန်စဉ်က ကျွန်တော်တို့မျိုးဆက်သစ် ဗဟိုစည်းရုံးရေးကော်မတီကလည်းကောင်း၊ မျိုးဆက်ဟောင်းကွန်မြူနစ် ဗိုလ်ကျော်ဇောကလည်းကောင်း ထုတ်ပြန်ချက် ထုတ်ခဲ့ပါသည်။ မဏ္ဍိုင်အတွင်းသဘောအတူတူ ဖြစ်ပါသည်။ ကွန်မြူနစ်တို့၏ နောက်ဆုံး သဘောထားနှင့် အမြင်ကို တင်ပြထားခြင်း ဖြစ်ပါသည်။

တိုင်းပြည်နှင့် အမျိုးသားကို ကာကွယ်သောစစ်ကို ၂၁ ရာစုတွင် တိုက်ဖို့ကြုံလာနိုင်သဖြင့် ကြိုတင်ပြင်ဆင်သည့်သဘောဖြင့် ထုတ်ပြန်ခြင်း ဖြစ်ပါသည်။ ကွန်မြူနစ်များဆန္ဒမှာ (၂၁) ရာစုတွင် ပြည်တွင်းစစ် မတိုက်ချင်တော့ပါ။ အရေးကြုံလျှင် အမျိုးသားကာကွယ်ရေးစစ် တိုက်ချင်ပါသည်။ ဤသည်မှာဆန္ဒ ဖြစ်ပါသည်။ ဆန္ဒနှင့်ဘဝ အမြဲတမ်း ထပ်တူဖြစ်လေ့ မရှိတာကို ကျွန်တော်တို့ နှလုံးသွင်းထားပါသည်။

(၅)

အမျိုးသားကာကွယ်ရေးစစ်ကို အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုက ခေါင်းဆောင်ရပါသည်။ ဤတာဝန်ကို တပါတီ သို့မဟုတ် တဖွဲ့တစုတည်းက တာဝန်မယူနိုင်ပါ။ ဘုံလုပ်ငန်းစဉ်ရှိသော တပ်ပေါင်းစု (တပ်ဦး) က ခေါင်းဆောင်ရပါသည်။ တပ်မတော်က လက်ရုံးအခန်းက ပါဝင်ရပါမည်။ သူက ခေါင်းမဆောင်နိုင်ပါ။

နဝတ – နအဖက သူတို့ခေါင်းဆောင်နိုင်သလိုလို ပြောပါသည်။ "အမျိုးသား ညီလာခံ" ဦးတည်ချက် (၆) ရပ်ဆိုတာထဲက အချက် (၆) မှာ ထိုသို့ပြောခြင်း ဖြစ်ပါသည်။ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး) ဖွဲ့စဉ်က ဗိုလ်အောင်ဆန်း ပါဝင်ခဲ့သည့်အခန်းမျိုး သူတို့လုပ်နိုင်သည်ဟု ထင်နေဟန် တူပါသည်။ သူတို့ မလုပ်နိုင်ပါ။ ဗိုလ်အောင်ဆန်းလို ဖြတ်သန်းမှုမျိုး မရှိ၍ ဖြစ်ပါသည်။

ဗိုလ်အောင်ဆန်း မဖြစ်မီ ကိုအောင်စန်းဘဝကပင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လုပ်ခဲ့သည်။ နောက်တော့ သခင်အောင်ဆန်းဖြစ်သည်။ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး၊ ဗမာပြည်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး၊ ဗမာ့ထွက်ရပ်ဂိုဏ်း (တပ်ပေါင်းစု) အထွေထွေအတွင်းရေးမှူး၊ ပြည်သူ့အရေးတော်ပုံအဖွဲ့၏ အထွေထွေအတွင်းရေးမှူးအဖြစ် လုပ်ခဲ့သည်။ နောက်ဆုံးကျမှ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခြင်း ဖြစ်သည်။

ဗိုလ်အောင်ဆန်းသည် အဖွဲ့အစည်းတိုင်းတွင် ပါနေသူ၊ ခေါင်းဆောင်နေသူ ဖြစ်သဖြင့် အားလုံးကို ရင်းရင်းနှီးနှီး ပြောနိုင်သည်။ အတွင်းရေး ဆွေးနွေးနိုင်သည်။

သန်း – အေး – ညွှန့်တို့ ဘာလုပ်ခဲ့သလဲ။ ကိုယ့်ဘာသာ အဖြေပေးပါ။ ကွန်မြူနစ်များ ပြောနိုင်တာက သင်တို့တွင် ရန်သူများလှသည်။ တပ်မတော် (အငြိမ်းစား) များနှင့်ပင် ရန်ဖြစ်နေသည်။ သင်တို့က ကျေးဇူးရှင်ကိုပင် ကျေးစွပ်ခဲ့သူများ ဖြစ်သည်ဆိုသည်ကို မမေ့ပါနှင့်။

(၆)

တပ်မတော်ပြိုနေ၊ ပျက်နေခြင်းမှာ နိုင်ငံရေး “အာဏာ” ကို တွယ်ကပ်နေသောကြောင့် ဖြစ်သည်။ ဖြစ်စဉ်ကို ကြည့်ပါ။ ကြာလေ ရန်သူများလေ ဖြစ်နေတာ တွေ့ရပါမည်။

၁၉၄၈ မှ ၅၈ ထိ၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်၊ အလံနီ၊ KNU တို့ကို ရန်လုပ်ရသည်။ အာဏာရ ဖဆပလပါတီ၏ စစ်တပ်အဖြစ် ပါဝင်ခြင်းဖြစ်၍ သူ့တွင်နိုင်ငံရေး တာဝန် မရှိဟု ပြောနိုင်သည်။

၁၉၅၈ မှ ၆၀ ထိ၊ ဦးနုတို့ပါတီကိုပါ ရန်လုပ်လာရသည်။ ‘မြေပေါ်ကွန်မြူနစ်’ ဆိုသူများနှင့် ပေါင်းသဖြင့် ဦးနု၏ပါတီကို ရန်သူစာရင်းသွင်းရသည်။ ထို့ကြောင့် ၁၉၅၈ မှစကာ နိုင်ငံရေးတာဝန် ရှိလာသည်။

၁၉၆၀ ရွေးကောက်ပွဲ၊ လူထု၏ ဒဏ်ခတ်ခြင်း ခံရသည်။ ရွေးကောက်ပွဲနိုင်သူကို အာဏာအပ်၊ ဆိုရှယ်လစ်တပ်မှူးကြီးများကို စတေးကာ ကိုယ်လွတ်ရုန်းနိုင်ခဲ့သည်။ တပ်မတော်ကို မပြိုအောင် ထိန်းထားနိုင်သည်။

၁၉၆၂ မှ ၈၈ ထိ၊ လုံးလုံးလျားလျား နိုင်ငံရေးတာဝန် ရှိသည်။ ဦးနုပါတီသာမက ဦးဗဆွေ၊ ဦးကျော်ငြိမ်းပါတီ၊ ပမညတ၊ ဗကသ (ကျောင်းသား) နိုင်ငံရေးအင်အားစု အားလုံးနှင့် ရန်ဖြစ်ရသည်။

၁၉၈၈ မှ ယခုအထိ၊ လူထုတရပ်လုံးနှင့်ပါ ရန်ဖြစ်ပြီ။ နိုင်ငံရေးပါတီများနှင့်ကား ပြောစရာ မလိုတော့။ တပြည်လုံးနှင့် ရန်ဘက်ဖြစ်သွားပြီ။

နေဝင်းကိစ္စပေါ်တော့ တပ်မှူးဟောင်း (အငြိမ်းစား) များ၊ တစည်းနှင့်ပါ ခွာပြဲရသည်။

အားလုံးကို ရန်လုပ်နေသည့်သူက “အမျိုးသားညီညွတ်ရေး” ကို ဦးဆောင်ချင်သည်ဟု ပြောခွင့်မရှိပါ။

(၇)

ပြည်တွင်းတွင် ရန်သူများသလို ပြည်ပတွင်လည်း ရန်သူပေါ်နေသည်။ (၁၉၆၇) က ခဏလောက် တရုတ်ပြည်နှင့် ရန်ဖြစ်ရသည်။ မနည်းကျေအေးအောင် လုပ်လိုက်ရသည်ကို သင်တို့လည်း သိသင့်သလောက် သိလိမ့်မည်။ သင်တို့ တပ်တွင်းအရာရှိငယ် ဖြစ်နေကြပြီ။

၁၉၈၈ – ၁၉၉၀ ရောက်သောအခါ ကျေအေးမှုရထားသည့် တရုတ်ပြည်ကလွဲလျှင် သင်တို့ တိုင်းပြည်တကာနှင့် ရန်ဖြစ်ရသည်။ ယခု မနည်းကြီး ကျေအေးအောင် လိုက်ထား ရသည်။ မျက်နှာချိုသွေးနေရသည်။

ASEAN နှင့် ကျေအေးအောင် လုပ်ရသည်။ အိန္ဒိယနှင့်၊ EU နှင့်၊ နောက်ဆုံး အမေရိကန်နှင့် ကျေအေးအောင် မျက်နှာချိုသွေးနေရသည်။ အမျိုးသားညီညွတ်ရေး မရှိလျှင်ကား ကြေးကြီးကြီးပေးပြီး ကျေအေးရလိမ့်မည်။

ငြင်းဖို့မကြိုးစားပါနှင့်။ သင်တို့ အာဏာမြဲရေးအတွက် သယံဇာတတွေ ရောင်းစားနေရပြီ မဟုတ်လော၊ ဒါဟာ ကြေးကြီးကြီးပေးရတာ ဖြစ်သည်။ စီးပွားရေးအရ ကြေးကြီးကြီးပေးရရာက နိုင်ငံရေး၊ စစ်ရေးအရပါ ကြေးကြီးကြီးပေးရမှာကို ကျွန်တော်တို့ မြင်နေပါသည်။

ကိုလိုနီခေတ်က သီချင်းတပုဒ်တွင် “ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါ ယူသည်” ဟု အင်္ဂလိပ်ကို စွဲချက်တင်ခဲ့ဖူးသည်။

ယခု သင်တို့ခေတ်တွင် ရွှေ – ငွေ – လူ (ပြည်ပတွင် မြန်မာပြည်သား နင်းပြားဘဝရောက်ရသူများ သန်းချီရှိနေပြီ) သာမက အခြား သယံဇာတများပါ ပြောင် တလင်းခါအောင် အယူခံနေရသည်။ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ခေတ်ဖြစ်၍ ညံ့သူခံရစတမ်း ဖြစ်သည်။ အညံ့ဆုံးဖြစ်သည့် ဗမာပြည်က လိမ့်ခံနေရသည်။ သင်တို့နိုင်နေပြီဟု အထင်မမှားပါနှင့်။

ထိုင်းနှင့်ထပြီး စစ်တိုက်ရမလိုလို ဟိန်းလုံး၊ ခြောက်လုံး၊ လှန့်လုံးတွေ ပြောနေရင်းက သင်တို့ ဘာတွေပေးလိုက်ရပြီလဲဆိုတာ စဉ်းစားကြည့်ပါ။

ထိုင်းအုပ်စိုးသူများမှာ ပဒေသရာဇ်ခေတ်ကတည်းက လိမ်မာပါးနပ်သည်။ အတွေ့အကြုံ ရှိသည်။ အမိုကောင်း ရှာတတ်သည်။ အောက်က ပင့်ခွပ်တာ ကျွမ်းကျင်သည်။ ဂျပန်ခေတ်က သူကသိပ်မနာလိုက်ရဘဲ အမြတ်ရသည်။ ‘ကျိုင်းတုံ’ ကို ရလိုက်သည်။ တနင်္သာရီကိုပါ ဂျပန်က ဆုချဖို့ စီစဉ်သည်။

ကျွန်တော်တို့တပ်မတော် (BIA) က ဆန့်ကျင်သဖြင့် ရမသွား။ (BIA တွင် ဘိတ်၊ ထားဝယ်၊ တနင်္သာရီသားတွေ များများပါသည်။ တနင်္သာရီပေးလို့ မဖြစ်။ ကျိုင်းတုံကို တော့ ဗမာပြည်မ နိုင်ငံရေးသမားများ မသိခဲ့။ ကင်းကွာနေသည်။ ရှမ်းပြည်ပုဒ်မ ၁၀ ကြောင့် တံတိုင်းကြီး ခြားထားသလို ဖြစ်နေသည်။ ထို့ကြောင့် ကန့်ကွက်ဆန့်ကျင်တာ မလုပ်နိုင်ခဲ့။ ဤသို့ဖြင့် ထိုင်းက ရသွားခဲ့သည်။)

ရေးလျှင် ရှည်နေတော့မည်။ ရန္တပိုစာချုပ်တုန်းကလည်း အင်္ဂလိပ်၏ မျက်နှာသာ အပေးခံရသည်။ ဗီယက်နမ်စစ်တွင်လည်း အမေရိကန်နှင့် ပေါင်းမိပြီး အမြတ်ထွက်သည်။ “ကျားနိုင်ငံ’ ဖြစ်သွားသည်။

ဗမာပြည်က ဘယ်သူနှင့် ယှဉ်လိုက်ယှဉ်လိုက် ခံရသည့်ဘက်ကချည်း ဖြစ်နေတာ သင်တို့ကြောင့် ဖြစ်သည်။

သင်တို့စစ်အုပ်စု အာဏာသိမ်းချိန်နှင့် ဂလိုဘယ်လိုက်ဇေးရှင်း (စျေးကွက်ဖွင့် စီးပွားရေး) ဒီလှိုင်းကြီးတက်လာချိန် တိုက်ဆိုင်မိသဖြင့် ထိုသို့ ဖြစ်ရခြင်း ဖြစ်၏။

စစ်အုပ်စု အာဏာမြဲစေဖို့ ပေးလိုက်ရသည့်တန်ဖိုး မနည်းတော့။ သင်တို့ အာဏာမြဲဖို့ တိုင်းပြည်ကို စတေးနေကြသည်။ ဤလုပ်ရပ်ကို ရပ်သင့်ပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီကြောင့် တိုင်းပြည်အနေနှင့် မည်သည့်တန်ဖိုးစားနားမှု မပေးခဲ့ရ။ တိုင်းပြည်ရောင်းစားတာ ဘယ်တုန်းကမှ မလုပ်။

"မော်စကို နောက်လိုက်" "ပီကင်း နောက်လိုက်" "အမေကျော်ဒွေးတော်လွှမ်း" "အမျိုးသား သစ္စာဖောက်" ကပ်ခံလိုက်ရသည့် တံဆိပ်တွေ များလှသည်။ သို့သော် ဗကပ ကြောင့် စပါးတစေ့၊ သစ်တစ တိုင်းပြည်က မဆုံးရှုံးဖူးတာ လူတိုင်းသိသည်။

နဝတ – နအဖ တက်လာမှ မကြုံဖူးအောင် အဆုံးအရှုံးများခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်ကြောင့်ချည်းတော့ မဟုတ်။ စစ်အုပ်စုက ပြည်တွင်းတွင် အချင်းချင်း 'ရင်ကြား စေ့ရေး' ထက် ပြည်ပနှင့် 'ရင်ကြားစေ့ဖို့' ကို အဓိကထားနေ၍ ဖြစ်သည်။

ဩစတြေးလျနှင့် ရင်ကြားစေ့ချင်၍ 'မြန်မာတိုင်းမ်' ဂျာနယ် ထုတ်ခွင့်ပေးရသည်။ မြန်မာဂျာနယ်လစ်ကို မပေးသော အခွင့်အရေးကို ဩစတြေးလျသားက ရသည်။ ပြီးတော့ အားကိုးရှိသဖြင့် မြန်မာဂျာနယ်လောက တခုလုံးကို စော်ကားသည်။ 'ဘုရားလှိုဏ်ခေါင်း' ထဲ ရောက်နေသူ ပေကိုး။

ASEAN နှင့် EU နှင့် ရင်ကြားစေ့ဖို့၊ အမေရိကန်နှင့် ရင်ကြားစေ့ဖို့ တန်ဖိုးတွေ ပေးခဲ့ရလှပြီ။ ပေးနေရပြီ။ ပေးနေရဆဲ ဖြစ်သည်။

ဒီလိုတိုင်းပြည်မျိုး မမွဲလျှင်၊ မငတ်လျှင်၊ မစုတ်ပြတ်လျှင် ဘယ်တိုင်းပြည် မွဲ – ငတ် – စုတ်ပြတ်မည်နည်း။

ယနေ့ခေတ်လောက် 'မြန်မာပြည်သားများ' ပြည်ပတွင် အောက်ကျနောက်ကျဖြစ်တာ ဘယ်တုန်းကမှ မရှိ။ ကိုလိုနီခေတ်ကတောင် မရှိ။ ယခုမှ 'ခေတ်သစ်ဂေါ်ရင်ဂျီ' များ ဖြစ်ခဲ့ရလေပြီ။

(ဗကပ) ၏ နိုင်ငံခြားရေး သဘောထားအမြင်ကို အပြတ်သားဆုံး တင်ပြလိုသည်။

ယခုအချိန်တွင် ဗမာပြည်သည် ဘယ်ပြည်ပနိုင်ငံနှင့်မျှ (ဘာသာရေးကြောင့်၊ သဘောတရားရေးကြောင့်၊ နိုင်ငံရေးကြောင့်၊ စီးပွားရေး ကြောင့်၊ လူမှုရေးကြောင့်) ရန်ဖြစ်စရာ မရှိပါ။

စစ်ဖြင့် ဖြေရှင်းစရာလည်း ဘာမျှမရှိပါ။ အကြမ်းဖက်စရာလည်း မရှိပါ။ အိမ်နီးချင်းအားလုံးနှင့် သင့်မြတ်နိုင်ပါသည်။

သူများအရေးကို ကိုယ့်အရေးလုပ်ပြီး ဝင်က ဒဏ်ခံစရာလည်း မလိုပါ။ အားလုံး နှင့် မူကြီး (၅) ချက်အရ ဆက်ဆံနိုင်သည်။

သူများကို ကိုယ်ကသွားပြီး ရန်လုပ်စရာမလို။ ကိုယ့်ကို ရန်လုပ်လာမှ ခုခံရမည်။

ကိုယ့်ပြည်တွင်းရေးကို ဇောက်ချပြီး ဖြေရှင်းဖို့ လိုသည်။ စစ်အုပ်စုနှင့် တချို့သော အတိုက်အခံများ အပြန်အလှန် 'ပုဆိန်ရိုး' – 'ဩဇာခံ' – 'နောက်လိုက်' ဟု စွပ်စွဲနေကြသည်ကို ကြားရသည်။ စိတ်မသက်မသာ ဖြစ်ရသည်။

ကမ္ဘာ့အသိုင်းအဝိုင်းက ဗမာပြည် (မြန်မာပြည်) ဆိုသည်ကား "ပုဆိန်ရိုးတို့ နိုင်ငံ" – "ဩဇာခံနောက်လိုက်တို့ နိုင်ငံ" ဖြစ်တော့သည်ဟူ၍ ထင်ကုန်တော့မည်။

စစ်အုပ်စုက စလိုက်တာ ဖြစ်သည်။ အတိုက်အခံက တုံ့ပြန်ရတာ ဖြစ်သည်။ ထို့ကြောင့် စစ်အုပ်စုကစပြီး ရပ်ရမည်။ ယခုတော့ မရပ်ရုံမက ပိုပြီးရုန့်ရင်း ကြမ်းတမ်းလာသည်။ ဒေါ်အောင်ဆန်းစုကြည် မရောက်သေးသည့် ဒေသများတွင် ယူဂျီနည်းဖြင့် ပိုစတာကပ်နေသည်။

ပိုစတာတွင် ဘာပါသလဲဆိုတာ ဖော်ပြရန်မသင့်၍ အပြည့်အစုံ မဖော်ပြတော့ပါ။ "ဖျာမိုကရေစီ မိခင်ကြီး" ဆိုတာ ပါသည်။ "ကုလားမ" ဆိုတာလည်း ပါသည်။

အမျိုးသားညီညွတ်ရေးရလျှင် ဘယ်ပြည်ပနိုင်ငံနှင့်မဆို တန်ဖိုးကြီးကြီးပေးပြီး ဆက်ဆံစရာမလိုတော့ပါ။ အောက်ကျနောက်ကျ ခံနေစရာမလိုတော့ပါ။

(၈)

တောမီးကြီးလောင်လျှင် ဟိုကဒီက မီးထတောက်တတ်ပါသည်။ စစ်ကြီးဖြစ်လျှင် စစ်ကလေးများ ပေါ်တတ်ပါသည်။

ကျွန်တော်တို့ ဗမာပြည်မှာ ပထဝီအနေအထားအရ ကိုယ်ကမဖန်တီးဘဲ ရန်မီးပြန့်လာနိုင်သည့်နေရာ ဖြစ်ပါသည်။

၁၉ ရာစုက တရုတ်ပြည်ကို ချီတက်လိုသော အင်္ဂလိပ်၏အောက်သို့ ကျခဲ့သည်။ ၂၀ ရာစုတွင် ဒေလီအရောက် ချီတက်မည့် ဂျပန်အောက် ရောက်သည်။

၂၁ ရာစုတွင် "ခေတ်သစ် ကရူးဆိတ် (Crusade) စစ်ပွဲ" အတွင်း ကြားညပ်မခံသင့်ပါ။

အမျိုးသားညီညွတ်ရေးနှင့် တောင့်တင်းသော အမျိုးသားကာကွယ်ရေး တပ်မတော်တရပ်ကို အမြန်ဆုံး တည်ဆောက်ရပါမည်။

(၉)

ဤပန်ကြားလွှာသည် စစ်အုပ်စုကို ပန်ကြားနေခြင်း မဟုတ်ပါ။ တပ်မတော်တွင်းမှ အမြော်အမြင်ရှိသူများကို ပန်ကြားခြင်း ဖြစ်ပါသည်။

စစ်အုပ်စုကိုတော့ သိစေချင်ပါသည်။ သူတို့ကိုပေးလိုသည့် သတင်းစကားရှိ၍ ဖြစ်ပါသည်။

ထိုသတင်းစကားမှာ "အာဏာမာန် မယစ်နဲ့ – အာဏာမာန်ယစ်လျှင် ဒဏ်ခတ်ခံရမည်" ဟူ၍ ဖြစ်ပါသည်။

အကြောင်းမဲ့ ရန်လုပ်ချင်၍ မဟုတ်ပါ။ "နိုင်ငံရေးအာဏာ" မာန်မာနကြောင့် သူတို့ဒုက္ခတွေ့တော့မည်ကို မြင်နေ၍ပြောခြင်း ဖြစ်ပါသည်။

နိုင်ငံရေးအာဏာလောဘကြောင့် ၁၉၆၁ တွင် ဗိုလ်အောင်ရွှေ၊ ဗိုလ်မောင်မောင်တို့ကို ချကျွေးလိုက်ရသည်။ အမေရိကန်ရောက်

ဗိုလ်မောင်မောင်ကလွဲလျှင် အားလုံး စစ်အုပ်စု၏ အတိုက်အခံများ ဖြစ်ကုန်သည်။

နေဝင်းတကိုယ်တော် အာဏာရှင်စနစ်အောက်တွင် ထိုးကျွေးခံရသူများ မရေမတွက်နိုင်။ အားလုံးကလည်း အတိုက်အခံ ဖြစ်လာသည်။

နေဝင်းမိုးကောင်းတုန်းမှာ သူဆင်းငါတက် ရှောရှောရှူရှူ ဖြစ်ခဲ့သည်။ ဗိုလ်စောမောင် နံပါတ် (၁) ဖြစ်သည်အထိ ရှောရှောရှူရှူဟု ဆိုရမည်။

ဗိုလ်စောမောင်ကျတော့ "ကျန်စစ်သားရူး ရူးနေသူ" ဟု အပုပ်ချခံရပြီး အဖယ်ခံရသည်။ ရှောရှောရှူရှူ မဟုတ်တော့။

နေဝင်း၏ ရှန်းကန်မှုပေါ် ပြန်တော့ တဆင့်တက်သွားသည်။ သွေးထွက်သံယို ဖြစ်လုနီးနီးအခြေ ရောက်ခဲ့သည်။ နေဝင်း၏လုပ်ကြံမှုသာ အောင်မြင်လျှင် NLD ၏သွေးများ မြေကျမှာ မလွဲပါ။

ကိုယ့်မိခင်တိုင်းပြည်ဖြစ်၍သာ အကောင်းမြင်ဝါဒ ထားရသည်။ ဗမာပြည်၏ မင်းပြောင်းမင်းလွဲတွေက ကြမ်းသည်။ ပဒေသရာဇ်ခေတ်ထုံးစံ ဖြစ်သော်လည်း သူများထက် ပိုကြမ်းသည်။

ကုလားကျမင်းသည် အဖသတ်မင်း၊ ဖခင်ကို ခေါင်းအုံးဖြင့် ဖိသတ်သူ ဖြစ်သည်။ (နေဝင်းလည်း ခေါင်းအုံးဖြင့် ဖိသတ်ခံရသလို ခံစားသွားရသည်။)

တရုတ်ပြေးမင်းကျတော့ သားဖြစ်သူ၏ အဆိပ်ခတ်သတ်ခြင်း ခံရသည်။ သူ့ ဇာတ်သိမ်းလည်း မကောင်း။

သီပေါကတော့ သူ့အကြံအစည် မဟုတ်သော်လည်း အပေါင်းပါ ဖြစ်သည်။ နန်းညွှန့်နန်းလျာ အများဆုံးသတ်ပြီး မင်းဖြစ်သည်။ "ပါတော်မူ" ရသည်။ ပြေးလွတ်သွားသည့် နန်းညွှန့်နန်းလျာမင်းသားများက အင်္ဂလိပ်တင်သည့်နန်း – ပြင်သစ်တင်သည့်နန်း – မှန်းကြသည်။

သမိုင်းကို အကြမ်းဖျင်းခင်းနေခြင်းသည် သံသရာတပတ် ပြန်မလည်ချင်၍ ဖြစ်ပါသည်။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမှ ညှာညှာတာတာ ထောင်းနိုင်မည်။ သူများ ထောင်းလျှင် သိပ်နာလိမ့်မည်။

အီရတ်တွင် "ဆဒ္ဒန်ဟူစိန် အလွန်ခေတ်" အတွက် စစ်ဗိုလ်တွေ တန်းစီပြီး အာဏာပလ္လင်ကို မှန်းနေကြတာ တွေ့ရလေလေ ဗမာပြည် အတွက် စိတ်ပူရလေလေ ဖြစ်သည်။

ဗမာပြည်တွင်ကော ဒါမျိုး ဖြစ်မလာနိုင်သလော။ အမေရိကန်တင်သည့် နန်းပလ္လင်ကိုမှန်းသူ စစ်ဗိုလ်တွေ ရှိနေနိုင်သည်။ အမေရိကန် ကလည်း အတွေ့အကြုံများသည်။ ငွေဖြင့်ပေါက် ဝယ်ယူနိုင်သည်။

ပုဆိန်ရိုးတို့၏တိုင်းပြည်ဟု အထင်ခံရရာမှ 'ပုဆိန်သွား' ဖြစ်စေလိုသော ဆန္ဒဖြင့် ပန်ကြားပါသည်။

**တပ်မတော်ကို စစ်အုပ်စုအောက်မှ ကယ်တင်ကြလော့။**

(၁၀)

'တပ်မတော်' အတွင်းမှ မျိုးချစ်ပြည်ချစ်များကို တင်ပြစရာရှိသည်။ 'တပ်မတော်' ကို စစ်အုပ်စုအောက်မှ ကယ်တင်လိုလျှင် ယခုအခါသည် အချိန်ကောင်း ဖြစ်သည်။

(၁) ပြည်သူလူထုတရပ်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ထောက်ခံလိမ့်မည်။

(၂)'စေ့စပ်ရေးစားပွဲ' တွင် အရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များက အသင့် စောင့်နေသည်။ 'စေ့စပ်ရေးစားပွဲ' ဝင်ထိုင်လိုက်ရုံသာ ဖြစ်သည်။ သင်တို့ကို ကြိုဆိုနေသည်။

(၃) သန်း – အေး – ညွန့် စစ်အုပ်စု အသားတကျ မဖြစ်သေးဘဲ ချီတုံချတုံဖြစ်ကာ 'အချိန်ဆွဲ' ပရိယာယ် သုံးနေသည်။ ဦးနှင်းပဲ့ထောင် မဖြစ်ရေး လုံးပန်းနေရသည်။

(၄) လူမျိုးစု အခြေခံသော ဝါရင့်နိုင်ငံရေးအဖွဲ့အစည်းများအားလုံး ('ငြိမ်းချမ်းရေး' ယူထားသော အဖွဲ့အားလုံးနှင့် မယူသောအဖွဲ့အားလုံး) က တစည်းတလုံးတည်းရှိသော ပြည်ထောင်စုစစ်စစ် လိုလားနေချိန် ဖြစ်သည်။

ယခု မလုပ်လျှင် နောက်ကျသွားလိမ့်မည်။ အာရှကို ဗဟိုပြုသော ကမ္ဘာ့စနစ်သစ် (New World Order) လွှန်ပွဲ ပြင်းထန်လာလျှင် အချိန်နှောင်းသွားလိမ့်မည်။

စတုတ္ထစစ်အုပ်စုက အသာစီးရသွားလျှင် တပ်မတော်ကို ကယ်တင်နိုင်တော့မည် မဟုတ်ပါ။ လုံးဝစွန့်ပစ်ရတော့မည်။

(၁၉၅၈ အာဏာသိမ်းစစ်အုပ်စုကို ပထမစစ်အုပ်စု၊ ၁၉၆၂ ခုကို ဒုတိယစစ်အုပ်စု၊ ၁၉၈၈ ကို တတိယစစ်အုပ်စုဟု ကွန်မြူနစ်များက သတ်မှတ်ပါသည်။)

စတုတ္ထစစ်အုပ်စု အာဏာရလျှင် 'ခွဲထွက်ရေးဝါဒ' 'သီးခြားတိုင်းပြည် ထူထောင်ရေးဝါဒ' က ခေါင်းထောင်ထလာလိမ့်မည်။ ယခုတော့ လူမျိုးစုထဲမှ လက်သင်လူသစ်ကလေးများကပဲ ဤဝါဒကို ပြောနေကြသည်။ အတွေ့အကြုံကြွယ်ဝသည့် ဝါရင့်များက မပြောပါ။ သူတို့က အမြော်အမြင် ရှိသည်။

တပ်မတော်ကို ပြုပြင်တည်ဆောက်ချိန် အခါတော်ကောင်းကို လက်မလွှတ်စေသင့်ပါ။ ကြာရှည်တည်ရှိနေမည့် အခါကောင်း မဟုတ်ပါ။ အနှေးအမြန် ကွယ်ပျောက် လိမ့်မည်။

– စာမျက်နှာသစ် ဖွင့်လိုက်ပြီဟု ပြောချိန်ကလောက် ကျွန်တော်တို့ အကောင်းမမြင်တော့ပါ။

– စတုတ္ထစစ်အုပ်စုလောင်းလျာများ၏ သွေးတိုးစမ်းလှုပ်ရှားမှုများကို တွေ့နေရပြီ။ သန်းအေးညွန့်တို့က ၁၉၈၈ က နေဝင်းလုပ်နည်းဖြင့် မျက်နှာလွှဲသွားမှာ (စိန်လွင့်လက် နေဝင်းက ဝကွက်အပ်သကဲ့သို့ လုပ်ခြင်း) ကို စိုးရိမ်နေသည်။

– နေဝင်းက စိန်လွင်ကို အာဏာလွှဲချိန်က လူထုကြီး အုံကြွနေသည်။ လမ်းမပေါ် ရောက်နေသည်။ လမ်းမပေါ်ကလူထု သွေးချောင်းစီးသည်။ လမ်းပေါ်က လူထုကို စစ်အုပ်စုက ရက်ရက်စက်စက်သတ်ပြပြီး တပ်မတော်တခုလုံးကို ငြိမ်အောင်ထိန်းနိုင်ခဲ့သည်။ ယခုမူ လူထုက လမ်းမပေါ် တက်မနေပါ။ အာဏာသိမ်းသူက တပ်မတော်တွင်း မီးသေအောင် ပြိုင်ဘက်များကို စတေးလိမ့်မည်။ ၁၉၅၈ မှ ယခုအထိ နေဝင်း – စောမောင် – သန်းရွှေတို့ စတေးခဲ့သည်ထက် အကျအဆုံး များလိမ့်မည်။

'တပ်မတော် ပြုပြင်ရေး' ကို ကွန်မြူနစ်များပြောခဲ့တာ ကြာပါပြီ။ ဗိုလ်နေဝင်းသေရုံနှင့် 'တပ်မတော်' ဟာ နေရာမှန်လူမှန် ဖြစ်သွားမှာ မဟုတ်ဟုလည်း တင်ပြခဲ့ပါသည်။

တပ်မတော်ကို ပြုပြင်လိုသူများ တပ်မတော်တွင်းမှာ အသာစီးမရသေးသမျှ ပြုပြင်ရေးလုပ်လို့ မရနိုင်ပါ။

'တပ်မတော် ပြုပြင်ရေး' ကြွေးကြော်သံကို ခေါင်းမာမာဆန့်ကျင်သူများတွင် ဗိုလ်မျိုးညွန့် – ဗိုလ်ထွန်းကြည် – ဗိုလ်ကျော်ဘ စသူများ ပါပါသည်။ကွန်မြူနစ်များက 'တပ်မတော်' ကို ဖြိုခွဲနေတာဟု သူတို့က ထင်ကြသည်။ ကက်ကက်လန် ရန်တွေ့ကြသည်။ (ဗကပ) က ခေါင်းဖြတ်ပြီး ကိုယ်ကိုယူချင်တာဟု စွပ်စွဲသည်။

ယခုတော့ ဗိုလ်မျိုးညွန့်တို့ အမြင်မှန်ရကြပုံပေါ်သည်။ သူတို့၏ အပြင်ပန်းမှတ်ချက်တချို့ကို ကြားရသည်။ သူတို့က ဗိုလ်သန်းရွှေကို မဲကြသည်။ သူတို့ချင်း အကြောင်းသိများဖြစ်၍ ပြောစရာများသည်။ သူတို့ ပြောသဖြင့် "မောင်အေး – ခင်ညွန့် ပဋိပက္ခဖြစ်နေသည်ဟူသော ထင်ယောင်မှားမှု" တချီတည်း ပျောက်သွားသည်။

၁၉၉၀ ရွေးကောက်ပွဲ ပြီးစကသာ မြွေမသေတုတ်မကျိုး လုပ်ခဲ့လျှင် သူတို့ ထိုသို့ပြောနေစရာ မလိုဘဲ တိုင်းပြည်ကို – တပ်မတော်ကို စစ်အုပ်စုလက်အောက်မှ ကယ်တင်ခဲ့ သူများအဖြစ် သမိုင်းဝင် ကျန်ခဲ့လိမ့်မည်။ ယခုကဲ့သို့ ဘေးထိုင်ဘုပြောဘဝ ရောက်မည်မဟုတ်။ လွန်ခဲ့ပါပြီ ပြင်မရတော့ပါ။

လက်ရှိတပ်မတော်တွင်းမှ နေရာရနေသူများ ဆင်ခြင်နိုင်ရန် တင်ပြခြင်းသာ ဖြစ်ပါသည်။ ပြီးခဲ့တာ ပြင်မရတော့ပါ။

မြွေမသေတုတ်မကျိုးလုပ်ဖို့ အချိန်ကောင်း ယခုပေါ်နေပြန်ပါပြီ။ ဆုံးဖြတ်ချက် မှန်ကြပါစေဟု ဆုတောင်းပါသည်။

၁၃၆၄ – ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်။ ဗဟိုစည်းရုံးရေးကော်မတီ
၂၀၀၃ – ခုနှစ်၊ ဇန်နဝါရီ – ၂၉ ရက်။ ဗမာပြည်ကွန်မြူနစ်ပါတီ

**တပ်မတော် ပြိုနေပျက်နေခြင်းမှာ**
**နိုင်ငံရေး "အာဏာ" ကို တွယ်ကပ်နေသောကြောင့် ဖြစ်သည်။**

# သဝဏ်လွှာ

သို့
သဘာပတိအဖွဲ့
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်ဝါဒ) ၏ ဆဌမအကြိမ်မြောက် ကွန်ဂရက်။
ပတ္တနာ၊ အိန္ဒိယပြည်။

မှ
ဗဟိုစည်းရုံးရေးကော်မတီ၊
ဗမာပြည်ကွန်မြူနစ်ပါတီ။

အကြောင်းအရာ။ ။ သဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်တို့

သင်တို့၏ကွန်ဂရက်သို့ ဤသဝဏ်လွှာကို ကျွန်တော်တို့အားရရွှင်လန်းစွာဖြင့် ပေးပို့လိုက်ပါသည်။ ဤကွန်ဂရက်သည် အောင်မြင်မှုရရှိပြီး အိန္ဒိယပြည် ပစ္စည်းမဲ့လူတန်းစားနှင့် အဖိနှိပ်ခံလူထုတို့အတွက် မျှော်လင့်ချက်ရှိသော အနာဂတ်ကို ဖော်ဆောင်ပေးလိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးဝါဒကို တိုက်ခိုက်ရန်အတွက်ဟု အကြောင်းပြပြီး အမေရိကန်နယ်ချဲ့သည် သူ၏အကျိုးစီးပွားများကို ကျွန်တော်တို့ နှစ်နိုင်ငံ၏နယ်နိမိတ်များထိ ချဲ့ထွင်လာနေသည့်ကာလတွင် ကျွန်တော်တို့နှစ်ပါတီအကြား အမြင်များဖလှယ်ရေးနှင့် ပိုမိုရင်းနှီးသော ညီအစ်ကိုဆက်ဆံရေးရှိထားရေးသည်လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား ပိုမိုနက်ရှိုင်းသော နားလည်မှုရှိရေးသည်လည်းကောင်း ပို၍ပို၍ အရေးကြီးလာသည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့နှစ်နိုင်ငံ ပြည်သူများအကြားတွင် နယ်ချဲ့များကို အတူတကွဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အစဉ်အလာသည် နှစ်ရာစုချီတည်ရှိခဲ့သည်ကို ကျွန်တော်တို့ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောဆိုနိုင်ပါသည်။

ဤမင်္ဂလာအခွင့်အလမ်းကိုသုံး၍ ကျွန်တော်တို့နိုင်ငံမှ လက်ရှိဖြစ်ရပ်များနှင့် ပတ်သက်သည့် ကျွန်တော်တို့၏အမြင်ကို တင်ပြခွင့် ပြုစေလိုပါသည်။

ကျွန်တော်တို့ပါတီ တည်ထောင်ခဲ့သည်မှာ ၆၃ နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။ ဤနှစ်ကာလများတွင် ဥပဒေတွင်းပါတီအဖြစ် ၃ နှစ်သာ တည်ရှိခွင့်ရှိခဲ့ပြီး နှစ် ၆၀ လုံးလုံး ဥပဒေပပါတီအဖြစ် လုံးပန်းတိုက်ပွဲဝင်ခဲ့ရပါသည်။ ဤနှစ် ၆၀ အတွင်းတွင် ဗြိတိသျှနယ်ချဲ့များ၊ ဂျပန်ဖက်ဆစ်များနှင့် ဖောက်ပြန်ရေးအစိုးရအဆက်ဆက်ကို ကျွန်တော်တို့သည် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲခဲ့ရပါသည်။ ကျန် ၁၃ နှစ်ကာလမှာ ကျွန်တော်တို့သည် ဥပဒေပပါတီအဖြစ် ရှင်သန်ရပ်တည်ခဲ့ရပါသည်။

လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကို ရွေးလမ်းတခုအဖြစ် မထားရှိခဲ့ပါက ကျွန်တော်တို့ပါတီသည် အသက်ရှင်ကျန်လိမ့်မည် မဟုတ်ပါ။ ဤရွေးလမ်းကိုသာ မရွေးခြယ်ထားခဲ့ပါက ကျွန်တော်တို့ အချေမှုန်းအသုတ်သင်ခံရမည့် ကာလများစွာကို ကျွန်တော်တို့တွေ့ကြုံ ဖြတ်သန်းခဲ့ရပါမည်။ ကျွန်တော်တို့သည် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစစ်ကို ဆင်နွှဲခဲ့ပြီး ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ပြည်တွင်းစစ် ဆင်နွှဲခဲ့ပါသည်။

ကျွန်တော်တို့သည် လက်နက်ကိုင်တိုက်ပွဲကို တိုက်ပွဲသဏ္ဌာန်အဖြစ်စွဲကိုင်ခဲ့သည့် အတိတ်

အတွေ့အကြုံများကို အောက်ပါအတိုင်း နိဂုံးချုပ်ထားပါသည်။

၁။ ။ အုပ်စိုးသူလူတန်းစားသည် လက်နက်ဖြင့် အကြမ်းဖက်ဖိနှိပ်လာပါက အဖိနှိပ်ခံပြည်သူတို့သည် လက်နက်ဖြင့် ပြန်လည်ခုခံကာကွယ်ခြင်းသည် တရားသည်။

၂။ ။ အသေအချာလုံလောက်စွာ မစဉ်းစားဘဲ လက်နက်ကိုင်တိုက်ရန် မဆုံးဖြတ်ရ။ ဥပဒေတွင်းနည်းလမ်းများကို အဆုံးတိုင်လမ်းကုန်လုပ်ပြီး အခြေအနေသည် ရှေ့သို့မတက်နိုင်တော့သည့်အခါကျမှသာ ထိုလမ်းကို ရွေးရမည်။

ဆုံးဖြတ်ပြီးပါက လက်နက်ကိုင်တိုက်ပွဲကို ပြတ်သားသောသန္နိဋ္ဌာန်ဖြင့် ဆင်နွှဲရမည်။ လက်နက်ကိုင်တိုက်ပွဲသည် ကစားစရာမဟုတ်။

၃။ ။ လုံလောက်သော ပြင်ဆင်မှုမရှိဘဲ လက်နက်ကိုင်တိုက်ပွဲ မဆင်နွှဲရ။ အတွေးအခေါ်အရ၊ စည်းရုံးရေးအရနှင့် ရုပ်ဝတ္ထုအရ ပြင်ဆင်ရမည်။

၄။ ။ အမျိုးသားစစ်တွင် တမျိုးသားလုံးကိုမှီခိုရပြီး၊ ပြည်တွင်းစစ်တွင် လူထုကိုမှီခိုမှ စစ်အနိုင်တိုက်နိုင်မည်။

၅။ ။ အမျိုးသားစစ်ပွဲကို အလွန်ထူးခြားသော အခြေအနေအောက်တွင် ဆင်နွှဲရခြင်း ဖြစ်သည်။ အင်္ဂလိပ်ကိုတိုက်ရန် ဂျပန့်လက်နက်၊ ဂျပန်ကိုတိုက်ရန် အင်္ဂလိပ်လက်နက်ကို ရခဲ့သည်။ ပြည်တွင်းစစ်တိုက်ရာတွင်ကား လုံးဝဥဿုံ ကိုယ်အားကိုယ်ကိုးရပေသည်။

ဗမာပြည်၏ လက်ရှိအခြေအနေသည် ရှေ့မတိုးနောက်မဆုတ် ဖြစ်နေသည်မှာ ၁၂ နှစ်ကျော် ကြာနေခဲ့ပြီဖြစ်သည့်အပြင် အလားအလာကောင်းတခုမှလည်း ယခုအထိ မတွေ့မြင်ရသေးပါ။ လက်ရှိနေထိုင်မှုအခြေအနေများအောက်တွင် ပြည်သူများအနေဖြင့် အသက်ရှင်သန်နိုင်ရန် အလွန်ခက်ခဲလှပါသည်။ နိုင်ငံတကာသိုင်းအဝိုင်း၏ ကြိုးစားအားထုတ်မှုမှာလည်း အရေးမပါလှသော အကျိုးရလဒ်အနည်းငယ်သာ ပေးဆောင်ခဲ့သည်။ ကျွန်တော်တို့ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုသည်သာ စစ်အစိုးရအုပ်ချုပ်မှုအောက်မှ ပြည်သူများကို လွတ်မြောက်စေမည့် အဓိကအင်အားဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

ယင်းသို့ သမိုင်းတွင် ကျွန်တော်တို့တိုင်းပြည်၏ အမဲမှောင်ဆုံးကာလများကို ဖြတ်သန်းနေရသည်နှင့် တချိန်ထဲတွင် ကမ္ဘာအနှံ့မှ ကွန်မြူနစ်များ၏ လှုပ်ရှားမှုများကိုလည်း ကျွန်တော်တို့သည် မျက်ခြေမပြတ်စောင့်ကြည့်နေခဲ့ပါသည်။ ညီအစ်ကိုပါတီများ၏ ကွန်ဂရက်များ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အခါတိုင်းတွင် ကျွန်တော်တို့ ဝမ်းမြောက်ရွှင်လန်း ဖြစ်ခဲ့ပါသည်။ သင်တို့၏ကွန်ဂရက် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည့်အခါတွင် ကမ္ဘာပေါ်ရှိ အခြားပစ္စည်းမဲ့ပါတီများသည်လည်း ကျွန်တော်တို့ကဲ့သို့ပင် အားရရွှင်လန်းဖြစ်ကြမည်မှာ မုချပင် ဖြစ်ပါသည်။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ။<br>
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်ဝါဒ) အဓွန့်ရှည်ပါစေ။<br>
ကျွန်တော်တို့နှစ်ပါတီအကြား ညီအစ်ကိုဆက်ဆံရေး အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ<br>
ဗမာပြည်ကွန်မြူနစ်ပါတီ<br>
အောက်တိုဘာ ၂၄ ရက်၊ ၂၀၀၃ ခုနှစ်။

**ဗမာကွန်မြူနစ်များ၏ ဆန္ဒမှာ (၂၁) ရာစုတွင် ပြည်တွင်းစစ် မတိုက်ချင်တော့ပါ။**
**အရေးကြုံလျှင် အမျိုးသားကာကွယ်ရေးစစ် တိုက်ချင်ပါသည်။**

# သဝဏ်လွှာ

သို့
သဘာပတိအဖွဲ့
တဆယ့်ခြောက်ကြိမ်မြောက်ကွန်ဂရက်
တရုတ်ပြည်ကွန်မြူနစ်ပါတီ
မှ
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

နေ့စွဲ။ အောက်တိုဘာလ ၁ ရက်၊ ၂၀၀၂ ခုနှစ်။

အကြောင်းအရာ – ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်ခင်လေးစားသော ရဲဘော်များခင်ဗျား–

၁။ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းတွင် အရေးပါသော ဤနေ့ထူးနေ့မြတ်တွင် ရဲဘော်တို့နှင့် တကွ ကွန်ဂရက်သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အပေါင်းတို့အား ကျွန်ုပ်တို့က လှိုက်လှိုက် လှဲလှဲ နှုတ်ဆက်ဂုဏ်ပြုအပ်ပါသည်။ ရဲဘော်တို့၏ကွန်ဂရက် အောင်မြင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဖော်ပြရင်း နှစ်ထောင်းအားရ ထောပနာပြုလိုက်ပါသည်။

၂။ ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒ ဒီရေနိမ့်သို့ရောက်နေသည့် ယနေ့ကဲ့သို့သောကာလတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီက ဆိုရှယ်လစ်လမ်းကြောင်း၊ ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်၊ ကွန်မြူနစ် ပါတီ၏ခေါင်းဆောင်မှုနှင့် မာ့က်စ်ဝါဒလီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ဆိုသော မူကြီးလေးချက်ကို ကိုင်စွဲထားနေသရွေ့ နိုင်ငံတကာကွန်မြူနစ်များက တရုတ်ပြည်ကွန်မြူနစ်ပါတီအား ထောက်ခံနေကြမည်သာ ဖြစ်ပေသည်။ တရုတ်ပြည်၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအဆင့်နေရာ မြင့်တက်မှု အပေါ်တွင် ဝမ်းသာ အားရ ဖြစ်နေကြမည်သာ ဖြစ်ပေသည်။

၃။ လက်ရှိနိုင်ငံတကာ့အခြေအနေ၏ ဖြစ်ပေါ်ပြောင်းလဲမှုများမှာ လွန်စွာမှမြန်ဆန် ရှုပ်ထွေး လှပါသည်။ အမေရိကန်သည် တဖက်တွင် တဦးတည်းသော အင်အားကြီးနိုင်ငံဟူသော ၎င်း၏အဆင့် နေရာကို ခိုင်မာသည်ထက်ခိုင်မာအောင်လုပ်ရင်း ထိုအဆင့်နေရာကို အသုံးပြုကာ အခြားနိုင်ငံများအား အနိုင်ကျင့်လျက် ရှိပါသည်။ ၎င်းသည်ကမ္ဘာပေါ်မှ အချို့သောနိုင်ငံများအား တဖက်သတ် စစ်ပြုရန်ရှာ နေသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ဤအချင်းအရာအားလုံးကို ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ပတ်ဝန်းကျင်၌ အထင်အရှားတွေ့မြင်နေကြရပါသည်။ ထို့ကြောင့် အမေရိကန်၏ ဗိုလ်ကျလွှမ်းမိုးရေးအစီအစဉ်များကို ဟန့်တားရေးမှာ ကျွန်ုပ်တို့ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ပတ်သက်နေပါသည်။

၄။ ၂၁ ရာစုတွင် ပထမဆုံးကျင်းပသည့် တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၆ ကြိမ်မြောက် ကွန်ဂရက် မင်္ဂလာအခါသမယတွင် ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် မိမိ၏ ၂၁ ရာစုအမြော်အမြင်ကို ရှင်းလင်း ဖော်ပြလိုပါသည်။

၂၁ ရာစုအစပိုင်းသည် စိန်ခေါ်ချက်များဖြင့် ပြည့်လျှမ်းနေမည့်ကာလဟု မြင်ပါသည်။ အထူးသဖြင့် အင်အားနည်းပါးသည့် တိုင်းပြည်များ အဖို့ ကြီးမားသော စိန်ခေါ်ချက်များ ဖြစ်ပါလိမ့်မည်။

ဗမာပြည်အတွက်ဆိုလျှင် စိန်ခေါ်ချက်မှာ သူများထက် ပို၍ကြီးလေးပြင်းထန်ပါလိမ့်မည်။ နှစ် ၅၀ ကျော် ပြည်တွင်းငြိမ်းချမ်းရေး မရှိသော တိုင်းပြည်၊ နှစ် ၄၀ ကျော် တည်ငြိမ်သည့် နိုင်ငံရေးစနစ် မရှိသည့်တိုင်းပြည်၊ စစ်အုပ်စုက နိုင်ငံရေးအာဏာကို ဆယ်စုနှစ်ပေါင်းများစွာ ကိုင်ထားသည့် တိုင်းပြည်၊

အမျိုးသားညီညွတ်ရေး ပြိုကွဲနေသောတိုင်းပြည် ဖြစ်ခြင်းကြောင့် ဤသို့ပြောရခြင်း ဖြစ်ပါသည်။

ဗမာပြည်မှာ အခြေခံအားဖြင့် အရှေ့တောင်အာရှဒေသကြီးတွင်းမှ တိုင်းပြည်ဖြစ်သော်လည်း တောင်အာရှဒေသကြီးနှင့်လည်း သမိုင်းအရ၊ နိုင်ငံရေးအရ အဆက်အစပ်များ ရှိနေသည့်တိုင်းပြည် ဖြစ်ပါသည်။ ထိုဒေသကြီး (၂) ခု အတွင်းမှ ဖြစ်ပေါ်တိုးတက်မှုများက အမြဲတစေ ကျွန်တော်တို့တိုင်းပြည်အပေါ် ဂယက်ရိုက်ခတ်နေပါလိမ့်မည်။

တောင်အာရှဒေသကြီးတခုလုံး တည်ငြိမ်မှု မရှိပါ။ အရှေ့တောင်အာရှ ဒေသကြီးသည်လည်း စတင်၍ မတည်မငြိမ် ဖြစ်လာနေပါသည်။

ဤသို့ဖြစ်ရသည်မှာ ကမ္ဘာ့အခင်းအကျင်းဟောင်း ကွယ်ပျောက်သွားသော်လည်း အစားထိုးစရာ (အားလုံးက လက်ခံနိုင်သည့်) ကမ္ဘာ့အခင်းအကျင်းသစ်တခု မပေါ်သေး၍ဟု ယူဆပါသည်။ ကမ္ဘာကြီးတွင် ကမ္ဘာ့အခင်းအကျင်းသစ်တခု မုချရှိရမည် ဖြစ်ပါသည်။ အင်အားကြီးနိုင်ငံအားလုံးကလည်း လက်ခံနိုင်ရပါမည်။ အားလုံးလက်ခံနိုင်သော ကမ္ဘာ့အခင်းအကျင်းသစ် မမွေးဖွားမီ နာကျင်မှုပေါင်းမြောက်မြားစွာ ပေါ်နေမည်ဟု ယူဆပါသည်။

၁၉ ရာစုက ဗမာပြည်နှင့် အာဖဂန်သည် ဘဝတူ ဖြစ်ခဲ့ပါသည်။ ယခု ၂၁ ရာစု အစတွင်ကား အာဖဂန်မှာ အမေရိကန်နှင့် အပေါင်းပါများ၏ ရင်ခွင်ပိုက်ကိုလိုနီ ဖြစ်သွားပါပြီ။

အမေရိကန်ဦးဆောင်သော ကမ္ဘာ့အခင်းအကျင်းသစ်အတွက် နမူနာတခုအဖြစ် အာဖဂန်ကျရောက်သွားခြင်းမှာ အမေရိကန်ဦးဆောင်သော 'အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်' ၏ရလဒ် ဖြစ်ပါသည်။

အမေရိကန်၏ ထို 'အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်' လက်မဲကြီးသည် အရှေ့တောင်အာရှသို့ စတင်ဝင်ရောက်နေပါပြီ။

'၉ – ၁၁ အဖြစ်အပျက်' ဖြစ်ခါစတွင် ဗမာပြည်ကွန်မြူနစ်ပါတီက မူဆလင်အစွန်းရောက် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးမှနေ၍ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေးဆီသို့ အမေရိကန်က တိုးချဲ့လာမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ စိုးရိမ်သည့်အတိုင်း ဖိလစ်ပိုင်တွင် ဖြစ်နေပါပြီ။ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သော ဖိလစ်ပိုင်တော်လှန်ရေးကို အမေရိကန်က အကြမ်းဖက်ဂိုဏ်းဟု သတ်မှတ်လိုက်ပါသည်။ ဖိလစ်ပိုင်အုပ်စိုးသူ အာဏာပိုင်တို့ကလည်း ကျေနပ်ကြပါသည်။

'တောမီးလောင် တောကြောင်လက်ခမောင်းခတ်' ဆိုသလို ထိုင်ဝမ်အာဏာပိုင်များကလည်း တစခန်းထနေပါသည်။ ဗမာပြည်မှာ ထိုင်ဝမ်အာဏာပိုင်များ စိတ်ဝင်စားရာဒေသတခု ဖြစ်ပါသည်။ ကူမင်တန်ပါတီက စိတ်ဝင်စားခဲ့သလို ယခုအာဏာရ ချန်ရွှေပြန်းတို့ရဲ့ ပီဒီပီ (PDP) ကလည်း စိတ်ဝင်စားပါသည်။ ၎င်းတို့စိတ်ဝင်စားသည်ကို ကျွန်တော်တို့ စိုးရိမ်ပါသည်။ ကျွန်တော်တို့တိုင်းပြည်၏ နယ်မြေတည်တံ့ပြည့်စုံမှုကို ခြိမ်းခြောက်နေသောကြောင့် ဖြစ်ပါသည်။ လက်ရှိတရုတ်ဗမာ နယ်နိမိတ်ကို သူတို့လက်မခံပါ။

ကျွန်တော်တို့သည် ဗမာပြည်၏အချုပ်အခြာအာဏာပိုင်မှုကို ထိပါးခြင်းမှန်သမျှနှင့် တိုင်းပြည်၏ နယ်မြေတည်တံ့ပြည့်စုံမှုကို ဖျက်ဆီးခြင်းမှန်သမျှကို ပြတ်ပြတ်သားသား ဆန့်ကျင်ပါသည်။

အာဖဂန်မှာလို ရင်ခွင်ပိုက်တိုင်းပြည် အဖြစ်မခံနိုင်သလို ဗမာပြည်၏နယ်မြေ လှီးဖြတ်ပစ်ခြင်းကိုလည်း လက်မခံနိုင်ပါ။

ဗမာပြည်တွင် စစ်အုပ်စုအစိုးရ ရှိနေပါသည်။ သူတို့ကို 'တပ်မတော်အစိုးရ' ဟု ကျွန်တော်တို့ မည်သည့်အခါကမှ မသတ်မှတ်ပါ။ နေဝင်း စစ်အုပ်စုအစိုးရ၊ နေဝင်း စန်းယု စစ်အစိုးရ၊ နဝတ၊ နအဖ စစ်အုပ်စုအစိုးရဟုသာ သတ်မှတ်ပါသည်။

'တပ်မတော်' မှာ ကျွန်တော်တို့ ကွန်မြူနစ်များအပါအဝင် မျိုးချစ်ပြည်ချစ်အင်အားစုများ စတင်တည်ထောင်ခဲ့သောတပ်မတော်ဖြစ်သည်။ တိုင်းပြည်လွတ်လပ်ရေးကိုရအောင် တိုက်ခဲ့သောတပ်မတော်သည် လွတ်လပ်ရေးကို ထိန်းသိမ်းသော 'တပ်မတော်' သာ ဖြစ်ရပါမည်။

'တပ်မတော်' ကို အပိုင်စီးထားသော စစ်အုပ်စုများသည် 'နိုင်ငံရေးအာဏာ' ကို မက်မောသူများ ဖြစ်ပါသည်။ 'နိုင်ငံရေးအာဏာ' ရဖို့ဆိုလျှင် ဘာမဆိုလုပ်ရဲသူများ ဖြစ်သည်။

– ၁၉၅၈ က 'အင်္ဂလိပ်ပုံစံ ပါတီစုံဒီမိုကရေစီ' အလံကိုင် လုပ်ခဲ့သည်။

– ၁၉၆၂ တွင် ဆိုရှယ်လစ်အလံထူသည်။

– ၁၉၈၈ တွင် ပါတီစုံဒီမိုကရေစီဟု ပြောသည်။

– ယခု စစ်အုပ်စု ဦးဆောင်သည့်ဒီမိုကရေစီဟု ပြောနေပြန်သည်။

စစ်အုပ်စုကား အပြောင်းအလဲ များလှသည်။ သူတို့မပြောင်းသည်မှာ နိုင်ငံရေးအာဏာ ရယူထားရေး အတွေးအခေါ် ဖြစ်၏။ ယခုမူကား အမေရိကန်အသိအမှတ်ပြုသော စစ်အစိုးရဖြစ်နိုင်လျှင် ဖြစ်လိုနေကြသည်။

စစ်အုပ်စုက နိုင်ငံရေးအာဏာ ကိုင်ထားလျှင် မည်သည့်ပုံစံဖြင့် ကိုင်ထားသည်ဖြစ်စေ ဗမာပြည်ကွန်မြူနစ်ပါတီက လက်ခံမည် မဟုတ်ပါ။

တတိုင်းပြည်လုံး တမျိုးသားလုံးကို စစ်အုပ်စုက စည်းရုံးနိုင်မည် မဟုတ်သောကြောင့် ဖြစ်၏။ အမျိုးသားညီညွတ်ရေးကို စစ်အုပ်စု ခေါင်းဆောင်မှုဖြင့် မတည်ဆောက်နိုင်သောကြောင့် ဖြစ်၏။

စစ်မှန်သောဒီမိုကရေစီစနစ်

စစ်မှန်သော ပြည်ထောင်စုစနစ်ကို မထူထောင်နိုင်သမျှ ၂၁ ရာစု စိန်ခေါ်ချက်ကို ဗမာပြည်က ကျော်နင်းနိုင်မည် မဟုတ်ပါ။

ဗမာပြည်ကို ၁၉ ရာစုက အဖြစ်မျိုး မကျရောက်စေချင်ပါ။

၁၉ ရာစုက အမျိုးသားနိုးကြားမှုမရှိ၊ အမျိုးသားညီညွတ်မှုမရှိ၍ ကိုလိုနီဖြစ်ခဲ့ရသည်။ ဗြိတိသျှအိန္ဒိယ၏ ပြည်နယ်ဘဝသို့ နှစ် ၅၀ ကျရောက်ခဲ့ရသည်။ ၁၉ ရာစုက ပဒေသရာဇ်လူတန်းစား၏ အမြော်အမြင်မဲ့မိုက်မဲမှုမျိုးကို ၂၁ ရာစု စစ်အုပ်စုကလုပ်နေလျှင် ကျွန်တော်တို့

ခွင့်ပြုမည်မဟုတ်ပါ။

၅။ နှစ်ဆယ့်တစ်ရာစုနှစ်၏ စိန်ခေါ်ချက်များကို မိမိတို့နိုင်ငံပကတိ အခြေအနေနှင့်အညီ ကွန်မြူနစ်များ၏ အမြော်အမြင်ရှိမှုဖြင့် ရင်ဆိုင်ဖြေရှင်း သွားကြရပါမည်။ အမေရိကန်၏ ဗိုလ်ကျလွှမ်းမိုးရေးအစီအစဉ်များကို ဟန့်တားရေးမှာ ကျွန်ုပ်တို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားနှင့် တိုက်ရိုက် ပတ်သက်နေပါသည်။ တရုတ် – မြန်မာ နှစ်နိုင်ငံ၏သမိုင်းတွင် ပြည်သူချင်း လက်တွဲကာ နယ်ချဲ့အဆက်ဆက်ကို တွန်းလှန်ခဲ့ကြသော ဂုဏ်ပြောင်သည့် အစဉ်အလာ အထင်အရှား ရှိနေပါသည်။

၆။ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ဤတဆယ့်ခြောက်ကြိမ်မြောက် ကွန်ဂရက်သည် ၂၁ ရာစုနှစ်၏ စိန်ခေါ်ချက်များကို ရင်ဆိုင်ကျော်လွှားနိုင်ရုံမက လူသားအားလုံးအား အကျိုးပြုနိုင်စေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

– မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ။
– တရုတ်ပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။
– တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ တို့၏ ရဲဘော်ရဲဘက်သဖွယ် အစဉ်အလာဆက်ဆံမှု အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
အောက်တိုဘာ ၁ ရက်၊ ၂၀၀၂ ခုနှစ်။

### မာ့က်စ်ဝါဒ ပြန်လည်ရှင်သန်ထမြောက်အောင် လုပ်သူများ

ကွန်မြူနစ်ကြေညာစာတမ်း (၁၅၅) နှစ် ပြည့်တော့မည်။

ထို (၁၅၅) နှစ်အတွင်းတွင် “သေပြီ မြေမြှုပ်လိုက်ပြီ” အပြောခံရဆုံးဝါဒမှာ မာ့က်စ်ဝါဒ ဖြစ်၏။

ကြေညာစာတမ်းထဲတွင် မာ့က်စ် အိန်ဂယ်လ်တို့က ခေတ်သစ်နိုင်ငံတော်၏ အစိုးရဆိုသည်များမှာ ဘူဇွာတို့၏ အရေးအရာများ ကို စီမံခန့်ခွဲသည့် အလုပ်အမှုဆောင်များသာ ဖြစ်သည်ဟု ရေးခဲ့သည်။

ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကျဆုံးသွားသောခေတ်တွင် ခေတ်သစ်နိုင်ငံတော်အစိုးရများသည် “အလုပ်အမှုဆောင်အလုပ်” ကို ပုန်းလျှိုးကွယ်လျှိုး မလုပ်ကြတော့။ “ပြောင်ကျကျ” လုပ်ကြသည်။

ဘုရှ်အစိုးရ ဘလဲအစိုးရတို့ အကဲဆုံး ဖြစ်သည်။

ယခင်အခါများက “မာ့က်စ်ဝါဒမသေ” ဟု ပြောခဲ့သူများမှာ ကွန်မြူနစ်များသာ ဖြစ်ခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့ပြီ။ မာ့က်စ်ဝါဒကို ပြန်လည်ရှင်သန်ထမြောက်လာအောင် လုပ်ပေးသူများထဲတွင် ကွန်မြူနစ်များသာ မကတော့။ အမေရိကန်နှင့် ဗြိတိန်၊ အီတလီစသည်တို့တွင် မာ့က်စ်ဝါဒကို ကိုးကားပြီး အရင်းရှင်စနစ်ကို ဝေဖန်ကြသူထဲတွင် သာမန်ပညာရှင်များ၊ လူငယ်ပညာတတ်များ အများစု ဖြစ်နေသည်။

ဘုရှ်တို့ ဘလဲတို့က ‘အလုပ်အမှုဆောင်အလုပ်’ ကို လုပ်လေလေ၊ မာ့က်စ်အိန်ဂယ်တို့ ကြေညာစာတမ်းစိတ်ဓာတ် ရှင်သန်ထမြောက်လေလေ ဖြစ်တော့မည်။



*မာ့က်စ်ဝါဒကို ထူထောင်သူတဦးဖြစ်သည့် ကားလ်မာ့က်စ်ကို ၁၈၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် မွေးဖွားခဲ့ရာ ယခုနှစ်သည် မာ့က်စ်၏ ၁၈၅ နှစ်မြောက်နှစ် ဖြစ်သည်။ သူ၏မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် သူ၏ရဲဘော်ရဲဘက်ကြီးလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်ကြီးလည်းဖြစ်သူ ဖရက်ဒရစ်အိန်ဂယ်ရေးသော မာ့က်စ် အကြောင်းဆောင်းပါးတပုဒ်ကို ဘာသာပြန်ဖော်ပြလိုက်ပါသည်။*

*ဤဆောင်းပါးကို အိန်ဂယ်က ၁၈၆၈ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင်ရေးသားခဲ့ပြီး ဂျာမဏီနိုင်ငံမှ စာပေသတင်းစာ တစောင်ဖြစ်သည့် ဒိုင်ဂါတင်လော့ဘ် **Die Gartenlaube**သို့ ပေးပို့ခဲ့ပါသည်။ ထိုသတင်းစာက ပယ်ချခဲ့သဖြင့် အိန်ဂယ်သည် ၁၈၆၉ ဇူလိုင်လထဲတွင် ဤဆောင်းပါးကို တခါ ပြန်လည်ရေးသားပြီး ဒိုင်ဇူကွန့်**Die Zukunft**သတင်းစာသို့ ပေးပို့ခဲ့ရာ ၁၈၆၉ခုနှစ်၊ ဩဂုတ်လ ၁၁ရက်နေ့ထုတ် စာစောင်အမှတ် ၁၈၅တွင် ဖော်ပြခဲ့သည်။*

---

# um;vrmup

## *(ဖရက်ဒရစ်အိန်ဂယ်)*

ကားလ်မာ့က်စ်ကို ၁၈၁၈ခုနှစ် မေလ ၅ရက်နေ့၊ ထရီးယားမြို့Trier မှာမွေးဖွားခဲ့ပါတယ်။ သူဟာအဲဒီမှာပဲ ကျောင်းတက်ခဲ့ ပါတယ်။ သူဟာ တရားဥပဒေပညာကို ပထမ ဘွန်းမှာ၊ နောက် ဘာလင်မှာ သင်ကြားခဲ့ပါတယ်။ ဒါပေမဲ့သူဟာ အဘိဓမ္မာပညာကိုပဲ စိတ်ဝင်စားတာမို့ တရားဥပဒေပညာရပ်နဲ့ လမ်းခွဲလိုက်ပါတယ်။ ၁၈၄၁ ကျတော့ သူဟာ နားနားနေနေဆိုတဲ့ သဘောနဲ့ ပညာတတ်များရဲ့ မြို့တော်ကို စွန့်ခွာပြီး ဘွန်းကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်က ပရပ်ရှားနိုင်ငံမှာ ပထမ "ခေတ်သစ်" ဆိုတာ ခေတ်စားနေပါတယ်။ စတုတ္ထမြောက် ဖက်ဒရစ် ဝီလျံဘုရင်က သူဟာသစ္စာရှိတဲ့ အတိုက်အခံကို နှစ်သက်ပါတယ်လို့ ကြေညာထားတာမို့ နယ်ပယ်အသီးသီးမှာ အဲဒီလို အတိုက်အခံတွေ ဖွဲ့စည်းဖို့ လုံးပန်းနေကြပါတယ်။ ဒီလိုနဲ့ ကိုလုံးမြို့မှာ ရိုင်းဒေသသတင်းစာကို ထူထောင်ခဲ့ပါတယ်။ မာ့က်စ်ဟာ ဒီသတင်းစာမှာ ဘယ်တုန်းကမှမတွေ့ခဲ့ရဖူးတဲ့ သတ္တိမျိုးနဲ့ ရိုင်းဒေသလွှတ်တော်ရဲ့ လိမ်ညာမှုတွေကို ဖွင့်ချတိုက်ခိုက်ပါတယ်။ သူ့ဆောင်းပါးတွေကို လူအများက အာရုံစိုက်လာကြပါတယ်။ ၁၈၄၂ ကျတော့ သူကိုယ်တိုင်အယ်ဒီတာ ဖြစ်လာပါတယ်။ ဒီလိုနဲ့ ဆင်ဆာလူကြီးများအဖို့ မျက်စေ့စပါးမွေးစူးစရာ သိပ်ဖြစ်လာပြီး သူတို့ဟာ မာ့က်စ်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ဘာလင်ကနေ ရိုင်းဒေသသတင်းစာကို စောင့်ကြည့်ဖို့အတွက် ဝီလ်ဟမ်စိန်ပေါလ် Wilhelm Saint-Paul ဆိုသူ ဆင်ဆာလူကြီးတဦးကို သီးသန့်စေလွှတ်လိုက်ပါတယ်။ နောက်တော့ ဒါဟာမထိရောက်လို့ ဆင်ဆာနှစ်ထပ်ကွမ်းကို ဖြတ်သန်းရပါတော့တယ်။

အစောင်တိုင်းဟာ ပုံမှန်ဆင်ဆာဌာနကို ဖြတ်သန်းရတဲ့အပြင် ကိုလုံးမြို့က တာဝန်ခံ ကားလ်ဟိန်းရစ်ဗွန်ဂါးလာ့ခ် **Karl Heinrich von Gerlach** ဆီကို ထပ်မံတင်ပြရပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်တာဟာ ရိုင်းဒေသသတင်းစာရဲ့ "ခေါင်းမာတဲ့ ဆန့်ကျင်မှု"ကို ဘယ်လိုမှ မတားဆီးနိုင်လို့ ၁၈၄၃ နှစ်ဦးပိုင်းမှာ ရိုင်းဒေသသတင်းစာကို သုံးလမထုတ်ရလို့ ပိတ်ပင်လိုက်ပါတယ်။ ဒီလိုနဲ့ သတင်းစာရဲ့ ရှယ်ယာဝင်တွေက ပူညံပူညံလုပ်လာတော့ မာ့က်စ်ဟာ ချက်ခြင်းပဲ နုတ်ထွက်လိုက်ပါတယ်။ ဒါပေမဲ့ ဒါဟာ အရာမရောက်ဘဲ သတင်းစာကို ပိတ်လိုက်ရပါတယ်။

မာ့က်စ်ဟာ ရိုင်းဒေသလွှတ်တော်ရဲ့ လိမ်ညာမှုတွေကို တိုက်ခိုက်ရင်းကနေ ရုပ်ဝတ္ထုအကျိုးစီးပွားများနဲ့ပတ်သက်တဲ့ ပြဿနာတွေကို လေ့လာရပါတော့တယ်။ ဒီလိုလေ့လာရင်းကနေ သူဟာ တရားဥပဒေဘာသာရပ်ကရော အဘိဓမ္မာဘာသာရပ်ကပါ ဥပက္ခာပြုထားတဲ့ အချက်တွေကို ရင်ဆိုင်ကြုံတွေ့လာရပါတယ်။ ဟီဂယ်လ် **(Hegel)** ရဲ့တရားဥပဒေဘာသာရပ်ဆိုင်ရာ အဘိဓမ္မာကနေ အစချီခဲ့တဲ့ မာ့က်စ်ဟာ လူသားတွေရဲ့ သမိုင်းဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်ကို နားလည်ဖို့ဆိုရင် စူးစမ်းလေ့လာရမယ့် နယ်ပယ်ဟာ ဟီဂယ်ပြောတဲ့ အဆောက်အအုံရဲ့ ထိပ်ဆုံးပိုင်းဖြစ်တဲ့အစိုးရ မဟုတ်ဘူး၊ ဟီဂယ်အထင်သေးတဲ့ "လူ့အဖွဲ့အစည်း" ဆိုတာထဲမှာ ရှာဖွေရမယ့်အကြောင်း သဘောပေါက်လာပါတယ်။ ဒါပေမဲ့ လူ့အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့ သိပ္ပံပညာဟာ နိုင်ငံရေး ဘောဂဗေဒဖြစ်ပြီး ဒီသိပ္ပံပညာရပ်ကို ဂျာမဏီနိုင်ငံမှာ လေ့လာလို့ မရပါဘူး။ အင်္ဂလန်၊ ဒါမှမဟုတ် ပြင်သစ်နိုင်ငံမှာသာ သေသေချာချာ လေ့လာဆည်းပူးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် သူဟာ ထရီးယားမြို့ နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌ ဗွန်ဝက်စ်ဖာလင်း **Von Westphalen** ရဲ့သမီး (သူ့အကိုဟာ နောင်မှာ ပရပ်ရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဖြစ်လာတယ်) နဲ့ ၁၈၄၃ခု နွေရာသီမှာ လက်ထပ်ပြီးနောက် ပြင်သစ်နိုင်ငံ ပါရီကို ပြောင်းလာခဲ့ပါတယ်။ သူဟာ အဲဒီမှာ အဓိကအားဖြင့် နိုင်ငံရေးဘောဂဗေဒနဲ့ ပြင်သစ်တော်လှန်ရေးကြီးရဲ့ သမိုင်းတို့ကို စူးစူးစိုက်စိုက် လေ့လာ ပါတယ်။ တချိန်တည်းမှာ သူဟာ ရုဂျ် **Ruge** နဲ့ပေါင်းပြီး ဂျာမန်ပြင်သစ် သတင်းမှတ်တမ်း (**Deutsch-FranzÖsische JahbrÜcher**) ကို ထုတ်ဝေခဲ့ပါတယ်။ ဒါပေမဲ့ တစောင်ပဲ ထွက်နိုင်ခဲ့ပါတယ်။ ၁၈၄၅ မှာ သူ့ကို ဂွေဇိုး **Guizot** အစိုးရက နှင်ထုတ်လိုက်တဲ့အတွက် ပြင်သစ်နိုင်ငံကနေ ဘယ်ဂျီယံနိုင်ငံမှာ ပြောင်းနေခဲ့ပါတယ်။ အဲဒီမှာ ဖေဖော်ဝါရီ တော်လှန်ရေး ပေါ်ပေါက်တဲ့ အချိန်အထိနေပြီး မူလလေ့လာနေတဲ့ ဘာသာရပ်တွေကိုပဲ ဆက်ပြီး လေ့လာပါတယ်။ ပရိုဒွန်ရဲ့ နာမည်ကျော် မွဲတေမှုအဘိဓမ္မာ (*Philosophie de la misere*) ကို ဝေဖန်တဲ့ အဘိဓမ္မာမွဲတေမှု (*Poverty of Philosophie)* ဆိုတဲ့ကျမ်းကို သူက ၁၈၄၇မှာ၊ ဘရပ်ဆဲလ်မှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ သူ့ရဲ့ ဒီရေးသားချက်တွေကို ကြည့်ရင် သူ့အနေနဲ့ အဲဒီ ကာလမှာ အသိပညာကြွယ်ပါတယ်ဆိုတဲ့အများ လက်ခံထားကြတဲ့ ဆိုရှယ်လစ်ဝါဒကို သူ့အနေနဲ့ နည်းနည်းလေးသာ လက်ခံကြောင်း တွေ့မြင်နိုင်ပါတယ်။ သူ့ရဲ့ ဒီကျမ်းထဲမှာ အခုကွန်မြူနစ်ပါတီ ကြေညာစာတမ်း မှာ အသေးစိတ် တင်ပြထားတဲ့ အဓိကအချက်တွေ ပါနေတာကို တွေ့ရပါ လိမ့်မယ်။ ဖေဖော်ဝါရီတော်လှန်ရေးမတိုင်မီ ၁၈၄၈ခုနှစ်၊ လန်ဒန်မှာ ထုတ်ဝေခဲ့ပြီး လန်ဒန်အလုပ်သမားကွန်ဂရက်ကနေ အတည်ပြုခဲ့ပါတယ်။ ဒီကျမ်းကို ပြုစုရာမှာ မာ့က်စ်ဟာ အဓိကအခန်းက ပါခဲ့တာပါ။

ဖေဖော်ဝါရီတော်လှန်ရေးကြောင့်မို့ တုန်လှုပ်နေတဲ့ ဘယ်လ်ဂျီယံအစိုးရဟာ မာ့က်စ်ကို နှင်ထုတ်လိုက်တော့ မာ့က်စ်ဟာ ပြင်သစ်ယာယီအစိုးရရဲ့ ဖိတ်ကြားချက်အရ ပဲရစ်ကို ပြောင်းနေပါတယ်။ တော်လှန်ရေးရဲ့ ဒီလှိုင်းတွေကြောင့် သူဟာ လေ့လာရေးကို ဘေးချိတ်လိုက်ရပြန်ပါတယ်။ အခုအခါမှာ အရေးကြီးတာဟာ လှုပ်ရှားမှုထဲမှာ ပါနေဖို့ပါ။ အဲဒီအစောပိုင်းမှန်တိုင်းထန်နေတဲ့ ကာလတွေအတွင်း ဂျာမဏီမှာ သမ္မတနိုင်ငံတရပ်ထူထောင်ရေးအတွက် ပြင်သစ်မှာရောက်နေတဲ့ ဂျာမန်အလုပ်သမားတွေကို အပျော်တမ်းတပ်သားအဖြစ် ပါဝင်ဖို့ လှုံ့ဆော်တဲ့ အဓိပ္ပာယ်မဲ့တဲ့ အယူအဆတွေကို ဆန့်ကျင်တိုက်ပွဲဝင်ပြီးတဲ့နောက်သူဟာ ကိုလုံးမြို့ကိုသွားပြီး ရိုင်းဒေသ သတင်းစာသစ် **Neue Reinische Zeitung** ကို ထူထောင်ကြပါတယ်။ အဲဒီသတင်းစာဟာ ၁၈၄၉၊ ဇွန်လအထိ ထုတ်ဝေနိုင်ခဲ့ပြီး လူတွေက ယနေ့အထိ မှတ်မိနေကြပါတယ်။ ခိုင်မာတဲ့ပရပ်ရှားအစိုးရအဆောက်အအုံကြီး ရှိနေတဲ့အတွက် ၁၈၄၈ မှာ သတင်းစာလွတ်လပ်ခွင့်ကို ဘယ်လိုမှ အပြည့်အဝမခံစားနိုင်ပါဘူး။ မာ့က်စ်ကို သတင်းစာဥပဒေ ချိုးဖောက်မှုနဲ့ တကြိမ်၊ လူတွေကို အခွန်မဆောင်ဖို့ လှုံ့ဆော်မှုနဲ့တကြိမ် ရုံးတင်ခဲ့ပြီး နှစ်ကြိမ်စလုံးမှာ ပြန်လွှတ်ပေးခဲ့ရပါတယ်။ နောက်ဆုံး ၁၈၄၉ မှာ မာ့က်စ်ဟာ ဂျာမဏီနိုင်ငံသားမဟုတ်တော့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံကထွက်ခွာသွားစေတော့မှ သတင်းစာကို ပိတ်လိုက်ရပါတယ်။ တခြားအယ်ဒီတာတွေကိုလဲ အလားတူ အကြောင်းပြချက်နဲ့ပဲ နှင်ထုတ်ခဲ့ပါတယ်။ ဒီလိုနဲ့ မာ့က်စ်ဟာ ပဲရစ်ကိုပြန်လာခဲ့ပြီး သူဟာ အဲဒီက တဖန်နှင်ထုတ်တာ ခံရပြန်ပါတယ်။ ၁၈၄၉ နွေရာသီ (၁၈၄၉ ဩဂုတ်လ ၂၆ လောက်) မှာ သူဟာအခုသူ နေထိုင်ရာ လန်ဒန်ကို သွားရောက်ခဲ့ပါတယ်။

အဲဒီကာလတုန်းက လန်ဒန်မှာ ဥရောပတတိုက်လုံးက ခိုလှုံသူအညွန့်အဖူးတွေ

*"မာ့က်စ်ရဲ့ ဂုဏ်ပုဒ်တွေထဲမှာ အရေးကြီးဆုံးက တော်လှန်ရေးဝါဒီ ဆိုတာပဲ။ သူ့ဘဝရဲ့ အဓိကတာဝန်က အရင်းရှင်လူ့အဖွဲ့ အစည်းနဲ့ အဲဒီအဖွဲ့အစည်းကို တည်ရှိစေတဲ့ နိုင်ငံတော်အဆောက်အအုံတို့ကို တနည်း မဟုတ်တနည်းနဲ့ တွန်းလှန်ရေး၊ ခေတ်သစ်ပစ္စည်းမဲ့လူတန်းစားကို လွတ်မြောက်စေရေးတို့ ဖြစ်တယ်။————တိုက်ပွဲဝင်တာဟာ သူ့အရည် အသွေးပဲ။ သူဟာ တိုက်ပွဲဝင်တာမှ ရှာမှရှားတဲ့ စိတ်အား ထက်သန်မှု၊ ဇွဲရှိမှု၊ အောင်ပွဲခံလိုမှုတွေနဲ့ တိုက်ပွဲဝင်တာပါ။ "*

(၁၈၈၃၊ မတ်လ ၁၇ရက်၊ လန်ဒန်ဟိုင်းဂိတ် သုဿန်မှာ မာ့က်စ်ကို မြှုပ်နှံတော့ **ဖရက်ဒရစ်အိန်ဂယ်** ပြောကြားတဲ့ မိန့်ခွန်းထဲက ကောက်နုတ်ချက်)

အားလုံးလာစုနေတယ်လို့ ဆိုရမှာပါ။ အဲဒီမှာ တော်လှန်ရေးကော်မတီ အမျိုးစုံကို ထူထောင်ကြပါတယ်။ ညွန့်ပေါင်းတွေ၊ အဝေးရောက်အစိုးရတွေ၊ ငြင်းခုံတာတွေ၊ ရန်ဖြစ်တာတွေ၊ စုံလို့ပါပဲ။ အမှန်ပဲ၊ အဲဒီတုန်းက ပါဝင်ခဲ့တဲ့ လူကြီးမင်းတွေဟာ အဲဒီကာလကို ကိုယ့်ဘဝမှာ မအောင်မြင်ဆုံးကာလတွေလို့ ပြန်ရှုမြင်ကြမှာပါ။ ဒါပေမဲ့ မာ့က်စ်ကတော့ သူတို့နဲ့ ကင်းအောင်နေပါတယ်။ သူဟာ ရိုင်းဒေသ သတင်းစာသစ်ကို လစဉ်စာစောင်အဖြစ် ကာလတိုတခု (ဟမ်းဘက်၊ ၁၈၅၀) ဆက်ထုတ်ခဲ့ပါတယ်။ အဲဒီနောက်တော့ သူဟာ ဗြိတိသျှပြတိုက်ကြီးထဲကို ဝင်ခိုလှုံလိုက်ပါတယ်။ လေ့လာစရာ အင်မတန်များပြားပြီး အများစု မလှန်လှောရသေးတဲ့ ဒီပြတိုက်ထဲမှာ နိုင်ငံရေးဘောဂဗေဒနဲ့ ပတ်သက်တာ မှန်သမျှကို သူဟာ ရှာဖွေလေ့လာပါတော့တယ်။ တချိန်ထဲမှာ သူဟာ နာမည်ကျော် အင်္ဂလိပ်အမေရိကန် သတင်းစာကြီးဖြစ်တဲ့ နယူးယောက်ဟယ်ရယ်ထရီဗြွန်း New York Herald Tribune မှာ ပုံမှန်ရေးသားပါတယ်။ အမေရိကန်ပြည်တွင်းစစ်ဖြစ်တဲ့အထိ သူဟာ ဥရောပနိုင်ငံရေး အယ်ဒီတာလို့ ဆိုနိုင်ပါတယ်။

ဒီဇင်ဘာ ၂ရက် အာဏာသိမ်းပွဲကြောင့် သူဟာ ဘရီမဲ* ၁၈ ရက်နေ့ (Eighteenth Brumaire) စာတမ်းကို ရေးခဲ့ပါတယ်။ ၁၈၅၂ခု၊ နယူးယောက်မှာ ထုတ်ဝေခဲ့ပြီး အခုတခါ ဟမ်းဘက်မှာ ပြန်ပုံနှိပ်နေပါတယ်။ ဒီစာတန်းကိုဖတ်ရင် ဘိုနာပတ်ဆိုက်ရောက်ရတဲ့ မရှုနိုင်မရှိုက်နိုင် အနေအထားကို သဘောပေါက်လာပါလိမ့်မယ်။ ဒီအာဏာသိမ်းမှုရဲ့ သူရဲကောင်းကြီးကို သူ့အပါးမှာ ယာယီတည်ရှိနေတဲ့ ဂုဏ်သိမ်တွေ မပါဘဲ သူ့အရှိအတိုင်း ဖော်ပြထားပါတယ်။ တတိယမြောက် နပိုလီယန်ကို ဒီရာစုရဲ့ အကြီးမြတ်ဆုံး ပုဂ္ဂိုလ်ကြီးလို့ ထင်နေပြီး ဒီအံ့ဩဖွယ်ရာ ပါရမီရှင်ကြီးဟာ အမှားတွေ တခုပြီးတခု ဘယ်လိုများ ဖြုန်းစားကြီး ပြုလုပ်ခဲ့ပါလိမ့်လို့ နားမလည်နိုင်ဖြစ်နေတဲ့ နလပိန်းတုံး တယောက်အနေနဲ့ အထက်ပါကျမ်းကို ဖတ်ရင် သဘောပေါက်သွားမှာပါ။

မာ့က်စ်အနေနဲ့ လန်ဒန်မှာ နေစဉ်ကာလအတွင်း ရှေ့တန်းကိုမထွက်ဖို့ ရည်ရွယ်ထားပေမယ့် ၁၈၅၉ အီတလီအရေးမှာ သူဟာ ကားလ်ဗော့ Karl Vogt ကြောင့် အငြင်းအခုံတခုထဲမှာ ဝင်ပါလာရတယ်။ ဒီလိုနဲ့ မစ္စတာဗော့ (လန်ဒန်၊ ၁၈၆၀) ဆိုတဲ့ စာတမ်း ထွက်ပေါ်လာခဲ့ပါတယ်။ တချိန်ထဲလောက်မှာပဲ နိုင်ငံရေးဘောဂဗေဒပညာ လေ့လာမှုရဲ့ အသီးအပွင့်တွေကို တွေ့မြင်လာရတယ်။ အဲဒါက ၁၈၅၉ မှာ ဘာလင်က ထုတ်ဝေတဲ့ နိုင်ငံရေးဘောဂဗေဒပညာ ဝေဖန်ချက်အကြောင်း ရေးသားချက် (အတွဲ–၁) ဖြစ်ပါတယ်။ ဒီအတွဲထဲမှာ အသပြာနဲ့ပတ်သက်တဲ့ သဘောတရားကို လုံးဝအသစ်ဖြစ်တဲ့ အမြင်တွေနဲ့ တင်ပြထားပါတယ်။ ဒီကနေ နောက်ဆက်တွဲတွေ ဆက်လာတော့မှာ ဖြစ်ပါတယ်။ အကြောင်းက စာရေးသူဟာ ဒီကာလအတွင်းမှာ အသစ်တွေ အများကြီး တွေ့လာရပြီး နောက်ထပ် ဆက်လေ့လာသင့်တယ်လို့ ယူဆခဲ့လို့ပါပဲ။

နောက်ဆုံး ၁၈၆၇ခု၊ ဟမ်းဘက်မှာ အရင်း – နိုင်ငံရေးဘောဂဗေဒပညာ ဝေဖန်ချက်အကြောင်း ရေးသားချက်(အတွဲ – ၁) ထွက်လာခဲ့ပါတယ်။ ဒီကျမ်းမှာ သူ့ဘဝတခုလုံး ပုံပြီး လေ့လာထားတာတွေ ပါရှိပါတယ်။ ဒါဟာ အလုပ်သမားလူတန်းစားရဲ့ နိုင်ငံရေး ဘောဂဗေဒပညာဖြစ်ပြီး သိပ္ပံနည်းကျ တရားတွေ ဖော်ထုတ်ထားတာ ဖြစ်ပါတယ်။ ဒီကျမ်းထဲမှာ နိုင်ငံရေးအမြတ်ထုတ်တဲ့ လေကြီးမိုးကြီး စကားတွေ မပါဘဲ သိပ္ပံနည်းကျ တရားဖော်ထုတ်မှုတွေသာ ပါပါတယ်။ လူတယောက်အနေနဲ့ ဆိုရှယ်လစ်ဝါဒအပေါ် ဘယ်လို သဘောထားပဲရှိရှိ၊ ဒီကျမ်းဟာ ဆိုရှယ်လစ်ဝါဒကို ပထမဆုံးအကြိမ် သိပ္ပံနည်းကျ တင်ပြထားတယ်၊ ဒါဟာ ဂျာမဏီနိုင်ငံရဲ့ အောင်မြင်မှုဖြစ်တယ် ဆိုတာတို့ကို အသိအမှတ်ပြုရမှာပါ။ ဆိုရှယ်လစ်ဝါဒနဲ့ဆက်ပြီး စစ်ပြုလိုနေသူတိုင်း မာ့က်စ်နဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ တကယ်လို့ အဲဒီလူဟာ အနိုင်ရတယ်ဆိုရင် ကျန်တဲ့လူတွေဟာ စာမဖွဲ့လောက်တော့ပါဘူး။

မာ့က်စ်ရဲ့စာအုပ် စိတ်ဝင်စားစရာကောင်းရတဲ့ တခြားအကြောင်းရင်းတရပ် ရှိပါသေးတယ်။ ဒါကတော့ အရင်းနဲ့လုပ်အားအကြားက တကယ့်ဆက်သွယ်ပုံကို အင်္ဂလန်က စံတော်ဝင်ပုံစံအတိုင်း အပြည့်အစုံနဲ့ အရှင်းလင်းဆုံး အသေးစိတ် တင်ပြထားတာပါပဲ။ ပါလီမန်က စုံစမ်းလေ့လာမှုတွေက ကုန်ကြမ်းအမြောက်အမြား ရရှိစေခဲ့ပါတယ်။ အနှစ်လေးဆယ်စာရှိတဲ့ ဒီအချက်တွေကို အင်္ဂလန်မှာတောင်မှ ဘယ်သူမှ သိကြတာ မဟုတ်ပါဘူး။ ဒီကုန်ကြမ်းတွေထဲမှာ စက်မှုလုပ်ငန်းအားလုံးလိုလိုက အလုပ်သမားတွေရဲ့ အခြေအနေတွေ၊ အမျိုးသမီးအလုပ်သမား၊ ကလေးအလုပ်သမား၊ ညဆိုင်းအလုပ် စတာတွေပါရှိပြီး ပထမဦးဆုံး ဖော်ထုတ်လာတာ ဖြစ်ပါတယ်။ နောက်ပြီး အင်္ဂလန်နိုင်ငံက စက်ရုံဥပဒေပြုမှု အကြောင်းလဲ ပါပါတယ်။ ၁၈၀၂ မှာ လျှော့လျှော့ပေါ့ပေါ့ သတ်မှတ်ခဲ့တဲ့ ဥပဒေတွေဟာ အခုဆိုရင် အမျိုးသမီးတွေနဲ့ ၁၈ နှစ်အောက် ကလေးတွေအတွက် တပတ်အလုပ်ချိန် နာရီ ၆၀၊ ၁၃ နှစ်အောက် ကလေးတွေ အတွက် တပတ် ၃၉ နာရီလို့ သတ်မှတ်တဲ့ အဆင့်ကို ရောက်လာပါပြီ။ ဒီရှုဒေါင့်က ကြည့်ရင်ကိုပဲ ဒီစာအုပ်ဟာ စက်မှုလုပ်ငန်းရှင်တိုင်းအတွက် စိတ်ဝင်စားစရာ ကောင်းလှပါပြီ။

ဂျာမန်စာရေးဆရာများရဲ့ နှစ်ပေါင်းများစွာ ပုတ်ခတ်တိုက်ခိုက်ခြင်းကို မာ့က်စ်တယောက် ခံခဲ့ရပါတယ်။ အဲဒီတိုက်ခိုက်မှုတွေကို သူဟာ မတွန့်မဆုတ် ပြန်လည်တိုက်ခိုက်ပြီး သူ့တိုက်ခိုက်ချက်တွေဟာ အချက်လဲကျ၊ ပြင်းလဲပြင်းထန်လှတယ်ဆိုတာ ဘယ်သူမှ ငြင်းမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူဒါလောက် “ဝင်ပါခဲ့”တဲ့ ကွဲလွဲမှုတွေဟာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက်သာ ဖြစ်ပါတယ်။ နောက်ဆုံးချုပ်လိုက်ရင် သူတကယ်စိတ်ဝင်စားတာဟာ သူနှစ်ဆယ့်ငါးနှစ်လုံးလုံး သူမတူတဲ့ အလေးထားမှုနဲ့ လေ့လာဖော်ထုတ်နေတဲ့ သိပ္ပံပညာသာ ဖြစ်ပါတယ်။ သူ့အလေးထားလိုက်ပုံကတော့ သူဟာ သူ့တွေ့ရှိချက်တရပ်ကို အကြောင်းအရာအရရော၊ ပုံသဏ္ဍာန်အရပါ ကျေနပ်အားရမှ၊ တခြားထပ်ဖတ်စရာ မလိုတော့ဘူး ထင်တော့မှ၊ ဝိဝါဒကွဲစရာ မကျန်တော့ဘူးထင်တော့မှ၊ ဘက်စုံကို ထည့်သွင်းစဉ်းစားပြီးကြောင်း သေချာတော့မှ လူထဲမှာ တင်ပြတာပါ။ သူများနောက်က လိုက်ချင်သူ

---

* ဘရီမဲဆိုတာ ပြင်သစ်တော်လှန်ရေးပက္ခဒိန်ရဲ့ ဒုတိယလ ဖြစ်ပါတယ်။ ဘရူးမဲ ၁၈ရက်နေ့ဆိုတာ နပိုလီယန်က အာဏာသိမ်းတဲ့ ၁၇၉၉၊ နိုဝင်ဘာ ၉ ရက်နေ့ ဖြစ်ပါတယ်။

တွေသာ ပေါ်များနေတဲ့ ဒီနေ့လိုကာလမှာ ကိုယ့်ဘာသာ တွေးခေါ်တဲ့ပညာရှင်တွေ အင်မတန်ရှားပါတယ်။ လူတယောက်ဟာ ကိုယ့်ဘာသာ တွေးခေါ်ရုံမက၊ သူလေ့လာတဲ့ အကြောင်းအရာမှာ တုနှိုင်းမရအောင် ဖော်ထုတ်နိုင်တယ်ဆိုရင် သူ့ကိုနှစ်ခါပြန် ဂုဏ်ပြုထိုက်ပါတယ်။

အားလုံးမျှော်လင့်ထားတဲ့ အတိုင်းပဲ မာ့က်စ်ဟာ လေ့လာရေးနဲ့ အလုပ်များရုံမက အလုပ်သမားလှုပ်ရှားမှုတွေအတွက်လဲ အလုပ်များ နေတတ်ပါတယ်။ သူဟာ အခုတလော လူတွေအလွန် အာရုံစိုက်တဲ့၊ ဥရောပက တနေရာမကတဲ့ အရပ်တွေမှာ အသိအမှတ်မပြုလို့ မရတဲ့ အင်အားတရပ် ဖြစ်လာနေတဲ့ နိုင်ငံတကာ အလုပ်သမားအစည်းအရုံး (International Working Men's Association) ကို တည်ထောင်သူ တဦးပါပဲ။ ဒီဘက်မှာ၊ အနည်းဆုံး အလုပ်သမားလှုပ်ရှားမှုဘက်မှာ၊ ဂျာမန်တွေရဲ့ သမိုင်းတခေတ် ထူထောင်တဲ့ အစည်းအရုံးဟာ မာ့က်စ်ရဲ့ ကျေးဇူးကြောင့် ထိုက်သင့်စွာ အရှိန်သြဇာ ကြီးမားနေတာလို့ ကျနော်တို့ ယုံကြည်ပါတယ်။



ရှိုင်းဒေသ သတင်းစာသစ်

**ဖရက်ဒရစ်အိန်ဂယ်**

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

*ကျွန်တော်ဟာ ကျွန်တော့်ရဲ့ မမေ့နိုင်တဲ့ဆရာနဲ့ သစ္စာရှိမိတ်ဆွေအပေါ်*

*ချစ်မြတ်နိုးမှုနဲ့ ကျေးဇူးတင်ရှိကြောင်း ဖော်ပြဖို့အတွက်*

*ဂျာမဏီနိုင်ငံ အလယ်ကောင်ကနေ လာခဲ့တာ ဖြစ်ပါတယ်။*

*ကျွန်တော့်သစ္စာအရှိဆုံး မိတ်ဆွေကြီးရေ။ သူ့ရဲ့ အကောင်းဆုံးမိတ်ဆွေက*

*ခုတင်ကပဲ မာ့က်စ်ဟာ ဒီရာစုနှစ်မှာ အမုန်းခံရဆုံးပုဂ္ဂိုလ်လို့*

*ပြောခဲ့ပါတယ်။ ဒါဟာအမှန်ပါပဲ၊ သူဟာအမုန်းခံရဆုံးလူတယောက်ပါ။*

*ဒါပေမဲ့ သူဟာအချစ်မြတ်နိုးအခံရဆုံးလဲ ဖြစ်ပါတယ်။ ပြည်သူတွေကို ဖိနှိပ်သူ၊ သွေးစုပ်သူတွေက အမုန်းဆုံးဖြစ်ပြီး*

*အဖိနှိပ်ခံ၊ သွေးစုပ်ခံတွေက အချစ်မြတ်နိုးဆုံး ဖြစ်ပါတယ်။ သူတို့ကချစ်မြတ်နိုးတဲ့ အကြောင်းရင်းဟာ မာ့က်စ်ကလဲသူတို့ကို*

*ချစ်မြတ်နိုးလို့ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ပူဆွေးနေရတဲ့ကွယ်လွန်သူဟာ မေတ္တာတရားကြီးမားသလို အမုန်းတရားလဲ ကြီးမားပါတယ်။*

*သူ့အမုန်းဟာ မေတ္တာမှာ အခြေပြုပါတယ်။ သူ့မှာကြီးမားတဲ့ အသဲနှလုံးရှိသလို ကြီးမားတဲ့ဦးနှောက်လဲရှိပါတယ်။*

*သူ့အကြောင်းသိသူတိုင်း ဒါကိုသိပါတယ်။*

*ကျွန်တော်အခု ဒီကိုလာတာဟာ သူ့မိတ်ဆွေတယောက်၊ တပည့်တယောက်အနေနဲ့သာ မဟုတ်ပါဘူး။*

*ဂျာမဏီဆိုရှယ်ဒီမိုကရက်ပါတီရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့လာတာလဲ ဖြစ်ပါတယ်။ သူတို့က ကျွန်တော့်ကို သူတို့ရဲ့**ဆရာ**လဲဖြစ်*

*ကျွန်တော်တို့ပါတီကို **ဖန်ဆင်းသူ**လဲဖြစ်တဲ့လူအတွက် သူတို့ရဲ့ခံစားချက်တွေကို ဖော်ပြဖို့ စေလွှတ်လိုက်တာ ဖြစ်ပါတယ်။”*

**ဝီလ်ဟမ် လစ်ဘနက်** Wilhem Liebknecht **(၁၈၂၆ – ၁၉၀၀)**

**ဂျာမဏီအလုပ်သမားလှုပ်ရှားမှု ခေါင်းဆောင်**

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

# “ကျိန်စာသင့်နေသည့် ဗမာပြည်”

## စာအုပ်အပေါ် မှတ်ချက်

ရေးသူမှာ ရှယ်လ်ဘီတပ်ကာ (Shellby Tucker )၊ ပလူတို (Pluto) တိုက် လန်ဒန်မှ ထုတ်သည်။

(၁)

ဤစာအုပ်ရေးသူက ‘ကျိန်စာသင့်’ သည်ဟု သုံးသော်လည်း တကယ်က ကျိန်စာ တိုက်လိုက်ခြင်း ဖြစ်သည်။

ဗမာပြည်မှာ လက်ရှိအတိုင်း ၂၁ ရာစုတွင် ရပ်တည်၍ မဖြစ် အကောင်းဘက် (သို့မဟုတ်) အဆိုးဘက် တခုခုသို့ မုချပြောင်း ရတော့မည့်ကာလ ဖြစ်သည်။ အချိန်ကိုက် ‘ကျိန်စာတိုက်’ လိုက်ခြင်း ဖြစ်၏။

(၂)

စွန့်စွန့်စားစား ခရီးသွားကာ စာတအုပ် နှစ်အုပ် (သူရေးတာ ဒါပါနဲ့ဆို ၃ အုပ်ရှိပြီ) ရေးပြီး “ဗမာပြည်အရေး ကျွမ်းကျင်သူ” အဖြစ်ခံယူသော လမ်းကြောင်းအတိုင်း လိုက်သူထဲတွင် သူက နောက်ဆုံး (ယခုအထိ နောက်ဆုံး) ဖြစ်သည်။ နောင်လည်း ဗမာပြည်၏ နိုင်ငံရေး၊ စစ်ရေးအခြေအနေ တင်းမာလာလျှင် လာကြပါလိမ့်ဦးမည်။ ရေးကြပါလိမ့်ဦးမည်။

သူတို့ရေးတာ အရေးမကြီးပါ၊ သူတို့ ‘လွတ်လပ်ခွင့်’ဖြစ်သည်။ သို့သော် သူတို့စာအုပ်များက နိုင်ငံရေး၊ စစ်ရေး အတွေ့အကြုံ နုနယ်သူများကို “ဖမ်းစား” နိုင်သည်။ ခွဲရေးနှင့် သီးခြားတိုင်းပြည်ထောင်ရေးကို မြှောက်ပေးနိုင်သည်။ ထို့ကြောင့် မှတ်ချက် ရေးပါသည်။

(၃)

အနောက်တိုင်းသား ‘ဗမာ့အရေး ကျွမ်းကျင်သူ’ နာမည်ခံသူတွေထဲမှာ (ဗကပ) သို့ ရောက်ဖူးသူ နည်းသည်။

မှတ်မိသမျှဆိုလျှင် (၂) ယောက်သာ ရှိသည်။ မဟာမိတ် KIO မျက်နှာကြောင့် တရားဝင် ရောက်လာသော ‘ဘာတီး လင့်တနာ’ နှင့် ဤစာအုပ်ရေးသူ ‘တပ်ကာ’ ပဲ ရှိသည်။ လင့်တနာက ‘ပန်ဆန်း’ ရောက်သည်။ ‘တပ်ကာ’က ‘မုန်းကို’ ရောက်သည်။

‘ဗကပ’အကြောင်း “အတွင်းသိ” များအဖြစ် ‘သူတို့အသိုင်းအဝိုင်း’ အတွင်း အမှတ်ယူလိုကြသည်။ ထို့ကြောင့် ‘တပ်ကာ’ က မုန်းကိုတွင် ‘ဗိုလ်ချုပ်ကြီး’ အောင်ကြီး (ရဲဘော်အုန်းကြည်ကို မှားရေးခြင်း ဖြစ်သည်။) ‘ဗိုလ်ချုပ်ကြီး’ ကြည်မြင့်၊ ဗိုလ်မှူးကြီး ကောင်းလျှံတို့နှင့် တွေ့ရသည်ဟု ရေးသည်။ ဗကပ ဗဟိုဌာနက္ကဌ သခင်ဗသိန်းတင်နှင့် တွေ့ခဲ့သည့် ‘လင့်တနာ’ လို သူလည်း ‘ဗိုလ်ချုပ်ကြီး’ များနှင့် တွေ့ခဲ့သူ ဖြစ်သည်။ သူလည်း ‘ဗကပ အကြောင်း အတွင်းသိ’ ဟု ဆိုချင်ဟန်ရှိသည်။

အခန်း (၁) တွင် ဒီလိုရေးထားမှ နောက်ပိုင်းရေးသားချက်များ ခိုင်လုံမှုရှိမည်ဟု ထင်ဟန်ရှိသည်။

(၄)

သူက အင်္ဂလိပ်နယ်ချဲ့ဝါဒအတွက် ရှေ့နေလိုက်ပေးသည်။ ဗမာပြည်ကို သိမ်းခြင်းသည် ကြိုတင်စီမံထားသည့် စီမံကိန်းအရ သိမ်းခြင်းမဟုတ် အိန္ဒိယအုပ်ချုပ်ရေးကို သဘာဝကျကျ တိုးချဲ့ရခြင်းသာ ဖြစ်သည်ဟု ဆိုသည်။ organic extension ဟု သုံးသည်။

တရုတ်ပြည်ကြီးနှင့် အိန္ဒိယပြည်ကြီး (၂) ပြည်အကြားတွင် နေရသည့် ဗမာပြည်သည် ဒါကိုပဲ စိုးရိမ်ခြင်း ဖြစ်သည်။ ၂၀ ရာစုတုန်းက အင်္ဂလိပ်က “သဘာဝကျကျ တိုးချဲ့လိုက်” ဂျပန်က “သဘာဝကျကျ တိုးချဲ့လိုက်” လုပ်တာ ခံရပြီးပြီ။ ‘၂၁’ ရာစုတွင် ဒီအဖြစ်မျိုး မကြုံချင်တော့ပါ။

(၅)

‘တပ်ကာ’က ဗိုလ်အောင်ဆန်းကို ဦးတည်၍ တိုက်သည်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၈၄ ခုနှစ်က ရေးခဲ့သည့် သူ့အဖေအကြောင်း စာတမ်းကလေး (တက္ကသိုလ် တခုတွင် တင်သည့်စာတမ်း) ကိုပင် အသုံးချ၍ အပုပ်ချသည်။

သူ့အဖေအကြောင်း ဒေါ်အောင်ဆန်းစုကြည်ရေးတာက သူ့အဖေသည် ငယ်စဉ် ကျောင်းသားကလေးဘဝက သာသနာ့ဘောင် ဝင်လိုစိတ် ရှိခဲ့သည်။ ဦးလောကနာထ (အီတာလျံကမ္ဘာလှည့် သာသနာပြု ဘုန်းတော်ကြီး) နောက်လိုက်သွားရန် အမေ့ထံ ခွင့်တောင်းသည်၊ အမေက ခွင့်မပြု၍ မလိုက်ရ။ တက္ကသိုလ် ကျောင်းသားကြီး ဖြစ်တော့လည်း သာသနာရေးကို စိတ်မကုန်ဟုရေးခဲ့သည်။ မမှားပါ ထိုခေတ်က လူငယ်တိုင်း၏ စိတ်သဘာဝမှာ ထိုအတိုင်း ဖြစ်သည်။ ဆရာတော်ဦးဥတ္တမ မျိုးစေ့ချပေးခဲ့သော ဝံသာနုစိတ် ရှိကြသည်။ အမျိုးဘာသာ သာသနာအတွက် တခုခု လုပ်ချင်ကြသည်။

ဒါကို ‘တပ်ကာ’ က လိုရာဆွဲ ကောက်ချက်ချလိုက်သည်။ ဦးနုနှင့်အတူ ၁၉၃၆ ကျောင်းသားသပိတ်တွင် နိုင်ငံကျော် လူဆိုးများ (national notoriety) ဖြစ်သွား၍ နိုင်ငံရေးထဲ ခြေစုံပစ်ဝင်သွားခြင်းဟု ရေးသည်။ ဦးနု၏ ‘တာတေ စနေသား’ ဖတ်ပြီး ဒီစိတ်ကူးရတာ ဖြစ်မည်။

စာအုပ်နာမည်က ‘ကျိန်စာသင့်သည့် ဗမာပြည်’ ဆိုတော့ မောင်အောင်ဆန်းကိုအောင်ဆန်း သာသနာ့ဘောင် မဝင်ဖြစ်ဘဲ

နိုင်ငံရေးထဲရောက် သခင်အောင်ဆန်း ဖြစ်သွားတာ ‘ပထမဆုံး ကျိန်စာသင့်’ ခြင်းဟု သူပြောလိုပုံ ရသည်။

ဗကပ အထွေထွေ အတွင်းရေးမှူး BIA တည်ထောင်သူ BDA - PBF ဗိုလ်ချုပ်အောင်ဆန်းဖြစ်သွားတာတွေက နောက်ဆက်တွဲ ကျိန်စာသင့်ခြင်းများဟု သူထင်သည်။

နယ်ချဲ့ဆန့်ကျင်ရေး လုပ်သူတိုင်းက လူဆိုးများဖြစ်ပြီး အင်္ဂလိပ်နောက် လိုက်သူတိုင်းက လူကောင်းချည်းဟု ရေးသည်။ မြစ်ဝကျွန်းပေါ် ကရင်ဗမာ အဓိကရုဏ်းတွင် ဗမာတွေ မှန်တွေဘက်က ဗုဒ္ဓဘာသာတွေဘက်က လွန်တာဟု ရေးသည်။ ကရင်တွေ စိတ်နာအောင် အသေးစိတ်ရေးသည်။

သူ့အရေးအသားတွင် ရိန်းဂျား (Ranger) တိုင်း လဲဗီး (Levies)တိုင်းက လူကောင်း။ BIA. BDA. PBF. တိုင်းက လူဆိုးအဖြစ် ရေးသည်။

တနေရာတွင် ဗမာပြည် မြောက်ဖျားတွင် (ခရစ်ယာန်) ကချင်တွေ နေထိုင်ကြလို့ အင်္ဂလိပ် ကံကောင်းသွားသည်။ (ဗုဒ္ဓဘာသာ) ရှမ်းများသာနေလျှင် ဂျပန့်အောက် မုချ ရောက်မည်ဟု ရေးသည်။

အင်္ဂလိပ်အပေါ် သစ္စာစောင့်သည့် ကရင်၊ ကချင်၊ ချင်းကို သူက အကောင်းမြင်သော်လည်း နယ်ချဲ့ဆန့်ကျင်သည့် ကရင်၊ ကချင်၊ ချင်းတို့ကိုကား လူဆိုးစာရင်းသွင်းသည်။

(၆)

‘တပ်ကာ’၏ စာအုပ်တွင် မျက်မှောက်ဗမာပြည် နိုင်ငံရေးအတွက်ပါ အသုံးဝင်သည့် အပိုင်းမှာ အခန်း (၅) ဖြစ်သည်။ သူက ‘အောင်ဆန်း အောင်ပွဲခံပြီ’ ဟု နာမည်ပေးထားသည်။

၅ ကျပ်တန် ဝရမ်းပြေးကို သေဒဏ်စီရင်ရန် ဗမာပြည်ပြန်လာသော ဘုရင်ခံ ဒေါ်မန်စမစ် ‘ဝမ်းကိုက်ရောဂါ’ ရပြီး ဗိလပ်သို့ အပြီးအပိုင် ပြန်ရခြင်းနှင့် ပင်လုံညီလာခံ အောင်မြင်ခြင်းတို့ကို ‘အောင်ဆန်း၏ အောင်ပွဲ’ ဟုပြောခြင်း ဖြစ်၏။ သထုံခရိုင် သဲဖြူကုန်းသူကြီး အင်္ဂလိပ်သစ္စာခံ အဗ္ဗဒူရာရှစ်ကို သတ်မှုဖြင့် ဗိုလ်အောင်ဆန်းကို ဘုရင်ခံက ဖမ်းချင်သည်။ ဖမ်းလျှင် တပြည်လုံး အုံကြွတော်လှန်မည်ကိုလည်း သိသည်။

ဒေါ်မန်စမစ်က ၁၉၄၆ မတ်လ ၂၇ ရက်နေ့ (တော်လှန်ရေးနေ့) အပြီးတွင် ဗိုလ်အောင်ဆန်းကို ဖမ်းမည်ဟု ဗိလပ်သို့ တင်ပြသည်။ သို့သော် မဖမ်းဖြစ်။ ဖမ်းလျှင် တော်လှန်ရေး ဖြစ်မည်။ အင်္ဂလိပ် ခွေးပြေးဝက်ပြေး ပြေးရမည်။ တရုတ်ပြည်တော်လှန်ရေးနှင့် ဗမာပြည်တော်လှန်ရေး အပြန်အလှန် အထောက်အကူပြုပြီး အောင်ပွဲပိုင်တူခံကြလိမ့်မည်။

အိန္ဒိယပြည်သူများကလဲ ကုလားတပ်များသုံးပြီး ပြင်သစ်နဲ့ ဒတ်ချ်အတွက် ဗီယက်နမ် အင်ဒိုနီးရှားတွင် တိုက်ပေးနေသည်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နေသည်။ ဗမာပြည်တွင်ပါ ကုလားတပ်ကိုသုံးပြီး တိုက်လျှင် ကုလားတပ်များ ပုန်ကန်ကြလိမ့်မည်။ အက်စ် ချန်ဒရာဘို့စ် (S. Chandra Bose) ၏ INA တပ်များကို အင်္ဂလိပ်က ဖမ်းထားသဖြင့် ဒေါသူပုန်ထနေတာလည်း ရှိသည်။ INA တပ်သား အားလုံးမှာ စက်ာပူအကျတွင် အင်္ဂလိပ်က ပစ်ပြေးသဖြင့် သုံ့ပန်းဖြစ်သွားသော အင်္ဂလိပ်စစ်သားဟောင်းများ ဖြစ်သည်။

တရုတ်တော်လှန်ရေး ဗမာတော်လှန်ရေး အိန္ဒိယတော်လှန်ရေးတို့ ပေါက်ကွဲလျှင် နယ်ချဲ့ဝါဒ၊ ကိုလိုနီဝါဒကြီးတခုလုံး သွက်သွက်ခါသွားတော့မည်။ ဒါကို အင်္ဂလိပ်ခေါင်းဆောင်ကြီးများက မြင်သည်။ မောင့်ဘက်တန် (Mount Batten) ကဆိုလျှင် ကုလားတပ်များမသုံးနဲ့ဟု ဒေါ်မန်စမစ်ကို သတိပေးသည်။ အမေရိကန်က ကန့်ကွက်လိမ့်မည်ဟုလည်း ပြောသည်။

စော စိန် မော် အလိုတော်ရိများ၊ အိမ်တော်ပါ သစ္စာရှိ ကရင်၊ ကချင်၊ ချင်း စစ်ဗိုလ်ကြီးများနှင့် အင်္ဂလိပ် အရာရှိကြီးများကတော့ ဗိုလ်အောင်ဆန်းကို ဖမ်းပါ။ ပုန်ကန်လာလျှင် နှိမ်ပေးမည်ဟု တွန်းအားပေးကြသည်။

PBF မှ လာသော တပ်ရင်း (၃) ရင်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် လယ်သမားတပ်ကို နှိမ်နင်းနိုင်မည်ဟု သူတို့ထင်သည်။ ရဲရဲအာမခံကြသည်။ ကရင် ကချင် ချင်း တပ်ရင်းများက ဗမာတပ်ရင်းများထက် များနေတာကိုပဲ သူတို့မြင်သည်။ ရေရှည်အမြင်မရှိ၊ နိုင်ငံတကာ့ အခြေအနေကိုတော့ လုံးဝမသိ၊ မျက်ကန်းတစ္ဆေမကြောက် အာမခံကြခြင်း ဖြစ်သည်။

ဒေါ်မန်စမစ် ချီတုံချတုံ မပြတ်မသားဖြစ်နေသည်။ အင်္ဂလန်မှ နိုင်ငံရေးအခြေအနေမှာလည်း ချာချီလမ်းစဉ် နောက်ဆုတ်နေရသည်။ ထို့ကြောင့် ‘ဝမ်းကိုက်ရောဂါ’ ရသွားကာ ဗိလပ်သို့ ယာယီဘုရင်ခံ ‘နိုက်’ ကို ထားခဲ့ပြီး ပြန်သည်။

လေဘာဝန်ကြီးချုပ်က ဒေါ်မန်စမစ်ကို အခြေအနေ နားမလည်ဘဲ ရမ်းသန်းလုပ်နေသူဟု သတ်မှတ်ပြီး ဖြုတ်ပစ်သည်။ ရန့်စ်ကို ဘုရင်ခံသစ် ခန့်သည်။ ဒေါ်မန်စမစ် ပြန်မလာနိုင်တော့။

ဒါကို ‘တပ်ကာ’ က အောင်ဆန်း၏ အောင်ပွဲဟု ပြောသည်။ အရင်းစစ်လျှင် ‘ပြည်သူ့အောင်ပွဲ’ ဖြစ်သည်။

ဗိုလ်အောင်ဆန်းကို ဖမ်းမဖမ်း ဒေါ်မန်စမစ် ချီတုံချတုံ ဖြစ်ရခြင်းတွင် နောက်အကြောင်းတခုလည်း ရှိသည်။ ဗိုလ်အောင်ဆန်းကို ထောင်ထဲထည့်လိုက်လျှင် ဖဆပလကို ကွန်မြူနစ်များ အုပ်စီးသွားမိပြီး ပိုဆိုးလိမ့်မည်၊ ဗိုလ်အောင်ဆန်းနှင့် အပေးအယူလုပ်ရေးသာ အကောင်းဆုံးဟု တွက်မိခြင်းကြောင့် ဖြစ်သည်။ ‘တပ်ကာ’ ကလည်း ရေးထားပါသည်။ ဗိုလ်အောင်ဆန်းနှင့် မယားညီအစ်ကို သခင်သန်းထွန်းအကြောင်း တော်တော်လေး ရေးထားသည်။

ဒေါ်မန်စမစ် ဗမာပြည် ပြန်လာကာစက ဖဆပလနှင့် ယှဉ်နိုင်မည့် တတိယ (ကြား) အင်အားစုတခု မွေးပေးသေးသည်။ ယူဂန်ဒါထောင်မှ ဦးစော ဂျပန်ထောင်မှ ဒေါက်တာဗမော်တို့ကို ထုတ်ယူလာပြီး ဗစိန်နှင့် ပေါင်းပေးကာ စော – စိန် – မော် ဂိုဏ်းထောင်ပေးသည်။

‘ဖွတ်ချင်းအမြီးလိမ်’ တာပဲ ဖြစ်သည်။ လူထုက လက်မခံသဖြင့် ဗိုလ်အောင်ဆန်းကို အထက်စီးမှနေ၍ စေ့စပ်ရေး လုပ်ရန်ဟူသောစိတ်ကူး ပျက်သွားရသည်။ ထိုစိတ်ကူးပျက်တော့မှ ဖမ်းရန်ဆီးရန် စိတ်ကူးခြင်း ဖြစ်သည်။

ယနေ့ အခြေအနေနှင့် တူလွန်းသဖြင့် အကျယ်တဝင့်မှတ်ချက်ပေးပါသည်။

နအဖကလည်း NLD ဒေါ်အောင်ဆန်းစုကြည်နှင့် အထက်စီးမှနေ၍ စေ့စပ်ချင်သည်။ ကြားအင်အားစု တတိယအင်အားစု ဖော်ပေးချင်သည်။ တစည က ကြားမဟုတ်။ ဗိုလ်ခင်ညွန့်တို့က ကြားအုပ်စုဖော်ရေးအတွက် ခြေရှုပ်နေကြသည်။

ယခုအထိတော့ တတိယအင်အား

စု ဖော်ပေးလို့မရ ဖြစ်နေသည်။ ဝါရင့်ခေါင်းဆောင်ကြီးများအဖွဲ့မှာ တတိယအင်အားစု မဟုတ်၊ နအဖ ကို ဖိအားပေးသည့်အဖွဲ့ ဖြစ်သည်။ ဗကပ ကလည်း တတိယအင်အားစု မလုပ်။ ချဉ်းကပ်ပုံ တမျိုး တိုက်နည်းတိုက်ဟန် တဖုံဖြင့် နအဖကို တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။

'တပ်ကာ' ၏ စာအုပ်တွင် အမှား အယွင်းတွေ တပုံတပင် ပါနေသည်။ ထိုအထဲက အမှားကြီးတခုကို ထောက်ပြလိုသည်။

၁၉၄၇ ခုနှစ် ရွေးကောက်ပွဲကို ဗကပ က သပိတ်မှောက်သည်။ ရွေးကောက်ခံရသူ (၇) ဦးမှာ တသီးပုဂ္ဂလ ကွန်မြူနစ်များ ဖြစ်သည်ဟု ရေးထားသည်။

သပိတ်မှောက်သူများတွင် KNU၊ ကရင်နီ၊ ဗကပ၊ ဂျူနီယာ (ဂျူနီယာ?)

ကရင်နီ၊ ဗကပ၊ ဂျူ့နီဇာ၊ မျိုးချစ်ပါတီ၊ ဗစိန်တို့ဗမာအစည်းအရုံး၊ ဗမော် မဟာဗမာဟု တန်းစီပြသည်။ ဗကပ သည် စော စိန် မော်နှင့် ဘယ်တော့မှ တဖက်တည်းတွင် မရပ်ခဲ့။ ပြည်တွင်းစစ် ဖြစ်တော့တောင် သူတို့အုပ်စုနှင့် လက်မတွဲခဲ့ပါ။ ဝါဒလမ်းစဉ် မတူဘဲ ဗကပ က လက်တွဲလေ့ မရှိ။ တဖက်တည်းတွင်ပင် မရပ်။ တန်းမစီခဲ့ပါ။

တမင်ပင် ကပြောင်းကပြန်ရေးခြင်း ဖြစ်သည်။ ဗကပ က အထူးကွန်ဖရင့်တရပ် ကျင်းပကာ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပြတ်သားသော နယ်ချဲ့ဆန့်ကျင်ရေး အသံကို လွှတ်တော်တွင်း တင်ပြရန် ရွေးကောက်ပွဲဝင်ခြင်း ဖြစ်သည်။ နေရာတိုင်းလည်း မပြိုင် မိမိမပြိုင်သော မဲဆန္ဒ နယ်တွင် ဖဆပလ အနိုင်ရရှိရေး အင်တိုက်အားတိုက် ဆော်သြ ခဲ့သည်။

'တပ်ကာ' ၏ 'အမှား' ကို ရည်ရွယ်ချက်ရှိရှိ ရေးလိုက်သော 'အမှား' ဟု ယူဆပါသည်။

အောင်ဆန်း၏ အောင်ပွဲထဲတွင် အောင်ဆန်း အက်တလီ စာချုပ် ချုပ်နိုင်ခြင်းနှင့် ပင်လုံညီလာခံ အောင်မြင်ခြင်းကို ထည့်ထားသည်။ နယ်ခြားဒေသမင်းကြီး စတီဗင်ဆင်၏ "အခုတော့ အစောင့်အရှောက်ခံ နယ်မြေအဖြစ် နေနေကြ။ နောင်ကျမှ လွတ်လပ်တဲ့ တိုင်းပြည်တပြည် တည်ထောင်ကြ" ဆိုသော အစီအမံကို လူမျိုးစု ခေါင်းဆောင်တွေက လက်မခံဘဲ ဗမာနှင့် တွဲရေးလုပ်ခြင်း ကြောင့် ဗမာနှင့်ရောပြီး ကျိန်စာသင့်တာဟု 'တပ်ကာ' က စွပ်စွဲသည်။

(၇)

'တပ်ကာ' ၏ စာအုပ် ၂၀၀၁ ခုနှစ်တွင် ထွက်သည်။ ဘုရှ်နှင့် ဘလဲတို့ လက်တွဲညီညီ ကမ္ဘာကို စိုးမိုးဖို့ လုပ်နေကြစဉ်ဖြစ်၍ 'တပ်ကာ' အလွန်တက်ကြွနေဟန် ရှိသည်။ ဗိုလ်ကျသော မောက်မာသော အရေးအသားများ ရေးသည်။

တခြားသူများလိုပင် ပညာအရေခြုံပြီး မရေးဘဲ ပြောင်ကျကျ စော်စော်ကားကား ရေးသည်။

ဗိုလ်အောင်ဆန်း လုပ်ကြံခံရခြင်း ကိစ္စကို ဘီဘီစီက ဗကပ လေသံလိုက်ပြီး ပြောခြင်းဖြစ်သည်ဟု စွပ်စွဲသည်။ နေဝင်းကျော်ငြိမ်း၊ နုနှင့် ခင်မောင်ကလေးတို့ လုပ်ကြံတာပဲဟုပြောသော 'တောင်တန်းသား မိတ်ဆွေများ' ၏အပြောကို ယုံသည်။ ဗမာတွေရဲ့ သမိုင်းမှာ အချင်းချင်း လုပ်ကြံနေကြတာပဲ။ အင်္ဂလိပ်လက်အောက် နှစ် ၁၀၀ ပဲ ငြိမ်းချမ်းတည်ငြိမ်ခဲ့တယ်ဟူသော သူ့အမြင်အရ ရေးခြင်း ဖြစ်သည်။

သူပေးချင်သော သတင်းစကားမှာ "ဗမာတွေနဲ့တွဲနေရင် ကျိန်စာသင့်မြဲသင့်နေမယ်" ဟူ၍ ဖြစ်၏

**ကမ္ဘာကြီး မတည်မငြိမ်ဖြစ်လျှင်**
**ကမ္ဘာ့ငြိမ်းချမ်းရေး၊ အာရှငြိမ်းချမ်းရေးပျက်လျှင်**
**ဗမာပြည်၏ ပထဝီအနေအထားက အနေချောင်နိုင်ဖွယ် မရှိပါ**

# တတိယလိုင်းနဲ့ ဗမာပြည်နိုင်ငံရေး

***နိုင်ငံအသီးသီးရဲ့ နိုင်ငံရေးဇာတ်ခုံတွေမှာ တတိယလိုင်းဆိုတာတွေ အမျိုးမျိုးပေါ်လေ့ ရှိပါတယ်။ စစ်အေးခေတ်အပြီး အရင်းရှင်နိုင်ငံကြီးတချို့မှာလဲ တတိယလိုင်းဆိုတာ ခေတ်စားနေပါတယ်။ အင်္ဂလန်နိုင်ငံက တိုနီဘလဲ၊ ဂျာမဏီက ရှရိုဒါတို့ရဲ့ လမ်းစဉ်ကို***

တတိယလမ်းစဉ်လို့ ဆိုသူကဆိုကြပါတယ်။ ပထမကမ္ဘာစစ်အပြီး၊ ဆိုဗီယက်ယူနီယံ ပေါ်ပေါက်အပြီး ကမ္ဘာမှာ ဆိုရှယ်လစ်ဝါဒ ခေတ်စားကျယ်ပြန့်လာတော့ မြောက်ဥရောပနိုင်ငံတွေမှာ ဆိုရှယ်ဒီမိုကရက်ဝါဒ ပေါ်ပေါက်လာတာကို အားလုံးသတိရကြမှာပါ။ အဲဒါဟာ အရင်းရှင်စနစ်အပေါ် စိတ်ပျက်နေသူတွေကို ဆိုရှယ်လစ်ဝါဒနောက် မပါအောင် ဆွဲဆောင်ဖို့ အတွက် အရင်းရှင်လူတန်းစားက ဖန်တီးလာတဲ့ တတိယလမ်းစဉ်တမျိုး ဖြစ်ပါတယ်။ နောက်ပြီး ဘက်မလိုက်နိုင်ငံများရဲ့လှုပ်ရှားမှု ဆိုတာလဲ အင်အားလွန်နိုင်ငံကြီး နှစ်နိုင်ငံ အကြားက တတိယအင်အားစုတရပ် ဖော်ထုတ်တာပါပဲ။

ဒါပေမဲ့ အခုတင်ပြမယ့် တတိယလိုင်းဆိုတာကတော့ အဲဒီနိုင်ငံတကာက ကိစ္စတွေနဲ့ မဆိုင်ပါဘူး။ ဗမာပြည်က ပြည်တွင်းရေး အကြောင်းသာ ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံရေးအခြေအနေ တခုမှာ ပေါ်ထွက်လာတတ်တဲ့ တတိယလိုင်း ဆိုတဲ့ နိုင်ငံရေးကစားနည်းမျိုးဟာ အဆန်း မဟုတ်ပါဘူး။ နိုင်ငံတကာနိုင်ငံရေးမှာ ကာလကြာမြင့်စွာကတည်းက တည်ရှိတဲ့ အင်မတန်ရိုးတာနေတဲ့ နိုင်ငံရေးနည်းပရိယာယ် တခုသာ ဖြစ်ပါတယ်။ သက်ဦးဆံပိုင် ပဒေသရာဇ်မင်းခေတ်ကို လွန်ကတည်းက တည်ရှိတယ်ဆိုရင် မမှားပါဘူး။ ပဒေသရာဇ်ခေတ်ကတော့ ဘုရင်မှာ အတိုက်အခံမရှိရပါဘူး။ မကျေနပ်ရင် တပ်စု၊ ပုန်ကန်ထောင်ထားဖို့ပဲ ရှိပါတယ်။ ဘုရင်ကလဲ အဲဒီအင်အားကို အပြတ်နှိမ်တာပါပဲ။ ဒါကြောင့်တတိယအင်အားဆိုတာ မွေးဖို့လဲ မလိုဘူး၊ ပေါ်စရာလဲ အကြောင်း မရှိပါဘူး။

ဗမာပြည်မှာလဲ အင်္ဂလိပ်ကိုလိုနီဘဝမှာ အတိုက်အခံအင်အားစု အားမကြီးခင်တုန်းက တတိယအင်အားစုပြဿနာ မရှိပါဘူး။ ဒီလိုနဲ့ ကမ္ဘာစစ်အပြီး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲအရှိန်နဲ့ စည်းလုံးမိလာ၊ အားကောင်းလာတဲ့ ဗမာပြည် ပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကို ရင်ဆိုင်ရတဲ့ အခါမှာကျတော့ အင်္ဂလိပ်အစိုးရဟာ ကြံမိကြံရာ ဒီနည်းကို ကြံဆရပါတော့တယ်။ ဘုရင်ခံဒေါ်မန်စမစ်ဟာ ၁၉၄၅–၄၆ ကာလ၊ ဖဆပလ ခေါင်းဆောင်တဲ့ ဗမာပြည် ပြည်သူလူထုကို ရင်ဆိုင်ရတဲ့အခါမှာ တတိယလိုင်းတခု ဖော်ဖို့ လုပ်လာခဲ့ပါတယ်။ သူလုပ်ပုံက ဂျပန်ပြည် ဆူဂါမိုရှိ အမေရိကန်ရဲ့ စစ်ထောင်ထဲမှာ ရောက်နေတဲ့ ဒေါက်တာဗမော်နဲ့ ယူဂန်ဒါနိုင်ငံမှာ အင်္ဂလိပ်က ထောင်ထဲထည့်ထားတဲ့ ဂဠုန်ဦးစောတို့ကို လွှတ်ပေးဖို့ လန်ဒန်ကို တင်ပြပါတယ်။ ဒါကိုလန်ဒန်က ချက်ခြင်းပဲ သဘောတူပြီး အမေရိကန်နဲ့ညှိ၊ နှစ်ယောက်စလုံးကို ထောင်ထဲကထုတ်၊ ရန်ကုန်ကို ပြန်ပို့လိုက်တာပါပဲ။ ဒီလိုနဲ့ သူတို့ဟာ ရန်ကုန်မှာ ရှိနေနှင့်တဲ့ သခင်ဗစိန်–သခင်ထွန်းအုပ်တို့နဲ့ ပေါင်းစေပြီး ‘စော – စိန် – မော်ဂိုဏ်း’ ဆိုတာကို ထောင်ပေးခဲ့ပါတယ်။ အင်္ဂလိပ်က သူတို့ကို တတိယလိုင်း (ကိုလိုနီအစိုးရက တလိုင်း၊ ဆန့်ကျင်သူတွေက တလိုင်းပေါ့) ရယ်လို့ ပင့်ပေးလိုက်တာ တခါတည်း သူရဲမွေးသလို ဖြစ်သွားပြီး နောက်ဆုံးမှာ မာနထောင်လွှားလှတဲ့ ဦးစောဟာ ၁၉၄၇ နှစ်ကျတော့ ဗိုလ်အောင်ဆန်းတို့ကို လုပ်ကြံတဲ့အထိ ဖြစ်သွားပါတယ်။ ဒီ့အရင်ကလဲ သူတို့မှာတိကျတဲ့ မူဝါဒရယ်လို့ မရှိဘဲ တလျှောက်လုံး ဖဆပလအဖွဲ့ကြီး လုပ်သမျှကို ခွတိုက်တာပဲ အဓိကလုပ်နေတာပါ။

ဒါနဲ့ပြောင်းပြန် ကွန်မြူနစ်ပါတီကတော့ ပြည်သူတွေရဲ့ လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန်ကို ထိခိုက်စေမယ့်ဟာ မလုပ်ခဲ့ပါဘူး။ ဗကပဟာ ဖဆပလနဲ့ ကွဲပြီးတော့မှာတောင် အဲဒီလို နယ်ချဲ့အလိုတော်ရိတွေနဲ့ မပေါင်းခဲ့ပါဘူး။ ဗမော် – ဗစိန်တို့ဟာ အတိုက်အခံတပ်ပေါင်းစု All Opposition Alliance-A.O.A. ဆိုပြီးအဖွဲ့တခု ထူထောင်တော့ ဗကပဟာ ဝင်မပါတဲ့အပြင် ဆန့်ကျင်ခဲ့ပါတယ်။ ဖဆပလကို ဆန့်ကျင်ရရင်ပြီးရော၊ ဘယ်သူနဲ့မဆို လက်တွဲမယ်ဆိုတာမျိုး ပါတီမှာ မရှိခဲ့ဘူး။ အဓိကရန်သူကို ဆန့်ကျင်ရမယ်ဆိုတဲ့ အခြေခံဦးတည်ချက် မပျောက်ခဲ့ပါဘူး။

လွတ်လပ်ရေးရပြီးနောက် ဗမာပြည် နိုင်ငံရေးမှာ ဖဆပလနဲ့ ပမညတတို့ဟာ အဓိကအားပြိုင်တဲ့ အင်အားနှစ်ရပ်အဖြစ် တည်ရှိနေရာကနေ ဖဆပလကွဲတော့ အင်အားသုံးခု ဖြစ်လာခဲ့ပါတယ်။ ဒီအခါမှာ ပမညတဟာ သီးခြားတတိယလိုင်းတင် မနေဘဲ ပိုပြီးဖောက်ပြန်၊ စစ်အုပ်စုနဲ့နီးစပ်တဲ့ တည်မြဲ

ဖဆပလကို ဆန့်ကျင်ပြီး သန့်ရှင်းကို ထောက်ခံခဲ့တာဟာ မှန်ကန်တဲ့လုပ်ရပ် ဖြစ်တယ်။ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲကျတော့ ဒီကိစ္စဟာ ပိုရှင်းသွားပါတယ်။ တည်မြဲဖဆပလနဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေကို ပက်လက်လန်သွားအောင် ပြည်သူလူထုက မဲပေးနိုင်အောင် ပမညတက နောက်ဆုတ်ပေးသလို လုပ်ပေးခဲ့ပါတယ်။

ဒီသင်ခန်းစာကို ယူထားတဲ့ ဗိုလ်နေဝင်းဟာ ၁၉၆၂ အာဏာသိမ်းပြီးတော့ ဘယ်အတိုက်အခံကိုမှ တည်ရှိခွင့်မပေးတော့ဘဲ ပဒေသရာဇ်ခေတ်ကလို တိုင်းပြည်ကို အုပ်ချုပ်တော့တာပါပဲ။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာလဲ အထက်က တရားအတိုင်း ဖြစ်ခဲ့တာပါ။ အဲဒီတုန်းက ပါတီပေါင်းနှစ်ရာကျော် ပေါ်လာတော့ စစ်အုပ်စုကျိတ်သဘောကျနေတာကို သတိရကြမှာပါ။ ရှစ်လေးလုံးအရေးတော်ပုံရဲ့ အရှိန်ကြောင့် ဒီလိုပါတီတွေ ပေါ်လာတာကို မပြောရဲ၊ မတားရဲတာလို့ ဆိုရင်တော့ ရပါတယ်။ ဒါပေမဲ့ နဝတဟာ အဆိုးထဲက အကောင်းအနေနဲ့ အတိုက်အခံတွေ အချင်းချင်း နောင်ဂျိန်ချကုန်ကြတော့မှာပဲလို့ တွက်ထားတာပါ။ ဒါကိုသိနေတဲ့ ဗကပဟာ ယူဂျီတွေကတဆင့် တစည‌နဲ့ဒီချုပ် တဦးချင်း စီးချင်းထိုးတဲ့ ပုံစံဖြစ်အောင် အကြံပြုခဲ့ပါတယ်။ နောက်တော့ အဲဒီအတိုင်းဖြစ်၊ အဲဒီအတိုင်း အောင်ပွဲခံခဲ့ကြတာပါ။ ဒီနေ့အထိ ဒီမိုကရေစီအင်အားစုအားလုံး အဲဒီအရှိန်၊ အဲဒီအားနဲ့ စစ်အုပ်စုကို ရင်ဆိုင်နေကြတာ မဟုတ်ပါလား။

အခုလဲ ဗမာပြည်နိုင်ငံရေးမှာ တတိယလိုင်းဆိုတဲ့ သဘောမျိုး ကြားလာနေရပါတယ်။ ကိုယ့်ကိုယ်ကို တတိယလိုင်းပါလို့ ကြေညာသူလဲရှိ၊ မကြေညာသူလဲ ရှိပါပဲ။ တချို့အသံဟာ ပြည်တွင်းက ထွက်လာတာဖြစ်ပြီး တချို့ကတော့ ပြည်ပကပေးနေတဲ့ အသံ ဖြစ်ပါတယ်။ သူတို့အားလုံး ထပ်တူထပ်မျှလို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ နိုင်ငံရေးလောကမှာ ဖြစ်လေ့ဖြစ်ထရှိတာတွေနဲ့ယှဉ်မကြည့်ဘဲ မနေနိုင်ပါဘူး။

တကယ်တော့ တတိယလိုင်း၊ တတိယအင်အားစုဆိုတာမျိုးကို အထက်ကဥပမာများအတိုင်းပဲ အာဏာရနေသူတွေက သူတို့အကျိုးအကျပ်တွေ့ချိန်မှာ သွယ်ဝိုက်တဲ့နည်းနဲ့ ဖော်ထုတ်လာတဲ့ ထွက်ပေါက်ရှာနည်းတခုသာ ဖြစ်ပါတယ်။ အထူးသဖြင့် သူတို့ကို ဆန့်ကျင်တဲ့ ပြည်သူလူထုရဲ့ အင်အားဟာ သူတို့ကို ကြီးကြီးမားမား ခြိမ်းခြောက်လာတဲ့ အခြေအနေမျိုးမှာ အရှုံးကိုလက်မခံလိုတဲ့ အာဏာပိုင်တွေက ဖန်တီးလေ့ရှိတဲ့ နည်းပရိယာယ်တခုဖြစ်ပါတယ်။ အဲဒီပဋိပက္ခဟာ အခြေခံအားဖြင့်ပြီးသွားပြီ၊ ဒါမှမဟုတ် အသွင်ပြောင်းသွားပြီဆိုရင်တော့ အဲဒီတတိယလိုင်းဆိုတာလဲ အတူပျောက်ကွယ်သွားလေ့ ရှိပါတယ်။ ပြည်သူလူထုက အနိုင်ရရှိရင် ဒီလိုင်းသမားတွေဟာ ဖိနှိပ်သူတွေနဲ့အတူ အမှိုက်ပုံးထဲကို ရောက်သွားသလို၊ ဖိနှိပ်သူတွေက နိုင်သွားရင်လဲ သူတို့ကို အားကြီးတဲ့ အင်အားစုတရပ်အဖြစ် မတည်ရှိစေပါဘူး။ အများအားဖြင့်တော့ ဖိနှိပ်သူနဲ့ ပြောင်တသားတည်း ရပ်သွားကြပါတယ်။

ဒီနေရာမှာ တဆက်ထဲ ရှင်းအောင် ပြောထားရမှာက အခုပြောနေကြတဲ့ နှစ်ပွင့်ဆိုင်လား၊ သုံးပွင့်ဆိုင်လား ဆိုတာဟာ တတိယလိုင်း ပေါ်လာတဲ့အဓိပ္ပာယ် မဟုတ်ပါဘူး။ သူတို့ဟာ အခြေခံကျတဲ့ပြဿနာ၊ ဥပမာ ၁၉၉၀ ရွေးကောက်ပွဲအပေါ် သဘောထားလိုဟာမှာ မကွဲကြပါဘူး။ နောက်ပြီး ပြည်ထောင်စုစစ်စစ် ပြဿနာကို ပြောဆိုနေကြတာဟာလဲ တတိယလိုင်းသမားနဲ့ ဖြစ်တဲ့ ပြဿနာ မဟုတ်ပါဘူး။ ဒီနေ့ဗမာပြည်မှာ နအဖကလွဲပြီး တခြားအဓိကကျတဲ့ နိုင်ငံရေးအင်အားစုတွေအထဲက တတိယလိုင်းဆိုတာကို တင်ပြသူ မရှိသေးတာဟာ အတိုက်အခံတွေရဲ့ အားကောင်းချက် ဖြစ်ပါတယ်။

လက်ရှိဗမာပြည် အခြေအနေမှာ တတိယလိုင်းဆိုတာက ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဘေးချိတ်ပြီး ဗမာပြည်ပြဿနာဖြေရှင်းရမယ်ဆိုတဲ့ သဘောထားမျိုးကို ဆိုလိုတာပါ။ တော်တော်များများဟာ ပြည်ပကလာတဲ့ အသံတွေပါ။ ဒီနေ့အနေအထားအရ ပြည်တွင်းမှာ ပြည်သူလူထုကြီးက ကြံ့ကြံ့ခိုင်ရပ်နေတဲ့အတွက် ဘယ်သူမှ တတိယလိုင်းပြဿနာကို ပြောင်မတင်ရဲပါဘူး။ နအဖရဲ့ လုပ်ကြံမှုလို့ ယူဆရတဲ့ လူတယောက်ရဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်တဲ့ ပစ်စာလိုဟာပဲ တွေ့ရပါသေးတယ်။ ဒါပေမဲ့ ဒီလိုဆိုတဲ့အတွက် စစ်အစိုးရဟာ ဒီပရိယာယ်ကို စွန့်လွှတ်လိုက်ပြီလို့ မဆိုနိုင်ပါဘူး။ လောလောဆယ်ဆယ်မှာတော့ နအဖဟာ တဖက်လှည့်နည်းတွေနဲ့ ပြည်ပမှာ ဒီအာဘော် ဖြစ်ပေါ်အောင် ဖန်တီးနေဟန် ရှိပါတယ်။

တဆက်ထဲမှာ ပြည်ပနိုင်ငံများက အားပေးထားတဲ့၊ “ဗမာပြည်ရေးရာ ပါရဂူ” တွေပါဝင်တဲ့ အဖွဲ့အစည်းတချို့ဟာ “ရှဉ့်လဲ လျှောက်သာ၊ ပျားလဲစွဲသာ” စေမယ့် လမ်းကြောင်းတွေ ဖော်ထုတ်ချင်နေကြပါတယ်။ စစ်အုပ်စုကိုလဲ အသက်ရှူပေါက်ပေးသင့်တယ်။ ခွေးတောင်မှ ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်တတ်တယ်ဆိုတဲ့ တရားမျိုးတွေကို သွယ်ဝိုက်ဖော်ထုတ်နေသူ တချို့လဲ တွေ့ရပါတယ်။ သူတို့ဟာ ရှစ်လေးလုံးရဲ့ အာဇာနည်တွေ၊ အသီးအပွင့်တွေ၊ အစဉ်အလာတွေကို တန်ဖိုးမထားပါဘူး။ ၉၀ ခုနှစ်ရွေးကောက်ပွဲကိုလဲ အပေးအယူလုပ်စရာ အရာကိစ္စတခု အဖြစ်လောက်ပဲ သဘောထားကြပါတယ်။ တချို့ကဆိုရင် ကိုယ်ကျိုးစီးပွားနဲ့ မကင်းပါဘူး။ ပြန်စဉ်းစားလိုက်တော့ ဒီလိုပြောနေသူတွေ အားလုံးနီးပါးဟာ ရှစ်လေးလုံးကာလတုန်းက ဘာမှ မလုပ်ခဲ့သူတွေ၊ ရှစ်လေးလုံးအသီး အပွင့်၊ ၉၀ ခုနှစ် ရွေးကောက်ပွဲ အသီးအပွင့်နဲ့ ဘာမှ မပတ်သက်တဲ့ လူတွေဖြစ်နေတာ တွေ့ရပါတယ်။

လွှတ်လပ်စွာ ယူဆခွင့်၊ တင်ပြခွင့်ကို အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒီနေ့ဗမာပြည်လို ကိုယ့်ထက်အင်မတန် စစ်အင်အားကြီးတဲ့ အာဏာရှင်တွေနဲ့ ရင်ဆိုင်နေရချိန်မှာ အတိုက်အခံအင်အားစုရဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့၊ အယူအဆရှုပ်ထွေးစေတဲ့ အပြုအမူ၊ ဒါမှမဟုတ် လုပ်ရပ်ကိုတော့ ခွင့်မပြုသင့်ပါဘူး။ ။

**ဒီမိုကရေစီသို့ ကူးပြောင်းရာတွင်လည်း**
**စေ့စပ်ရေးစားပွဲမှတဆင့်သာ လူထုက သွားလိုကြသည်**



# မာယာကော့စကီ

*(သူ့ဘဝ၊ သူ့စာပေဆိုင်ရာ နှစ်စဉ်မှတ်တမ်းနဲ့ သူ့ကဗျာများ။)*

**လွတ်လပ်ရေးလွန်ခေတ် ဗမာပြည်မှာ မာယာကော့စကီကို သိရှိကြသူ ကဗျာစာပေသမားတွေ အတော်အတန် ရှိခဲ့ပါတယ်။ နောက်ပိုင်းခေတ်ကျတော့ ဗမာပြည်မှာ သူ့အကြောင်း ဖော်ပြတာ နည်းလာသလို သူ့ကို သိရှိသူလဲ ရှားပါးလာတယ်။**

**ဒါကြောင့် အခု သူ့ဘဝ၊ သူ့စာနဲ့ သူ့ကဗျာအကြောင်း အကျဉ်းချုံး တင်ပြလိုက်ပါတယ်။ ပြန်လည် မိတ်ဆက်ပေးတဲ့ သဘောပါ။**

၁၈၉၃ ခုနှစ် ဇူလိုင်လ ၁၉ ရက် (ပြက္ခဒိန်ဟောင်းအရ ဇူလိုင် ၇ ရက်) ။ ။ မာယာကော့စကီ, ဗလာဒီမာ, ဗလာဒီမာရိုဗစ် မွေးဖွားတယ်။ ဂျော်ဂျီယာပြည်နယ် Bagdadi မြို့မှာပါ။ (နောင်မှာ သူ့ကိုဂုဏ်ပြုသောအားဖြင့် ဒီမြို့ကို မာယာကော့စကီမြို့လို့ အမည်ပေးခဲ့တယ်။) သူ့ဖခင် ဗလာဒီမာ ကွန်စတန်တီနိုဗစ်။ မူးမျိုးမတ်နွယ် ဖြစ်ပေမယ့် သစ်တောစောင့် အလုပ် လုပ်နေရသူ။ သားဖြစ်သူ ဗလာဒီမာမှာ အစ်မနှစ်ယောက် ရှိတယ်။ တယောက်က Olga။ နောက်တယောက်က Lyudmila။

၁၉၀၂ ခုနှစ်။ ။ မာယာကော့စကီ ကျောင်းစနေတယ်။ ဒါပေမဲ့ သူက ကျောင်းစာစိတ်ဝင်စားမှု နည်းတယ်။ သူ ၃ တန်းအရောက် ‘လူထုအစည်းအဝေးတွေ၊ ဆန္ဒပြပွဲတွေနဲ့ တော်လှန်ရေးတေးသီချင်းတွေ’ မှာ စိတ်ဝင်စားပြီး ရင်ခုန်တတ်တယ်ဆိုတာ ကိုယ့်ဘာသာ သိလာတယ်။ အဲဒီအချိန်က မော်စကိုမြို့မှာ ကျောင်းသူဖြစ်နေတဲ့ Lyudmila က နိုင်ငံရေးစာရွက်စာတမ်းတွေ အိမ်အပြန်မှာ သယ်လာတယ်။ တရားဝင်တာတွေ ပါသလို တရားမဝင်တာတွေလဲ ပါတာပေါ့။

၁၉၀၆ ခုနှစ်။ ။ သူတို့အဖေ သေတယ်။ သွေးအဆိပ်သင့် ရောဂါနဲ့၊ အမေဖြစ်သူ အလက်ဇန္ဒြာ အလက်ဆီဗနာ Aleksandra Alek Seevna က သူတို့မိသားစု မော်စကိုသို့ ပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်တယ်။ မော်စကိုမှာရှိတဲ့ သမီးဖြစ်သူ Lyudmila နဲ့ နီးနီးကပ်ကပ် နေနိုင်အောင်လို့။ အိမ်ရဲ့စီးပွားရေး အထောက်အပံ့ဖြစ်အောင် သူတို့မောင်နှမတွေ အလုပ်လုပ်ပြီး ငွေရှာကြတယ်။ အငယ်အငေါ် အသေးအမွှားအလုပ်လေးတွေပါ။

မော်စကိုအရောက် မာယာကော့စကီဟာ နိုင်ငံရေးထဲသို့ စွန့်စားကာ ခြေစုံပစ်ဝင်တယ်။ အဲဒီအချိန်က သူဟာ ၁၄ နှစ်သား။ သူဟာ ဘော်ရှီဗစ်ပါတီရဲ့ ဘက်စုံထောင့်စုံ အသုံးချလို့ရတဲ့ ပါတီဝင်တဦး။ လိုတဲ့နေရာ ထည့်သုံးလို့ရတဲ့ ဂျိုကာဖဲ။ သတင်းပို့တာလဲ လုပ်၊ စာရွက်စာတမ်းတွေလဲ ဖြန့်ဝေ။ ကင်းစောင့်တာလဲလုပ် … စသဖြင့်ပေါ့။

၁၉၀၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့။ ။ ကျောင်းလခ မပေးနိုင်လို့ သူ ကျောင်းထုတ်ခံခဲ့ရ။

၁၉၀၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့။ ။ သူ့ကို တော်လှန်ရေး ကြေညာစာရွက်တွေ တပွေ့ကြီးနဲ့ ဖမ်းမိသွား။ အကျဉ်းချတယ်။ သိပ်မကြာလိုက်ဘူး။ ကောင်းကောင်းနေဖို့ သတိပေးပြီး ပြန်လွှတ်ပေးလိုက်တယ်။

၁၉၀၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်။ ။ စက်မှုအတတ်ပညာသင်ကျောင်းမှာ ကျောင်းဝင်ခွင့်ရ။

၁၉၀၉ ခုနှစ်၊ ဇန္နဝါရီ ၂၁ ရက်နေ့။ ။ ဘဏ်လုယက်မှုအတွက် စွပ်စွဲခံရသူ လူမှုတော်လှန်ရေးသမားတွေနဲ့ တွဲနေလို့ အဖမ်းခံရပြန်တယ်။ အပြစ်မရှိလို့ ယူဆတဲ့အတွက် ပြန်လွှတ်ပေးတယ်။

၁၉၀၉ ခုနှစ်၊ နွေရာသီ။ ။ ထောင်ထဲတခါ ပြန်ရောက်ပြန်တယ်။ ဘဏ်လုယက်မှုနဲ့ ဆက်နွယ်နေတယ်လို့ ထင်ရတဲ့ ဂျော်ဂျီယာတော်လှန်ရေးသမားတဦးနဲ့ ထောင်ဖောက်ပြေးတဲ့ အုပ်စုတခုကို သက်ဆိုင်ရာက စောင့်ကြည့်ထောက်လှမ်းနေချိန်မှာ သူက အဲဒီ စောင့်ကြည့်နယ်မြေထဲ တည့်တည့်ဝင်တိုးလို့။ သူဟာထောင်ထဲမှာ အငြိမ်မနေဘဲ အာဏာပိုင်တွေနဲ့ ထောင်ဝါဒါတွေရဲ့ မျက်စိစပါးမွေးစူးစရာ ထောင်သားတယောက် ဖြစ်ခဲ့တယ်။ သူဟာ ဟိုထောင်ဒီထောင် အပြောင်းခံရ၊ နောက်ဆုံးကျတော့ Butyrki အကျဉ်းထောင်ရဲ့ အခန်းနံပါတ် (၁၀၃) မှာ တိုက်ပိတ်ခံရ။ အဲဒီမှာ သူ ကဗျာ,စရေးခဲ့တာပဲ။

၁၉၀၉ ခုနှစ်၊ စက်တင်ဘာလ။ ။ သူ့အမှုကို စစ်ဆေး။ အပြစ်ရှိတယ်လို့ စီရင်ချက်ချ။ ဒါပေမဲ့ သူက အဓိကတရားခံ မဟုတ်လေတော့ ကောင်းကောင်းနေဖို့ သတိပေးပြီး ပြန်လွှတ်လိုက် ပြန်တယ်။

ပုံဆွဲပညာမှာ သူဟာ အစွမ်းအစပြသနိုင်လို့ နောင်မှာ မာယာကော့စကီဟာ နိုင်ငံရေးကို တခန်းရပ်ပြီး အနုပညာ လေ့လာသင်ကြားဖို့ ဆုံးဖြတ်ခဲ့တယ်။

၁၉၁၁ ခုနှစ်။ ။ ပန်းချီပန်းပုနဲ့ ဗိသုကာပညာတွေ သင်ကြားဖို့ မော်စကိုသင်တန်းကျောင်းမှာ သူကျောင်းဝင်ခွင့်ရတယ်။ ဒီကျောင်းမှာ သူဟာ တိုးတက်တဲ့ အမြင်သစ်ရှိသူ ပန်းချီဆရာ David Burliuk နဲ့ စတွေ့တယ်။ Burliuk ရဲ့ဩဇာ သူ့အပေါ် လွှမ်းမိုးတာ ခံရတယ်။ မာယာကော့စကီကို မော်ဒန်ပန်းချီနဲ့ ကဗျာတွေအကြောင်း စတင်မိတ်ဆက်ပေးခဲ့တာလဲ သူပဲ၊ မာယာကော့စကီက Burliuk ဖတ်ဖို့ ကဗျာတပုဒ် ရေးပေးခဲ့တယ်။ ဒီကဗျာကို ဖတ်အပြီး Burliuk က "အံ့စရာပဲ ၊ မင့်မှာ ကဗျာပါရမီ ရှိနေပါကလား။" လို့ ပြောလိုက်ချိန်ကစပြီး သူ့အနေနဲ့ ကဗျာကိုပဲ စိုက်လိုက်မတ်တတ် ဇောက်ချလေ့လာသွားတော့မယ်လို့ မာယာကော့စကီက ကြေညာလိုက်တယ်။

၁၉၁၂ ခုနှစ်။ ။ Burliuk အပါအဝင် အနုပညာဆိုင်ရာ အနာဂတ်ဝါဒီတွေက ကြေညာစာတန်းတစောင် ထုတ်ဝေခဲ့ရာမှာ မာယာကော့စကီလဲ လက်တွဲပါဝင်ခဲ့။ (အနာဂတ်ဝါဒီတွေဟာ ရှေးရိုးအစဉ်အလာ တွေးခေါ်ယူဆချက်တွေကိုပယ်၊ နောင်အနာဂတ် ဖြစ်ပေါ်မယ့် အကြောင်းအရာတွေကို မှန်းဆပြီး စက်မှုခေတ်သစ်ကာလ လူနေမှုမြင့်မားမှုနဲ့အညီ ထုတ်ဖော်ရေးသားတဲ့ ပန်းချီဝါဒနဲ့ စာပေအနုပညာဝါဒ တရပ်ပါ။) ၁၉၁၂ ခုနှစ်အတွင်းမှာပဲ မာယာကော့စကီဟာ သူ့ရဲ့ပွဲဦးထွက် ပုံနှိပ်ကဗျာတွေဖြစ်တဲ့ Noch (ညဉ့်ယံ) နဲ့ Utro (မိုးသောက်ယံ) တို့ကို ထုတ်ဝေခဲ့။

မာယာကော့စကီနဲ့ Burliuk တို့ဟာ အနာဂတ်ဝါဒီတွေအဖြစ် စတန့်အဆန်းတွေ လုပ်ခဲ့ကြလို့ ကျောင်းထုတ်ခံခဲ့ရ။

၁၉၁၃ ခုနှစ်။ ။ မာယာကော့စကီဟာ Burliuk အပါအဝင် အနာဂတ်ဝါဒီတွေနဲ့အတူ သူတို့ရဲ့ ဟန်ပန်ပုံစံသစ်နဲ့ လူထုကို ဆွဲဆောင်ဖို့ ပြည်နယ်တွေကို ခရီးလှည့်ခဲ့ကြတယ်။ ဒီအုပ်စုထဲမှာ မာယာကော့စကီဟာ ရေပန်းစားတဲ့ ကြယ်ပွင့်တပွင့်။ ကဗျာစာပေတွေကို သူ့ရဲ့အောင်မြင်လှတဲ့ ဘယ်သံကြီးနဲ့ ရွတ်ဆိုဖတ်ပြနိုင်ခဲ့လို့သာမက စကားအခြေအတင် ပြောရာမှာ အာဝဇ္ဇန်းကောင်းမှု အကော်အခတ် အသောအထေ့နဲ့ ဇဝနဉာဏ်ရွှင်မှုတို့အတွက် ဒီလိုအောင်မြင်မှု ရခဲ့တာပါ။

မော်စကိုသို့ ပြန်အရောက်မှာ မာယာကော့စကီဟာ "ကျွန်တော်" ဆိုတဲ့ ကဗျာ ပေါင်းချုပ်စာအုပ် ထုတ်ခဲ့သလို ...

"ဗလာဒီမာ မာယာကော့စကီ သို့မဟုတ် အလွမ်းဇာတ်လမ်း တပုဒ်" ဆိုတဲ့ ပြဇာတ်ကိုလဲ ရေးသားခဲ့တယ်။

၁၉၁၃ ခုနှစ်၊ ဒီဇင်ဘာ။ ။ ဒီပြဇာတ်ကို ရုံတင်ပြသခဲ့။ မာယာကော့စကီက အဓိကဇာတ်ကောင်နေရာမှ ပါဝင်တင်ဆက်တယ်။ ပြဇာတ်ပါ ကဗျာဆရာရဲ့ဘဝနဲ့ သူ့ရဲ့သိမြင်နားလည်မှု စွမ်းရည်တွေအကြောင်း နိမိတ်ပုံတွေ တလှေကြီးနဲ့ တကိုယ်တော် လင်္ကာကဗျာ ရွတ်ဆိုတင်ဆက်တဲ့ အခန်းပါ။ ပြဇာတ်ထဲမှာ ကဗျာဆရာဟာ အနုပညာမြောက်သူ နာမည်ကျော်ကြားသူ ဖြစ်တယ်။ သူ့ကိုချစ်တဲ့ အမျိုးသမီးတွေက မျက်ရည်တွေကို လက်ဆောင်အဖြစ် ဆောင်ကြဉ်းလာကြ။ သူတို့ကို လက်ခံဖို့ တဖွဖွတောင်းဆိုကြ။ ဒါပေမဲ့ ကဗျာဆရာကတော့ နောက်ချေးတောမှာအိပ်ရင်း သူ့ခေါင်းကို ကြိတ်နင်းမယ့် မီးရထားဘီးတွေကို စောင့်မျှော်နေသူ။

Viktor Shklovsky က ဒီပြဇာတ်အပေါ် သူ့အမြင်က ဟောသလို –

"ကဗျာဆရာဟာ သူ့ကိုယ်သူ ဇာတ်စင်အပြင်ဘက် ဆန့်ထုတ်ထားသလို ဖဲသမားက ဖဲချပ်တွေ ကိုင်ထားတဲ့ပမာ သူ့ကိုယ်သူ သူ့လက်ထဲမှာလဲ ဆုပ်ကိုင်ထားရဲ့။ ဒီပြဇာတ်မှာ မာယာကော့စကီဟာ နှစ်ပွင့်ဖဲ သုံးပွင့်ဖဲ ဂျက်ဖဲနဲ့ ကင်းဖဲတို့လဲ ဖြစ်နေတယ်။ ဒီပွဲဟာ ချစ်မေတ္တာကို လောင်းကြေးထပ်တဲ့ ပွဲပါ။ ဒီပွဲ ရှုံးသွားတယ်။"... တဲ့။

ဒီပြဇာတ်အပေါ် လူထုရဲ့ အဓိကတုံ့ပြန်မှုကတော့ ကဲ့ရဲ့လှောင်ပြောင်ခြင်းပါပဲ။

၁၉၁၄ ခုနှစ်။ ။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့။

မှဆိုးမသားမာယာကော့စကီဟာ စစ်သားဆွဲခြင်းမှ ကင်းလွတ်ခွင့်ရတယ်။ နောက်ဆုံးကျမှ သူစစ်သား အဆွဲခံရ။ ဒါပေမဲ့ မာယာကော့စကီဟာ ဘယ်တုန်းကမှ ဘယ်လိုစစ်ရေးတာဝန်ကိုမျှ မထမ်းဆောင်ခဲ့။

၁၉၁၅ ခုနှစ်။ ။ သူ့ရဲ့ ပထမဆုံး ကဗျာရှည် "ဘောင်းဘီဝတ် မိုးတိမ်" A cloud in trousers ထွက်လာခဲ့။ "ကဗျာမဆန်" တဲ့ လမ်းတွေပေါ်က ဘာသာစကားကို အသုံးပြုကာ ရဲဝံ့တဲ့ ထူးခြားသစ်လွင်တဲ့ စူးရှကြမ်းတမ်းတဲ့ နိမိတ်ပုံတွေထဲမှာ အချစ်နဲ့ကဗျာကို ရောယှက်ဖွဲ့သီထားတဲ့ ပုံပြင်တပုဒ်။ ဒီကဗျာထဲမှာ မာယာကော့စကီဟာ ကိန်းကြီးခန်းကြီးနိုင်လှတဲ့ ကဗျာဆရာရဲ့ ပုံရိပ်ရုပ်သွင်ကို စက်ဆုပ်ရွံရှာစွာ ငြင်းပယ်ထားတယ်။ သူက "ဘဝရဲ့ ချိုမြိန်သာယာမှု ။ လူသားတဦး မဟုတ်၊ ဘောင်းဘီဝတ်ထားတဲ့ တိမ်တိုက်တခုသာ" ဖြစ်တဲ့ဘဝကို

ငြင်းဆန်တယ်။ ဒါရဲ့အစား ကဗျာရှင်ဆိုတာ လူသားတဦးသာ ဖြစ်ပြီး...

"သူဖုန်းစားရဲ့
လက်ဖဝါးပြင်ထက်
မဲနက်ညစ်ညမ်း
ညချမ်းတခုမှ
ဖွင့်အန်ထွေးထုတ်မှုသာ"
ဖြစ်တယ်လို့ ပြောထားတယ်။

မာယာကော့စကီဟာ သူ့ရဲ့ကဗျာနဲ့စာပေမှာ တော်လှန်ရေးကို ထည့်သွင်းတင်ပြလာတယ်။

အိတ်ထောင်ထဲ ထည့်ထား၊ ခင်ဗျားရဲ့လက်များ၊ ဆွဲထုတ်လိုက်ပဲ့ ခြေလျင်ခရီးသည်။
ခင်ဗျားဖွေရှာတွေ့တာမုန်သမျှ ဘာပဲရပစေ
ဖုံး ခေါးမြှောင်နဲ့ ကျောက်ခဲ ... စွဲကိုင်ပါလေ...။
ခင်ဗျားတို့ရဲ့ အဲဒီလူတွေ လက်မရှိစေဦး
နဖူးနဲ့ တိုက်ကြလေ။
ဝတ်မှုတ်သူများ ခင်ဗျားတို့တတွေ ချီတက်လေလော့။
ပိန်လှီချုံးကျနေ၊ ညစ်ညမ်းပေရေ သန်းတွေလေးတွေ တင်းကျမ်းဗလပွနဲ့ ချီတက်ကြလေ။

၁၉၁၆ ခုနှစ်။ ။ 'ကျောရိုးပလွေ' ကဗျာ 'စစ်ပွဲနဲ့ ကမ္ဘာမြေ' 'လူသား' စသည်တို့ကို ရေးသားထုတ်ဝေခဲ့။

"မာယာကော့စကီ တော်လှန်ရေးထဲ ဝင်လာတာဟာ ကိုယ့်အိမ်ကိုယ် ပြန်ဝင်လာသလိုပဲ" လို့ Shklovsky က မှတ်ချက်ချခဲ့တယ်။ ပီထရိုဂရက်မြို့က Smolony စမိုလိုနီကို သူသွားတော့ ဘော်ရှီဗစ်အာဏာသိမ်းပွဲကို မျက်မြင်ကိုယ်တွေ့ သူကြုံခဲ့ရတယ်။ တပ်နီ သဘော်သားတွေ ဆောင်းရာသီနန်းတော်သို့ ချီတက်ကြတဲ့အခါ မာယာကော့စကီရဲ့ ကြွေးကြော်သံတပုဒ်ကို ဟစ်အော်သီကြွေး သွားကြတယ်။

နာနတ်သီးကိုစား၊ ငုံးသားကို ငုံဝါး
ခင်ဗျားတို့ နောက်ဆုံးနေ့ရက်ဟာ ရောက်လာပါပေါ့လား ခနရှင်များ ... တဲ့။

တော်လှန်ရေးအစိုးရအတွက် နိုင်ငံရေးဆိုင်ရာနဲ့ အကျိုးရှိတဲ့ အကြောင်းအချက်တွေပါတဲ့ ကြွေးကြော်သံ နံရံကပ်ပိုစတာနဲ့ ကြော်ငြာစာတွေ အမြောက်အမြား သူရေးသားနေတာနဲ့ တချိန်ထဲမှာ ခေတ်သစ်က အနုပညာပုံသဏ္ဍာန်သစ်ကို တောင်းဆိုနေကြောင်း သူက ဆက်လက်တိုက်တွန်း ပြောဆိုတယ်။

ဘော်ရှီဗစ်တော်လှန်ရေးရဲ့ ပထမအကြိမ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် နာမည်ကြီးဒါရိုက်တာ Vsevolod Meyerhold က မာယာကော့စကီ နောက်ထပ်ရေးထားတဲ့ "ဆန်းကြယ်နက်နဲ အော်ပရာကပွဲ" Mystery Bouffe ဆိုတဲ့ ပြဇာတ်ကို တင်ဆက်လိုက်တယ်။ ဒီပြဇာတ်ဟာ မသန့်ရှင်းသူ (ပစ္စည်းမဲ့) က သန့်ရှင်းသူ (ခနရှင်) အပေါ် အောင်ပွဲခံလိုက်ပုံကို သရုပ်ဖော် တင်ဆက်ထားတာပါ။ မာယာကော့စကီကိုယ်တိုင် အဓိကကျတဲ့အခန်းမှာ ပါဝင်သရုပ်ဆောင်ခဲ့။ နောက်ပိုင်း ဒီပြဇာတ်ကို တင်ဆက် ကပြရာမှာ ဘားဂျွမ်းပညာတွေ ဆပ်ကပ်ပညာတွေနဲ့ ဖြည့်စွက်ပြီး သရုပ်ဆောင်နဲ့ ကချေသည် ၃၅၀ အထိ ပါဝင်အသုံးတော်ခံ တင်ဆက်ခဲ့ပါတယ်။

သူဟာ တော်လှန်ရေးတိမ်းညွှတ်မှုကို အထင်အရှားပြသတဲ့ ကဗျာတွေကို ရေးဖွဲ့သီကုံးခဲ့။

၁၉၁၈ ခုနှစ်။ ။'တော်လှန်ရေး မော်ကွန်းတေးကဗျာ' Ode to the revolution

၁၉၁၉ ခုနှစ်။ ။'လက်ဝဲချီတက်ပွဲ' Left march

၁၉၁၈ ခုနှစ်အတွင်း မာယာကော့စကီဟာ ရုပ်ရှင်နယ်ပယ်မှာ အချိန်တပိုင်း နှစ်မြှုပ်လုပ်ကိုင်ခဲ့သေးတယ်။ ဂျက်လန်ဒန်ရဲ့ 'မာတင်အီဒင်' Martin Eden ဝတ္ထုကို အခြေခံကာ 'ငွေဘို့စံဖို့ မဟုတ်ပါ' Not for money born ဆိုတဲ့ ဇာတ်ညွှန်းကို ရေးပေးခဲ့ရုံမက သူကိုယ်တိုင် သရုပ်ဆောင်ခဲ့။ ဒီရုပ်ရှင်ဟာ ဆိုဗီယက်လူထုတွင်းမှာ လူကြိုက်များကျော်ကြားခဲ့တယ်။

သူ့ရဲ့ဒုတိယ ရုပ်ရှင်ကား 'မိန်းမပျိုတဦးနဲ့ လေလွင့်သူတယောက်' The Lady And the Hooligan ဟာ သူကိုယ်တိုင်က 'စိတ်ခံစားမှု အလွမ်းဇာတ် ဘာမှအဓိပ္ပာယ် မရှိ' လို့ မှတ်ချက်ချခဲ့ပေမယ့် ရေပန်းစားကျော်ကြားတဲ့ ရုပ်ရှင်တကားပါ သူ့ရဲ့တတိယ ရုပ်ရှင်ကား 'ရုပ်ရှင်ရဲ့ ခြေချုပ်နှောင်ဖွဲ့မှု' Fettered by Film မှာ မာယာကော့စကီဟာ အဓိကရုပ်ရှင်မင်းသမီး Liya Birk နဲ့တွဲပြီး ပန်းချီဆရာ တဦးအဖြစ် သရုပ်ဆောင်ခဲ့တယ်။ မာယာကော့စကီရေးခဲ့တဲ့ ဇာတ်ညွှန်းတွေဟာ စုစုပေါင်း ၁၃ ပုဒ်။

၁၉၂၀ ခုနှစ်။ ။ မော်ကွန်းတင်ဝါဒဖြန့်အနုပညာ အမျိုးအစားဖြစ်တဲ့ (၁၅၀,၀၀၀,၀၀၀) ကဗျာကို ရေးသားထုတ်ဝေခဲ့တယ်။ ဆိုဗီယက် အလုပ်သမား (၁၅၀,၀၀၀,၀၀၀) နဲ့ ဝုဒရိုးဝီလ်ဆင် Woodrow Wilson ဦးဆောင်တဲ့ အရင်းရှင်မိစ္ဆာတပ်တွေအကြား အဆုံးအဖြတ် တိုက်ပွဲ ဆင်နွှဲခဲ့ပုံကို သရုပ်ဖော်ဖွဲ့နွဲ့တဲ့ကဗျာ။ ဒီကဗျာရဲ့ ပုံသဏ္ဍာန်ဟန်ပန်ကတော့ ရုရှားရိုးရာ မော်ကွန်းတေးလင်္ကာကိုယူပြီး လှောင်ပြောင်သရော်တဲ့ အနေနဲ့ တုပရေးသားထားတာပါ။ ဘယ်လိုပဲ ဖြစ်ပစေ ဒီကဗျာကို ဘောရစ်ပတ်စတာနက် Boris Pasternak

တို့လို အနုပညာအသိုင်းအဝိုင်းက မနှစ်ခြိုက်သလို စာဖတ်သူနိုင်ငံရေးသမားတွေကလဲ မကြိုက်ကြပါဘူး။ ဒီ (၁၅၀,၀၀၀,၀၀၀) ကဗျာကို ထုတ်ဝေပေးခဲ့တဲ့အတွက် လီနင်က လူနာချာစကီ Lunachasky ကို ဝေဖန်ခဲ့။ လီနင်က ဒီကဗျာအပေါ် 'မိုက်မဲတယ်၊ သိပ်ကို ဆိုးဆိုးရွားရွား မိုက်တွင်းနက်တယ်။ ကိန်းကြီးခန်းကြီးနဲ့ ဟိတ်ထုတ်ဟန်လုပ်ထားတဲ့ ကဗျာ'လို့ ပြောခဲ့တယ်။ လူနာချာစကီဟာ 'အနာဂတ်ဝါဒီတွေကို ပွဲထုတ်တွန်းဆော်ပေးရာ' ရောက်တယ်လို့လဲ လီနင်က ညွှန်ပြခဲ့တယ်။

၁၉၂၂ ခုနှစ်။ ။ သူ့ရဲ့ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လတ်ဗီးယား Latvia နိုင်ငံရဲ့မြို့တော် ရီဂါ Riga သို့ သွားရောက်ခဲ့။ သူ့ရဲ့အစီအစဉ်ထဲမှာ လူထုကို ဟောပြောပို့ချပွဲလုပ်ဖို့ အစီအစဉ်တခုလဲ ပါတယ်။ ဒါပေမဲ့ ဒေသဆိုင်ရာ ပုလိပ်တပ်မှူးက မာယာကော့စကီရဲ့ နိုင်ငံရေးအမြင်ကို သိရှိထားတဲ့အတွက် ခွင့်မပြုခဲ့ဘူး။

၁၉၂၂ ခုနှစ်အတွင်းမှာပဲ ဘာလင်နဲ့ပြင်သစ်ကို အလည်သွားရောက်ပြီး ကဗျာ၊ ဝတ္ထုနဲ့ ပြဇာတ်ရေးတဲ့ စာရေးဆရာဂျင်းကော့တူး Jean Cocteau ပန်းချီဆရာတွေ ဖြစ်ကြတဲ့ ပီကာဆို Picasso ဘရက် Braque နဲ့ လီဂါ Leger တို့ကို တွေ့ဆုံခဲ့ရုံမက ပြင်သစ် ဝတ္ထုရေးဆရာ မာဆယ်ပရောက် Marcel Proust ရဲ့ ဈာပနပွဲသို့လဲ တက်ရောက်ခဲ့။

၁၉၂၃ ခုနှစ်။ ။ 'လက်ဝဲတပ်ဦး' ဒါမှမဟုတ် ပိုပြီးလွယ်အောင် 'လက်ဝဲ' ဆိုတဲ့နာမည်နဲ့ တီထွင်ဆန်းသစ်တဲ့ ဂျာနယ်တစောင်ကို စတင်ထုတ်ဝေလိုက်တယ်။ ၁၉၂၃ ခုနှစ် မတ်လမှာ ပထမဆုံးဂျာနယ်ထွက်ခဲ့ပြီး ၁၉၂၄ ခု ဇွန်လမှာ နောက်ဆုံးဂျာနယ်ကို ထုတ်ဝေအပြီး ရပ်စဲလိုက်တယ်။ ဒီဂျာနယ်ထဲမှာ ပတ်စတာနက် Pasternak နဲ့ ကာမင်စကီ Kamensky ... စတဲ့ နာမည်ကြီးစာရေးဆရာတွေလဲ ပါဝင်ရေးသားခဲ့ကြတယ်။ ပထမဆုံးဂျာနယ်မှာ သူကိုယ်တိုင်ရေးသားတဲ့ (အဲဒီအကြောင်း) ဆိုတာကို ထည့်သွင်းခဲ့။

အချစ်နဲ့ဆင်းရဲဒုက္ခတို့အကြောင်း အားမာန်အပြည့်နဲ့ သွန်းလောင်းသရုပ်ဖော်ထားကာ စိတ်ကူးပဓာန စာပေဝါဒ Surrealist အမြင်တွေ အပြည့်အနက် ထည့်သွင်းထား။

မာယာကော့စကီဟာ အရင်ကလိုပဲ နိုင်ငံရေးပိုစတာတွေ ဆက်လက်ရေးဆွဲသလို မရေမတွက်နိုင်အောင် များပြားတဲ့ ကြွေးကြော်သံတွေ ဆောင်ပုဒ်လင်္ကာတွေ ရေးစပ်ခဲ့တယ်။ သူရေးတဲ့အထဲမှာ ဆေးလိပ်မသောက်ဖို့ ကြမ်းပြင်ပေါ်တံတွေးမထွေးဖို့နဲ့ အချိန်မှန်မှန် သွားတိုက်ဖို့ ... စတဲ့ လူထုအား သတိပေး နှိုးဆော်တဲ့ စာတွေလဲ ပါခဲ့တယ်။

၁၉၂၄ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်နေ့။ ။ လီနင်ကွယ်လွန်သွားလို့ မာယာကော့စကီဟာ အလွန်စိတ်ထိခိုက်ပြီး ဝမ်းနည်းကြေကွဲနေခဲ့တယ်။ သူဟာ ဆိုဗီယက်ယူနီယံတဝှမ်း ကဗျာနဲ့စာပေ ရွတ်ဖတ်ပွဲတွေနဲ့ ဟောပြောပွဲတွေ လုပ်နေတဲ့ အချိန်အတွင်းမှာပဲ စာကြောင်းရေ၃၀၀၀ ပါတဲ့ 'ဗလာ ဒီမာ အီလီယစ် လီနင်' ဆိုတဲ့ လီနင်ကို ဂုဏ်ပြုဖွဲ့နွဲ့တဲ့ အနုပညာလက်ရာတပုဒ်ကို ရေးခဲ့။ 'လီနင် – အခု အချိန်ကစပြီး သူ သက်ရှိထင်ရှားရှိစဉ်ကထက်တောင် ပိုမိုရှင်သန်နေပါလိမ့်မယ်။' လို့ ရေးသားခဲ့ပါတယ်။

၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ။

၁၉၂၅ ခုနှစ်၊ မေလ။ ။ သူဟာ ပါရီမြို့သို့ ၂ ကြိမ်သွားရောက်ခဲ့။

ဒုတိယ ခရီးစဉ်မှာ ဆိုဗီယက်စက်မှုပညာပြပွဲ မဏ္ဍပ်မှခ်ဦးဖွင့်ပွဲသို့ တက်ရောက်ပြီး။ အဲဒီပြပွဲမှာ သူရေးတဲ့ ကြော်ငြာပိုစတာက ငွေတံဆိပ်ဆု ရခဲ့တယ်။

ဒီနောက်မှာ သူဟာ ကိုယ်တိုင်ကိုယ်ကျ 'အမေရိကကို ရှာဖွေတွေ့ရှိ' ဖို့ အတ္တလန္တိတ်သမုဒ္ဒရာကို ရေကြောင်းခရီးနဲ့ ဖြတ်ပြီး သွားခဲ့။ ပထမဆုံး "ကျူးဘား" သို့ ရောက်ရှိသွားပြီး အဲဒီမှာ အမေရိကန်တို့ရဲ့လွှမ်းမိုးကြီးစိုးမှုကို တွေ့ခဲ့ရလို့ "အဖြူနဲ့အမဲ" ဆိုတဲ့ ကဗျာကို ရေးဖြစ်တယ်။ လူမျိုးရေးဆန့်ကျင်တဲ့ တိုက်ပွဲကို ထောက်ခံအားပေးတဲ့ ကဗျာပါ။ ဒီနောက် မက္ကဆီကိုနိုင်ငံကိုသွားပြီး မော်ဒန် ဝါဒီလဲဖြစ် ကွန်မြူနစ်တဦးလဲဖြစ်သူ သူ့သူငယ်ချင်း နံရံပန်းချီဆရာ 'ဒိုင်ဂိုရီဗာရာ' Diego Rivera နဲ့ တွေ့ဆုံတယ်။

၁၉၂၅ ခုနှစ်၊ ဇူလိုင်လ။ ။ တက္ကဆက်ပြည်နယ်ရှိ အမေရိကန်အာဏာပိုင်တွေက သူ့ကို အကျဉ်းခန်းသံတိုင်တွေထဲ ၈ နာရီ ချုပ်ထားပြီးတဲ့ နောက်မှာမှ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်နိုင်ခဲ့တယ်။ နယူးရော့၊ ချီကာဂို၊ ဒက်ထရိုက်၊ ဖီလာဒယ်လဖီးယား၊ ပစ်စဗတ်နဲ့ ကလိဗ်လန်မြို့တွေမှာ လှည့်လည်ပြီး ကဗျာစာပေ ရွတ်ဖတ်တယ်။ ဟောပြောပို့ချတယ်။ အလုပ်သမားတိုက်ပွဲတွေထဲမှာလဲ ပါဝင်ခဲ့သေးတာပေါ့။ (သူဟာ တကြိမ်မှာ နယူးယော့မြို့ အထည်စက်ရုံက အလုပ်သမားတွေရဲ့ သပိတ်တားစခန်းတခုမှာ တနေကုန်ပါဝင်နေထိုင်ခဲ့တယ်။)

၁၉၂၅ ခုနှစ် အတွင်းမှာလဲ မာယာကော့စကီဟာ "ပျံသန်းနေတဲ့ ပစ္စည်းမဲ့" The Flying Proletarian ဆိုတဲ့ ကဗျာကိုရေးခဲ့။ စိတ်ကူးယဉ်သိပ္ပံဝတ္ထုဆန်ဆန် အကြောင်းအချက်တချို့ ပါတယ်။

မာယာကော့စကီရဲ့ အတ္ထုပ္ပတ္တိကို ရေးသားသူ Victortarrors က ဒီကဗျာနဲ့ ပတ်သက်လို့–

၂၀၂၅ ခုနှစ် အရောက်။ ကြီးမားတဲ့တိုက်ပွဲကြီးတခုအကြောင်း ထူးထူးခြားခြားရေးဖွဲ့ထားတယ်။ ဆိုဗီယက်ပစ္စည်းမဲ့တို့နဲ့ အမေရိကန် အရင်းရှင်တို့ရဲ့ လေတပ်တွေဟာ သေမင်းရောင်ခြည်တွေသုံးပြီး စစ်တိုက်ကြတယ်။ အမေရိကန်တို့က လက်ဦးပိုင်းမှာ အသာစီးရနေပြီး နောက်ပိုင်းကျတော့ နယူးယော့အလုပ်သမားထုက သပိတ်တိုက်ပွဲတခု ဆင်နွဲကာ သူတို့အစိုးရရဲ့ အနိုင်အရှုံးကံကြမ္မာကို ပြောင်းပြန် လှန်ပစ်လိုက်ကြတယ်။

ဆိုပြီး ရေးသားဖော်ပြခဲ့ပါတယ်။

၁၉၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့။ ။ ကဗျာဆရာ ဆာဂျီအက်ဆင်နင် Sergei Esenin ဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်။ သူမသေခင်

သေတမ်းစာ ကဗျာတပုဒ် ရေးခဲ့ရာမှာ 'ဒီဘဝထဲ သေလဲမဆန်းပါ၊ ရှင်သန်မှုဟာလဲ တကယ်တမ်းမှာ အသစ်အဆန်း ပိုပြီးမပါ၊ ' လို့ ရေးသား အဆုံးသတ်ခဲ့။

မာယာကော့စကီက 'ဆာဂျီအက်ဆင်နင်သို့' ဆိုတဲ့ ကဗျာတပုဒ်ရေးပြီး ကဗျာကို

'ဒီဘဝ၊ သေခြင်းအနိစ္စ ဘာမှထူးကဲ မခက်ခဲလှ ရှင်သန်မှုဘဝ နှိုင်းယှဉ်ကြည့်က ပိုမိုခက်ခဲလှ။' လို့ အဆုံးပိုင်းမှာ ရေးသားခဲ့တယ်။

၁၉၂၆ ခုနှစ် ။ ။ အမေရိကန်ခရီးစဉ်ရဲ့ ရလဒ်အဖြစ် ထူးခြားတဲ့ စာပေလက်ရာဖြစ်တဲ့ 'အမေရိက ကဗျာများ' 'ဘရွတ်ကလင် တံတား' တို့ကို ရေးသားဖြစ်ခဲ့သလို မထိတထိ ကလိထားတဲ့ ခရီးသွားမှတ်တမ်း စကားပြေ (ကျွန်တော့်ရဲ့အမေရိကကို ရှာဖွေတွေ့ရှိမှု) စာအုပ်လဲ ထွက်ရှိခဲ့တယ်။

၁၉၂၇ ခုနှစ် ဇန္နဝါရီလ။ ။ သူဟာ 'လက်ဝဲ' ဂျာနယ်ကို ပြန်လည်အသက်သွင်းတယ်။ 'လက်ဝဲသစ်' ဆိုတဲ့ နံမည်နဲ့။ ထိုအချိန်က အီတလီမှာ ရောက်ရှိနေတဲ့ မက်ကဇင်ဂေါ်ကီ **Maksin Gorky** ထံ အိတ်ဖွင့်ပေးစာတစောင်ရေးပြီး ဆိုဗီယက်ယူနီယံသို့ ပြန်လာဖို့ ခေါ်လိုက်ပါသေးတယ်။

၁၉၂၇ ခုနှစ်။ ။ ဆိုဗီယက်ယူနီယံ ထူထောင်တဲ့ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေကြချိန် ...။ မာယာကော့စကီကလဲ ကဗျာတပုဒ်နဲ့ ပါဝင်အထောက်အကူ ပြုခဲ့တယ်။ 'ကောင်းမြတ်မင်္ဂလာ အခါသမယ အောက်တိုဘာတော်လှန်ရေး ကဗျာတပုဒ်' ဆိုတာပါ။ ဆိုဗီယက်ယူနီယံရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းသီဖွဲ့တယ်။ အစောပိုင်း ၁၉၁၇ ခုလောက်က မငြိမ်မသက်အခြေအနေကို စတင်ဖော်ပြတယ်။ ကရင်စကီအစိုးရအကြောင်း ထေ့ငေါ့လှောင်ပြောင်ပြီး ရေးတယ်။ ဆောင်းရာသီနန်းတော်ကို မုန်တိုင်းဆင် သိမ်းပိုက်ခြင်း။ တန်ပြန်တော်လှန်ရေးသမားများကို တိုက်ခိုက်ရခြင်း၊ နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုများ၊ အအေးဒဏ်နဲ့ အငတ်ဘေး၊ လီနင်အား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှု၊ တပ်ဖြူများရဲ့ နောက်ဆုံးပိတ် အရှုံး ... စတာတွေကို သီကုံး သရုပ်ဖော်တယ်။ ကဗျာဆရာ **Aleksandr Blok** ကို အားမာန်ပါပါ ထိုးနှက်တိုက်ခိုက်ထားတာလဲ ပါတယ်။ **Blok** ဟာ မီးဖိုမှာ မီးလှုံရင်း ယေရှုခရစ်တော် ရောက်ရှိအလာကို မျှော်လင့်စောင့်စားနေတဲ့အကြောင်း ၎င်းရဲ့ (တဆယ့်နှစ်) ဆိုတဲ့ ကဗျာက နိဂုံးအပိုင်းကို ရည်ညွှန်းကိုးကားပြီး သီဖွဲ့ထားတာပါ၊

၁၉၂၈ ခုနှစ်။ ။ ဆိုဗီယက်ယူနီယံရဲ့ ပထမငါးနှစ်စီမံကိန်း စတင်ချိန်။ ၁၉၂၉ ခုနှစ်မှာ စုပေါင်းစနစ်ကျင့်သုံးဖို့ တွန်းဆော်ဖော်ဆောင်တယ်။ မာယာကော့စကီဟာအလျင်အမြန် သွက်သွက်လက်လက် လှုပ်ရှားပြီး အလုပ်ရုံတည်ဆောက်ရေးစခန်းတွေနဲ့ စက်ရုံတွေကို သွားတယ်။ လတ်တလော ပြည်သူ့အကျိုးစီးပွားဆိုင်ရာ ကဗျာတွေကို တသွင်သွင် ရေးထုတ်တယ်။ ရေပူရေအေး မပြတ်ရတဲ့ ဘုံရေချိုးအိမ်များ ရှိလာတဲ့အတွက် ပျော်ရွှင်ချမ်းမြေ့ရပုံ။ စက်မှုထူထောင်ရေး လုပ်ငန်းအတွက် ဘွန်းစာချုပ်တွေ ဝယ်ယူနိုင်ပုံ၊ အရစ်ကျ ငွေချေစနစ်နဲ့ မော်တော်ကားဝယ်လို့ ရနိုင်ပုံတွေ ပါတယ်။

သူ့ရဲ့ပါရီခရီးစဉ်အတွင်း မာယာကော့စကီဟာ နိုင်ငံရေးကဗျာတွေ ရေးသားပေးဖို့အတွက် နာမည်ကျော် အယ်ဒီတာကြီးတဦး ဖြစ်သူ ရဲဘော် **Kostrov** ထံက ကော်မရှင်ကြေး ကြိုတင်ရရှိခဲ့တယ်။ ဒါပေမဲ့ မာယာကော့စကီဟာ ပြည်ပရောက် လှပတဲ့ ရုရှားမလေး တဦးနဲ့ ဇာတ်လမ်းတပုဒ် အစပြုနေချိန်ဖြစ်တဲ့အတွက် (အချစ် သဘာဝအကြောင်းနဲ့ ပတ်သက်ပြီး ရဲဘော်ကော့စထရော့ထံ ပါရီမှ အိတ်ဖွင့်ပေးစာ) ကို အစားထိုးပြီး သီကုံးဖွဲ့နွဲ့ပေးခဲ့တယ်။ မော်စကိုက အပြန်မှာ 'သွေးစုပ် ကြမ်းပိုး' ပြဇာတ်ကို ဒါရိုက်တာ **Meyerhold** နဲ့ ပေါင်းပြီး တင်ဆက်ပြန်တယ်။ တကယ်တော့ ဒီပြဇာတ်ဟာ သူ့ရဲ့အပယ်ခံ ရုပ်ရှင်ဇာတ်ညွှန်းတပုဒ်။ ဇာတ်လမ်းက – စီးပွားရေး ပေါ်လစီသစ် ခေတ်ကာလကို နောက်ခံပြုတယ်။ ယဉ်ကျေးမှုအကြောင်း နကန်းဒုံးဝေးဖြစ်နေသူ အနုပညာကို မုန်းတီးရွံ့ရှာသူတဦးဟာ သူနဲ့ဘဝတူ အလုပ်သမား ရည်းစားကို အဆက်ဖြတ် စွန့်ပစ်လိုက်တယ်။ အကြောင်းကတော့ ဒီမိန်းကလေးရဲ့အဖေဟာ အောင်မြင်တဲ့ အလှပြင်ခန်း (ဗျူတီပါလာ) ပိုင်ရှင် ဖြစ်နေလို့ပါတဲ့။ ဒီလူ လက်ထပ်ချိန်မှာ ခိုက်ရန်ဖြစ်ပွား ရန်းရင်းဆန်ခတ်တွေ ဖြစ်ကြလို့ သူဟာ ရုတ်တရက် လေဖြတ်သလို ဆွံ့အ အကြောသေ သွားခဲ့ရတယ်။ နှစ်ပေါင်း ၅၀ အကြာ (၁၉၇၉) ခုနှစ်မှာကျမှ သူ့ကျန်းမာရေး ပြန်ကောင်းလာတယ်။ ခေတ်သစ်ကာလက အစပထမမှာ သူ့ကိုရိုးသားဖြောင့်မတ်သူ အလုပ်သမားတဦးလို့ အထင်မှားလိုက်တယ်။ နောက်ကျမှ သူဟာကြမ်းပိုးလို သွေးစုပ်တဲ့မွှားတကောင် ဖြစ်ရုံမက ဒ့ါထက်ပိုပြီး အန္တရာယ်ကြီးကြောင်း သူ့အပေါ်မှန်ကန်စွာ သတ်မှတ်လာနိုင်တယ်ဆိုတာကို ဖော်ကျူးထားတာပါ။

၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ။ ။ သူဟာ ဥရောပနဲ့ပါရီသို့ နောက်တခေါက် ထပ်မံသွားရောက်ခဲ့။ ဒီခရီးစဉ်မှာ ပိုမိုများပြားတဲ့ အရင်းရှင် ဆန့်ကျင်ရေး ကဗျာတွေ ထွက်လာခဲ့၊ ခြေတဖက် မကောင်းတဲ့ ပြည့်တန်ဆာမလေး၊ ပါရီစားသောက်ဆိုင်ရဲ့ ယောကျ်ားအခန်းတွေမှာ အစေအပါးအဖြစ် အသုံးတော်ခံရရှာသူလေး၊ ... စတဲ့ ဇာတ်ကောင်တွေကို အဓိကအသုံးပြုထားတယ်။ သူဟာ မွန်တီကာလို **Monte Carlo** မြို့က ကာစီနိုလောင်းကစားရုံသို့လဲ သွားရောက်လည်ပတ်ခဲ့သေးတယ်။ ဒီကာစီနိုရုံဟာ တကယ်တမ်းမှာ နိုင်ငံတကာ့ ဒုစရိုက်သမားတွေရဲ့ သားရဲတွင်းတခုသာလို့ ထုတ်ဖော်ကြေညာခဲ့။

ဒီခရီးစဉ်အပြီး သူဟာ သူ့ရဲ့အကျော်ကြားဆုံး (ဆိုဗီယက် နိုင်ငံကူးလက်မှတ်) **Poem of the Soviet Passport** ကဗျာကို ရေးသားခဲ့၊ နယ်ခြားအရာရှိတွေက ဆိုဗီယက်နိုင်ငံကူးလက်မှတ်အပေါ် စိတ်ကသိကအောက် မသက်မသာနဲ့ ရွံကြောက်ကြီး ဖြစ်နေကြပုံ။ ဒီလက်မှတ်နဲ့ ပတ်သက်ပြီး ဇီဇာကြောင်ကြပုံ။ ဒီလက်မှတ်ကို ပေါက်ကွဲတတ်တဲ့ ဗုံးတလုံး၊ တကိုယ်လုံး ဆူးတောင်တွေ အပြည့်နဲ့ ဖြူတကောင်၊ အန္တရာယ်ကြီးတဲ့ သင်တုန်းဓားတချောင်းအဖြစ် သဘောထားကြပုံတွေကို မြူးမြူးသွက်သွက် ဖွဲ့နွဲ့ထားတယ်။

၁၉၂၈ ခုနှစ်ထဲမှာ လက်ဝဲဂျာနယ်ကို ရပ်ဆိုင်းလိုက်တယ်။

၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့။ ။ ဗျူရိုကရက်မိုက်မဲမှုကို ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်တဲ့ "ရေချိုးအိမ်" The Bath house ပြဇာတ်ကို လီနင်ဂရက်မြို့မှာ အဦးဆုံးတင်ဆက်ခဲ့။ ဒီဇာတ်ဟာ မအောင်မြင်ဘူး။ ပထမတခန်းနှစ်ခန်း ပြီးတဲ့အထိ ရယ်မောသံ ထွက်မလာသလို လက်ခုပ်သံလဲ မကြားရ။

၁၉၃၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့။ ။ မော်စကိုမြို့က Meyerhold ရဲ့ ကပွဲရုံမှာ ဒီပြဇာတ်ကို ထပ်မံတင်ဆက်တယ်၊ ဒီတကြိမ်မှာ အရင်ကထက် ပိုကောင်းလာတယ်။ ဒါပေမဲ့ ဝေဖန်ရေးအသံနဲ့ လူထုတုံ့ပြန်မှုကတော့ ယေဘုယျသဘောအားဖြင့် ကြိုဆိုမှု သိပ်မရှိလှ။

၁၉၃၀ ခုနှစ်၊ ဖေဖော်ဝါရီလနဲ့ မတ်လ။ ။ ဒီပြဇာတ်ထက်ပိုပြီး ကြိုဆိုလက်ခံကြတာကတော့ မော်စကိုမြို့နဲ့လီနင်ဂရက်မြို့များမှာ မာယာကော့စကီရဲ့ အနုပညာလက်ရာတွေကို ပြပွဲခင်းကျင်းပြီး ပြသတင်ဆက်တဲ့ ပွဲပါ။ ပြခန်းဖွင့်ပွဲမှာ မာယာကော့စကီက "ကျွန်တော့်ရဲ့ သံစဉ်မြင့် ဟစ်ကြွေးသံ" At the top of my voice ကဗျာကို ရွတ်ဆိုတယ်။ သူချီတက်လာခဲ့ရတဲ့ ဘဝခရီးရဲ့ တိုးတက်လာမှုကို ပြန်လည်သုံးသပ်ထားတဲ့ ပုံစံမျိုးနဲ့ ရေးထားတာပါ၊

သူ့ဘဝရဲ့ နောက်ဆုံးနေ့ရက်များ။ သူဟာ အေးအေးဆေးဆေးပဲ 'လောင်မြိုက်နေတဲ့ မီးတင်ခံမော်စကို' Moscow on fire ပြဇာတ်ကို စင်တင်ဖို့ ပြင်ဆင်နေခဲ့။ ၁၉၀၅ ခုနှစ် တော်လှန်ရေးအကြောင်း တင်ဆက်ရာမှာ အစဉ်အလာ ပုံသဏ္ဍာန် ပြကွက်တွေနဲ့ တင်ဆက်ထားတာပါ။ ဒါပေမဲ့ ဒီပြဇာတ်ဟာ မာယာကော့စကီရဲ့ တီထွင်ဖန်တီးမှုအရှိဆုံး လက်ရာတပုဒ်။ ဇာတ်လမ်းတွေနဲ့ သမိုင်းကြောင်း တသွေမတိမ်း မှန်ကန်မှုကို စွန့်ပယ်ထားတယ်။ လူရွှင်တော်တွေက ပြက်လုံးတွေထုတ်ကြ၊ ကေရာဇ်မင်းမြတ်ကလဲ သူ့အတွင်းခံဘောင်းဘီတွေ အလျင်မမီ မလောက်မငဖြစ်မှာ စိုးရိမ်နေပုံ၊ မိနစ်နဲ့အမျှ ဘောင်းဘီတွေ တထည်ပြီးတထည် လဲလှယ်ဝတ်ဆင်နေပုံ၊ ကုလားမခြေထောက်ပေါ် တက်ရပ်နေတဲ့ ရောမအလုပ်သမားကြီး၊ စက်ရုံပိုင်ရှင် လူပုလေးတွေကတော့ အောက်မှာ သေးနုပ်သိမ်ငယ်နေကြရပုံ၊ ဗုံးတွေမီးကျည်တွေ ပေါက်ကွဲနေပုံ၊ အနောက်နိုင်ငံ ခေါင်းဆောင်တွေကတော့ ပြက်တီးပြက်ချော်နဲ့ ရယ်စရာ၊

၁၉၃၀ ခုနှစ်၊ ဧပြီလ ၄ရက်။ ။ အိုးအိမ်လုပ်ငန်း သမဝါယမကနေ သူဟာ အစုရှယ်ယာတခု ဝယ်လိုက်တယ်။

၁၉၃၀ ခုနှစ်၊ ဧပြီလ ၁၀ရက်။ ။ မော်စကိုတက္ကသိုလ်ရဲ့ လူထုပွဲလမ်းသဘင်တခုကို သူသွားရောက် ပွဲမတက်နိုင်ခဲ့။ ဖျားနေလို့။

၁၉၃၀ ခုနှစ်၊ ဧပြီလ ၁၂ရက် ၁၃ရက်။ ခါတိုင်းလိုပါပဲ၊ ဘာမှ ထူးထူးခြားခြား မရှိ။

ဧပြီ ၁၄ရက် ၁၅ရက် နေ့တွေမှာတော့ ပုဂ္ဂိုလ်ရေးအရ သူ့အားချိန်းဆိုဖိတ်ကြားထားတာ အများကြီး ရှိနေတယ်။

၁၉၃၀ ခုနှစ်၊ ဧပြီလ ၁၄ ရက်။

(မနက် ၁၀ နာရီ ၁၅ မိနစ်) ။ မော်စကိုမြို့ သူ့အလုပ်ရုံးခန်းအတွင်း မာယာကော့စကီဟာ သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး သတ်သေလိုက်တယ်။ ဧပြီလ ၁၂ ရက်နေ့ နေ့စွဲနဲ့ သူက သေတမ်းစာ ကဗျာတပုဒ် ရေးထားခဲ့။

သူ့ကဗျာတပိုင်းတစက ဟောသလို…

သူတို့ ပြောသလို ဖြင့်ရင်
'ဇာတ်လမ်းလေးဟာ ပြီးဆုံးသွားပြီ ပေါ့နော်
နိစ္စဓူဝကိစ္စတွေကြောင့်
အချစ်လှေကလေးကွဲအက်ပျက်သုံးသွား၊
ကျွန်တော်အဖို့ ဘဝဟာ အရင်းပဲ
အပြန်အလှန်နာကျင်စေမှု
ဆင်းရဲခြင်း ဒုက္ခ
နောက်ပြီးစော်ကားမှုတွေကို
စာရင်းပြုနေလို့
ဘယ်သူ့မှမမြတ်ပါဘူး
…… …… ……
ကျွန်တော့်ကို သူရဲဘောကြောင်သူလို့ မမှတ်ယူစေလို၊
တကယ်ပြောတာပါ၊ ဒါဟာ ဘာမှမတတ်နိုင်တဲ့ ကိစ္စပါ။'

မာယာကော့စကီရဲ့ ရုပ်အလောင်းကို နိုင်ငံတော်ဈာပနအဖြစ် သုံးရက်တိုင်တိုင် ခင်းကျင်းပြသထားတယ်။ သူ့အတွက် ဝမ်းနည်းကြေကွဲကြသူ (၁၅,၀၀၀) တို့က လာရောက်ကြည့်ရှုကြ။

၁၉၃၀ ခုနှစ်၊ ဧပြီ ၁၇ရက်နေ့။ ။ သူ့ကို သင်္ဂြိုဟ်တယ်။

သူကွယ်လွန်သွားပြီးတဲ့နောက် ဝမ်းနည်းကြေကွဲမှု လှိုင်းတံပိုးတွေ တပြည်လုံးသို့ ရိုက်ခတ်သွားခဲ့။

၁၅၀,၀၀၀ ကျော် ပြည်သူတွေဟာ ကမ္ဘည်းကျောက်စာတိုင်နဲ့ တူများ၊ ခွေးသွားစိတ် စက်ယန္တယားဘီးများ၊ ဝက်အူ … စတာတွေနဲ့ သရုပ်ဖော်ထားတဲ့ ပန်းခွေရဲ့ခြေရင်းမှာ သူ့ကို လာရောက်နှုတ်ဆက်ကြ။

'သံမဏိ ကဗျာဆရာအတွက် သံမဏိပန်းခွေ' တဲ့လေ။

စတာလင်ရဲ့ ကြေညာချက်တစောင်ဟာ တခုလုံး အနှစ်သာရကို ခြုံငုံလှစ်ဟပြနိုင်ပါတယ်။

သူ့ကို ဂုဏ်ပြုချီးကျူးထားတဲ့ ပထမပိုင်းမှာ –

'မာယာကော့စကီဟာ ဆိုဗီယက်ခေတ်ကာလရဲ့ အကောင်းဆုံးနဲ့ ပါရမီအရှိဆုံး ကဗျာဆရာတဦး ဖြစ်ခဲ့သလို ဆက်လက်ဖြစ်နေလိမ့်ဦးမယ်၊' တဲ့။

ဒုတိယပိုင်းမှာတော့ သတိပေးတဲ့လေသံ ပါတယ်။

'သူ့ရဲ့အနုပညာနဲ့ ကျော်စောကိတ္တိကို မထီမဲ့မြင် လစ်လျူရှုခြင်းဟာ ပြစ်မှုတခုပဲ' တဲ့။

ရက်အနည်းငယ်အတွင်းမှာ မော်စကိုရဲ့အောင်ပွဲသဘင် ရင်ပြင်ကို မာယာကော့စကီရင်ပြင်လို့ အမည်ပြောင်းပေးလိုက်တယ်။ တိုင်းပြည်တဝှမ်းလုံးက ဥယျာဉ်ပန်းခြံတွေမှာ ကဗျာဆရာရဲ့ ပုံတူရုပ်ထုတွေ မိုးဦးကျမှိုတွေလို အလျှိုအလျှို စတင်ပေါ်ပေါက်လာလေရဲ့။ ဂိုဂိုး Gogol နဲ့ စတာလင့်ဇနီးရဲ့ အုတ်ဂူကြားမှာ သူ့အရိုးပြာကို မြှုပ်နှံဂူသွင်းထားတယ်။ မော်စကိုမြို့ရှိ 'နိုဗိုဒီဗက်ချိ' Novo Devechy သုသာန်အတွင်း ကြီးကျယ်ခမ်းနားတဲ့ အနီရောင်နဲ့ အနက်ရောင် ကျောက်သလင်း အထိမ်းအမှတ် အုတ်ဂူတွေအောက်မှာ သူတို့တတွေ အိပ်စက်အနားယူနေကြပြီပေါ့။

သူ့ကဗျာ အများစုဟာ အရှည်ကြီးတွေ ဖြစ်တယ်။

နေရာအကန့်အသတ်ကြောင့် တိုတဲ့နှစ်ပုဒ်ကို ဘာသာပြန် ဖော်ပြလိုက်ပါတယ်။

**တို့ရဲ့ချီတက်ပွဲ**

ရင်ပြင်ယံမှာ တော်လှန်ရေးရဲ့စစ်ချီတေး တီးခတ်ရိုက်နှိုးပေးနေပေါ့။
အတန်းလိုက်စီရီ ဂုဏ်ယူဝင့်ချီ ဦးခေါင်းများ မော့ထားလိုက်ပ့ါ။
ဒုတိယအကြိမ် ဒီရေနဲ့
ကမ္ဘာ့မြို့တော်များအား တို့များ ဆေးကြောကြမယ်။

နေ့ရက်ဆိုတဲ့ နွားသိုးကြီး စာဥကွက်တွေနဲ့
နှစ်တွေဆိုတဲ့ လှည်းကြီးကတော့ တရွေ့ရွေ့ အီလေးဆွဲလို့
တို့ဘုရားဟာအရှိန်အဟုန်ပေါ့
နှလုံးသားဟာ တို့ရဲ့ တိုက်စည်တိုက်မောင်းပဲ။

တို့များရဲ့ ရွှေ သိင်္ဂါထက် သာလွန်ပိုကဲ နှစ်လိုဖွယ်ရွှေ ရှိပါလေသလား
တတောင့်ကျည် နဂျီ (နကျယ်) ကောင်ဟာ
တို့များကို တုပ်နိုင်ပါသလား
တို့များရဲ့ တေးသီချင်းတွေက တို့များရဲ့ လက်နက်။
ကြည်မြ ပီပြင် လွင်တဲ့ အသံတွေ ... တို့များရဲ့ ရွှေစင်ပ။

မြက်ခင်းမြေမှာ မြက်တွေ လွှမ်းနေပါစေ
ဘ၀ အချိန်ကာလများအတွက် မြေတလင်းကို ဖြန့်ခင်းထားကြလေ။
သက်တံ့က
နှစ်ကာလဆိုတဲ့ လျင်မြန်တဲ့ နတ်မြင်းပျံများကို
ဇက်သတ်ပေးလို့နေ။

ကြည့်စမ်း ကြယ်ပေါင်းစုံလင် ညီညာခံသဘင် ကောင်းကင်ဘုံဟာပျင်းနေပါကလား။
သူ့ အကူအညီမပါ တို့တေးကို တို့ဘာသာ ယက်ဖောက်
ဟော့ ... ခုနစ်စဉ်ကြယ် ၊ တို့ကို အသက်ရှင်လျက်
နတ်ပြည်ကိုခေါ်သွားဖို့ တောင်းဆိုပေးစမ်းပ့ါ။

ပျော်ရွှင်မှုကို သောက်သုံးကြ တေးဆိုကြ
နွေဦးဟာ တို့သွေးကြောထဲ စီးမျောပြေး။
တိုက်စည်သံပေးလေလော့ အို–နှလုံးသား၊
တို့ရဲ့ရင်ဟာ တိုက်စည်ကြီးပဲပေါ့။ ။

## လက်ဝဲ ချီတက်ပွဲ

(တပ်နီသဘော်သားများအတွက်၊ ၁၉၁၈ ခုနှစ်)

တန်းစီ စုရုံးညီ ချီတက်ပွဲ ပါဝင်နွဲကြလော့၊
ယခုအခါ အချင်းများ စာအုပ်တွေလှန်နေရမယ့် အချိန်မဟုတ်
ဟောပြောသူများ ငြိမ်သက်ကြပါ
ရဲဘော်မော်ဆာသေနတ်
ခင်ဗျားဟောပြောဖို့ အလှည့်ကိုရောက်ပေ့ါ။
အာဒံနဲ့ ဧဝတို့ ချန်ထားရစ်ကြတဲ့ဥပဒေတွေအရ
အသက်ရှင်ရတဲ့ နေ့ရက်တွေတော်လောက်ပါပြီ။

သမိုင်းဟောင်းရဲ့ မြင်း အပြင်းနှင်လိုက်ပ့ါ
လက်ဝဲတဲ့လားဟေ့
လက်ဝဲ
လက်ဝဲတဲ့ဟေ့။

ကြည့်စမ်း... အပြာရောင် အင်္ကျီတွေပါလား
လမ်းကြောင်းပေါ်ကခင်ဗျားတို့ တိုက်သင်္ဘောတွေဟာ
သူတို့ ရောတွေ တိုက်စိတ်ခိုက်စိတ်တွေ မတုံးသေးဘူးဆိုရင်
ကောင်းကင်ရဲ့ ကျုံးတွေ ဖြတ်
သမုဒ္ဒရာ အစင်းစင်းကို ကျော်လွှန်သွားပါ
ဗြိတိသျှခြသေ့်ကြီးကို
သူ့သရဖူက အစွယ်တွေဖြဲပြီး ညည်းညူအောင်လုပ်လိုက်
ဘုံအဖွဲ့ဟာ ဘယ်တော့မှ ရှုံးနိမ့်မှာမဟုတ်
လက်ဝဲတဲ့လားဟေ့
လက်ဝဲ
လက်ဝဲတဲ့ဟေ့။

အဲဒီမှာ
ကြေကွဲမှု တောင်ထွတ်တွေရဲ့ ဟိုတဖက်မှာ
မြေပုံမှာ မပါတဲ့ နေခြည်သွန်းလောင်း နယ်မြေများ
ငတ်မွတ်မှုကို ဆန့်ကျင်လျက်
ကပ်ရောဂါရဲ့ မည်းမှောင်တဲ့ ပင်လယ်များကို ဆန့်ကျင်လျက်
သန်းပေါင်းများစွာ ပြည်သူတွေရဲ့ ချီတက်ပွဲ အစပြုပြီပဲ၊
ကြေးစားတပ်တွေ တို့ကို ချောင်းမြောင်း တိုက်ခိုက်ကြပါစေ
အကြိုအကြားတိုင်းက ခဲလုံလက်နက်တွေ တသွင်သွင် စီးမျောထွက်လာကြ
၁၇ နိုင်ငံ ညွန့်ပေါင်းတပ်ဟာ ရုရှားတို့ကို မအောင်နိုင်ပါဘူး။
လက်ဝဲတဲ့လားဟေ့
လက်ဝဲ
လက်ဝဲတဲ့ဟေ့
လင်းယုန်မျက်စိဟာ ညှိုးနွမ်းတယ်လို့ရှိသလား




အဟောင်းဆီသို့ တို့တတွေ တွေဝေငေးမော နေရမလား
ပစ္စည်းမဲ့ရဲ့ လက်ချောင်းများဟာ
ကမ္ဘာ့လည်မြိုကို မြဲမြဲ ဆုပ်ထားဆဲ။
ရင်ကိုကော့
ညာကြည့် ပခုံးညှိ
ကောင်းကင်က အလံနီတလူလူနဲ့ အတူလက်တွဲကြ
လက်ယာနဲ့ ဘယ်သူချီတက်သေးသလဲ
လက်ဝဲတဲ့ဟေ့
လက်ဝဲ
လက်ဝဲတဲ့ဟေ့။ ။

**********************

## နိုင်ငံတကာ သတင်းတိုများ

### ကမ္ဘာအနှံ့က ဆန္ဒပြပွဲများ

မကြာမီက ကမ္ဘာ့အနှံ့အပြားတွင် ဆန္ဒပြပွဲကြီးများ အင်နှင့်အားနှင့် ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်က အီရတ်အပေါ် ကျူးကျော်တိုက်ခိုက်မည့်စစ်ပွဲကိုလည်းကောင်း၊ သူ၏စွက်ဖက်ရေးနှင့် ကျူးကျော်ရေးပေါ်လစီကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအပေါ် အမေရိကန်က ဒီမိုကရေစီနှင့် ပြည်သူ့အခွင့်အရေး ဆက်လက်ချိုးဖောက်နေခြင်းကိုလည်းကောင်း ဆန့်ကျင်ကန့်ကွက်ကြခြင်း ဖြစ်သည်။

**နယ်သာလန်** — အောက်တိုဘာလ ၂၆ ရက်နေ့က နယ်သာလန်နိုင်ငံ အမ်စတာဒမ် (Amsterdam ) မြို့ဆန္ဒပြပွဲတွင် လူထု ၅,၀၀၀ ကျော်ပါဝင်တက်ရောက်ပြီး ရော်တာဒမ် (Rotterdam) မြို့တွင် ၁၂၀၀ ကျော် ပါဝင်ဆန္ဒပြခဲ့ကြသည်။

**အမေရိကန်** — ပေါ်လစီလေ့လာရေး အင်စတီကျု၏အဆိုအရ အောက်တိုဘာလလယ်အထိ အမေရိကန်နိုင်ငံတွင် အီရတ်စစ်ပွဲ ဆန့်ကျင်သည့် ဆန္ဒပြပွဲကြီးပေါင်း ၄၀၀ ထက်မနည်း ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

ဝါရှင်တန်ဒီစီမြို့တော်က ဆန္ဒပြပွဲကြီးတွင် လူထု ၁ သိန်းကျော် စုဝေးချီတက်ခဲ့သည်ဟု ခန့်မှန်းကြသည်။ ဆန္ဒပြသူများသည် **"အထောက်အထားမရှိဘဲ စစ်မတိုက်နဲ့" "ဘုရှ်လိမ်တယ်"** စသည့်ကြွေးကြော်သံ ပိုစတာများကို ဝှေ့ယမ်းချီတက်လာကြသည်။ တယောက်ကမူ ချိုပေါက်နေသည့် ဘုရှ်၏မျက်နှာဖုံးကို စွပ်ထားပြီး ခက်ရင်းခွကြီးကို ကိုင်ဆောင်ထားသည်။ တချို့ကတော့ **"ဂျော့ဘုရှ် – ခင်ဗျားရှောင်လို့ မရဘူး၊ ခင်ဗျားကို လူမျိုးတုံးသတ်ဖြတ်မှုနဲ့စွဲချက်တင်တယ်"** ဟု ဟစ်ကြွေးလာသည်။

စည်းရုံးလှုံ့ဆော်သူများက စုစုပေါင်းလူ ၂ သိန်းကျော်သည်ဟု ပြောကြားပြီး၊ တယောက်ကတော့ မျက်စိတဆုံး လူပင်လယ်ကြီးပါပဲဟု ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့တွင် လူထု ၄၂,၀၀၀ ခန့် ပါဝင်ချီတက်ခဲ့သည်ဟု ရဲအဖွဲ့က ခန့်မှန်းသည်၊ ဆန္ဒပြသူများက **"ပိုက်ဆံဟာ စစ်တိုက်ဖို့မဟုတ်၊ အလုပ်လုပ်ဖို့သာ ဖြစ်တယ်" "ရေနံအတွက်သွေးမြေမကျစေနဲ့"** စတဲ့ကြွေးကြော်သံများကို ကိုင်ဆောင်လာကြသည်။ ကလေး ၂၀ ခန့်ဦးဆောင်လာသည့်အဖွဲ့က "အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေတဲ့လက်နက်များ" ဟု ရေးထားသည့်စာတမ်းအောက်တွင် ဘုရှ်၊ ဒုသမ္မတ ဒစ်ချေနီနှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့၏ ရုပ်ပုံတွေပါသည့် ပိုစတာများကို ကိုင်ဆောင်လာသည်။

**ဂျာမဏီ** — (၂၀၀၂၊ အောက်တိုဘာ ၂၆) ဥရောပတလွှားရှိ မြို့ကြီးများတွင် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများစုဝေးခဲ့ကြပြီး "အီရတ်အပေါ် မတရားတဲ့စစ်နဲ့ ခြိမ်းခြောက်နေမှုကို အဆုံးသတ်ပစ်ရန်" တောင်းဆိုခဲ့ကြသည်။

ဂျာမဏီ နိုင်ငံ ဘာလင်မြို့ဆန္ဒပြပွဲတွင် လူ ၈,၀၀၀ ခန့်ပါဝင်သည်ဟု ရဲကခန့်မှန်းသော်လည်း စည်းရုံးသူများကမူ ၃၀,၀၀၀ ခန့် ရှိသည်ဟု ဆိုသည်။ ဆန္ဒပြသူများက **"နယ်ချဲ့စစ်ပွဲကို တိုက်ဖျက်ကြ" "ဘုရှ်ရဲ့စစ်လှုံ့ဆော်မှု ရပ်ဆိုင်းပါ" "ရေနံအတွက် သွေးမြေမကျစေနဲ့"** စသည့်ကြွေးကြော်စာတမ်းများကို ကိုင်ဆောင်ဝှေ့ယမ်းလာကြသည်။

ရဲအဖွဲ့၏အဆိုအရ ဖရန့်ဖတ် (Frankfurt) မြို့တွင် ဆန္ဒပြသူ ၁,၅၀၀ နှင့် ဟမ်းဘာ့ဂ် (Hamburg) တွင် ၅၀၀ စုဝေးကြသည်ဟုဆိုသည်။ ဖရေးဘာ့ဂ် (Freiburg) မြို့တွင် ရာများစွာသောလူများက **"ရေနံကိုလိုနီစစ်ပွဲအလိုမရှိ"** ဟု ရေးသားထားသည့် နဖူးစည်းစာတမ်းကြီးအောက်တွင် ချီတက်လာကြသည်။

**ဒိန်းမတ်** — ကိုပင်ဟေဂင်မြို့တွင် မိုးရေဖြင့်ရွှဲရွှဲစိုနေသည့်လူထု ၁,၅၀၀ သည် အမေရိကန် သံရုံးအပြင်ဘက်တွင် စုဝေးဆန္ဒပြခဲ့ကြသည်။

**ဆွီဒင်** — စတော့ဟုမ်းမြို့တွင် ဆန္ဒပြသူ ၁,ဝဝဝ ကျော်သည် လမ်းမများပေါ်တွင် စုဝေးခဲ့ကြသည်။

**ဂျပန်** — တိုကျိုမြို့တော်တွင် ဂျပန် ၃ဝဝ ကျော်က “ငြိမ်းချမ်းရေးလမ်းလျှောက်ပွဲ” ဆင်နွှဲခဲ့ကြသည်။

**“စစ်မီးကိုမလောင်ခင်ကတားဆီး”** ကြရန် အစိုးရကိုတောင်းဆိုသည့် ပိုစတာများကို ကိုင်ဆောင်လာကြသည်။

**အီတလီ** — နိုဝင်ဘာ ၉ ရက်နေ့တွင် ဥရောပတလွှားမှ စစ်တပ်များထပ်မံပို့သည့် ယခုဇန္နဝါရီလတွင် တဖန် ကမ္ဘာတဝှမ်းလုံးက မြို့တော်ကြီးများ၌ လူထုဆန္ဒပြပွဲများ အင်ကြီးအားကြီး ထပ်မံဖြစ်ပေါ်လာပြန်သည်။ မော်စကိုမှာ၊ ဒမတ်စကတ်မှာ၊ လော့စ်အိန်ဂျလိစ်၊ ဝါရှင်တန်၊ ဆန်ဖရန်စစ္စကိုမှာ – – စသည် ဆန္ဒပြကြဆဲ။

ဗီယက်နမ်စစ် ဆန့်ကျင်ရေးဆန္ဒပြပွဲများနောက် အမေရိကန်တွင် အကြီးဆုံးဆန္ဒပြပွဲများ ဖြစ်သည်ဟုဆိုသည်။ ■

## ဆရာ့ကျောင်း




“နိုင်ငံခြားစစ်တပ်နှင့် ပုလိပ်တပ်ဖွဲ့များကို လေ့ကျင့်သင်ကြား ပေးနေသည့် အမေရိကန် စစ်သင်တန်းများ” ဆိုသည့် ခေါင်းစည်းဖြင့် အစီရင်ခံစာ တစောင်ကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

စစ်ဆန့်ကျင်ရေးဆန္ဒပြသူ သန်းဝက်ကျော်သည် အီတလီ၏အနုပညာမြို့တော် ဖလောရင့် (Florence) သို့ ချီတက်လာကြသည်။ အီရတ်အား အမေရိကန်က တိုက်နိုင်ခြေရှိသည့် ဘယ်သို့သောစစ်ကိုမဆို ရှုတ်ချသည့် ဤဆန္ဒပြပွဲကြီးမှာ အသားအရောင်မျိုးစုံ၊ ဘာသာစကားမျိုးစုံပိုစတာများဖြင့် ရောင်စုံတောက်နေသော ပိုစတာတောကြီးအလားပင်။

အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်တွေ ပြည့်လျှမ်းနေသည့် တက်ကြွလှုပ်ရှားသူ လူငယ်၊ လူကြီးများသည် ကွန်မြူနစ်သီချင်းများနှင့် ၁၉၇ဝ ခုနှစ်များက ငြိမ်းချမ်းရေးတေးသီချင်းများကို သီဆိုလာကြသည်။ သူတို့သည် ရှရှားနှင့်ပေါ်တူဂီတို့ကဲ့သို့ ဝေးလံသည့်ဒေသများမှနေပြီး ဤလူထုစုဝေးပွဲကြီးသို့ ပူးပေါင်းပါဝင်လာကြခြင်း ဖြစ်သည်။

အာဏာပိုင်များက ၄၅ဝ,ဝဝဝ ခန့်ရှိမည်ဟုခန့်မှန်းသည့် ဆန္ဒပြသူများသည် အေးစိမ့်နေသည့် ဆောင်းဦးရာသီ၏နေ့လည်ခင်း ဖလောရင့်မြို့၏လမ်းများပေါ်တွင် ပြည့်လျှံနေသည်။

စည်းရုံးလှုံ့ဆော်သူများကတော့ လူပေါင်း ၁ သန်း ပတ်ဝန်းကျင်ရှိသည်ဟု ဆိုသည်။ အီတလီတွင်လုပ်ဖူးသမျှ အကြီးဆုံးစစ်ဆန့်ကျင်ရေး လူထုစည်းဝေးပွဲကြီးဟု သိရသည်။

အမေရိကန်က ပါရှန်ပင်လယ်ကွေ့သို့

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ အဆိုအရ အမေရိကန်သည် နှစ်စဉ်နိုင်ငံ ၁၅ဝ ကျော်မှ ပုလိပ်နှင့်စစ်သား အနည်းဆုံး ၁ သိန်း ကို လေ့ကျင့်သင်တန်း ပေးနေသည်ဟု ဆိုသည်။ ၂ဝဝ၁ ခု၊ စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် အကြမ်းဖက်မှုဆန့်ကျင်ရေး သင်တန်းများအဖြစ် အများအပြားတိုးချဲ့ ဖြန့်ကြက်လာခဲ့သည်။

အဆိုပါသင်တန်းများမှ မွေးထုတ်လိုက်သည့် စစ်သားများနှင့် လက်နက်ကိုင်အမှုထမ်းများသည် ကမ္ဘာ့အနှံ့အပြားတွင် လူ့အခွင့်အရေးကို အလွဲသုံးစားပြုနေကြသည်။ ၎င်းတို့ ကျူးလွန်သော ရက်စက်ယုတ်မာမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို သာဓကများနှင့်တကွ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှသည်။

အစီရင်ခံစာကအလေးထား ဖော်ပြသည့်ကိစ္စတခုမှာ ယခင် School of the Americas (SOA) ကျောင်းဟုသိကြသော ကမ္ဘာအနောက်ခြမ်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုသိပ္ပံ (WHINSEC) ကျောင်းပင် ဖြစ်သည်။

၁၉၈၉ ခုနှစ်က အယ်လ်ဆာဗာဒိုတွင် ဖြစ်ပွားခဲ့သော ဘုရင်ဂျီဘုန်းတော်ကြီး ၆ ပါး၊ ၎င်းတို့၏အိမ်ဖော်နှင့်သမီးတို့ သတ်ဖြတ်ခံရမှုတွင် ကျူးလွန်သူများမှာ အမေရိကန်အထူးတပ်ဖွဲ့မှ လေ့ကျင့်ပေးထားသည့် ဆာဗာဒိုတပ်ရင်းကြီးမှ စစ်သားများ

ဖြစ်သည်။ ပါဝင်ပတ်သက်သူ ၂၆ ယောက်အနက် ၁၉ ဦးမှာ SOA ကျောင်းမှ ဘွဲ့ရသူများ ဖြစ်သည်ဟု ဆိုသည်။

၎င်း WHINSEC - SOA ကျောင်းသည် အလွန်ကြီးမားသည့် အမေရိကန်စစ်သင်တန်း အစီအစဉ် ကွန်ယက်ကြီးထဲမှ အစိတ်အပိုင်းလေးတခုသာ ဖြစ်သည်ဟုလည်း အစီရင်ခံစာက ထောက်ပြထားသည်။

အမေရိကန်သည် တကမ္ဘာလုံးကို စစ်အင်အားဖြင့် ခြိမ်းခြောက်ပြီး ဗိုလ်ကျလွှမ်းမိုးထားနိုင်ရေးအတွက် ကမ္ဘာ့အနှံ့အပြားတွင် အမေရိကန်တပ်စခန်းများ ချထားသည့်အပြင်၊ စစ်လေ့ကျင့်ရေးသင်တန်းများဖွင့်ပြီး သက်ဆိုင်ရာနိုင်ငံနှင့် ဒေသအတွင်း ဗိုလ်ကျရမ်းကားမည့် ၎င်း၏ဩဇာခံတပည့် လက်သားများ မွေးထုတ်ပေးလျက်ရှိသည်။ ဗမာပြည်အပါအဝင် ကမ္ဘာ့ပြည်သူများ သတိရှိသင့်လှပေသည်။ ■

## ရှေ့သို့ချီမည်

နိုင်ငံတကာအမျိုးသမီးကွန်ဖရင့်သို့ တက်ရောက်မည့် ကိုယ်စားလှယ်များကို ကနေဒါ လူဝင်မှုကြီးကြပ်ရေးက အချိန်ဆွဲခြင်း၊ ပြည်ဝင်ခွင့်ဗီဇာ ငြင်းပယ်ခြင်းများဖြင့် နှောင့်ယှက်နေကြောင်း အောက်ခြေ အမျိုးသမီးများအဖွဲ့ (Grassroots Women) က အောက်တိုဘာ ၂၈ ရက်နေ့တွင် သတင်းထုတ်ပြန် ခဲ့သည်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၄ ရက်နေ့အထိ ကနေဒါနိုင်ငံ ဗန်ကူးဗား (Vancouver) မြို့တွင် စစ်၊ စစ်ဝါဒနှင့် ဂလိုဘယ်လိုက်ဇေးရှင်း ပြဿနာများ ဆွေးနွေးမည့် နိုင်ငံတကာ အမျိုးသမီးများ ကွန်ဖရင့်တခု ကျင်းပမည်။ အဆိုပါကွန်ဖရင့်သို့ တက်ရောက်ရန်အတွက် ကနေဒါပြည်ဝင်ခွင့်ဗီဇာ တောင်းခံရာတွင် ကိုယ်စားလှယ်အများအပြားသည် အချိန်ဆွဲခံရခြင်း၊ ခွဲခြား ဆက်ဆံခံရခြင်းစသည့် အနှောင့်အယှက်အမျိုးမျိုး ကြုံတွေ့ရပြီး ကွန်ဖရင့်တက်ရောက်ခွင့်ကို ငြင်းပယ်ခံကြရသည်။

ယင်းကိုယ်စားလှယ်များသည် စစ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွင်တက်ကြွသည့် ကမ္ဘာတဝှမ်းလုံးက လူထုအဖွဲ့အစည်းများကို ကိုယ်စားပြုသူများ ဖြစ်ကြသည်။ ၎င်းတို့၏ နိုင်ငံရေးယုံကြည်ချက်နှင့် လှုပ်ရှားဆောင်ရွက်ချက်များကြောင့် ပြည်ဝင်ခွင့်ဗီဇာ ငြင်းပယ်ခံကြရခြင်း ဖြစ်သည်။ ၎င်းတို့၏ လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးများကို ပြောင်ပြောင် တင်းတင်း ချိုးဖောက်ခံရခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားမှ ကိုယ်စားလှယ်များသည် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရန်အတွက် ကနေဒါသံရုံးကို တွေ့ခွင့်တောင်းရာတွင် ၂၀၀၃ ခုနှစ်၊ ဇန္နဝါရီမှာ ရက်ချိန်းပေးသည်။ ယင်းရက်ချိန်းမှာ ကွန်ဖရင့်အပြီး ၂ လ အကြာတွင်မှ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်မှ ကိုယ်စားလှယ်များမှာမူ ၅ ကြိမ်ထက်မနည်း သံရုံးသို့ သွားတွေ့ရသည်။ လိုအပ်သောအထောက်အထား စာရွက်စာတမ်း အပြည့်အစုံ တင်ပြသော်လည်း၊ ယခင်က အာရှ၊ ဥရောပနှင့် အမေရိကန်နိုင်ငံသို့ပင် ခရီးသွားဗီဇာ ရထားပြီး ဖြစ်သော်လည်း လိုအပ်ချက်မပြည့်စုံဟု မရေမရာအကြောင်းပြကာ ဗီဇာငြင်းပယ်ခံရသည်။ ၎င်းတို့၏ပတ်စပို့တွင် ဂုဏ်သိက္ခာ ထိခိုက်စေသည့် တံဆိပ်ခတ်နှိပ်ခံရသည့်အပြင် ဗီဇာကြေးဒေါ်လာ ၂၀၀ ကိုလည်း ပြန်မရရှိဟု သိရသည်။

ဖိလစ်ပိုင်မှကိုယ်စားလှယ်သည်လည်း ဗီဇာငြင်းပယ် ခံရသည်။ အကြောင်းပြချက်မှာ ထိုအမျိုးသမီးသည် ကွန်ဖရင့်တွင် ပါဝင်ဆွေးနွေးနိုင်လောက်အောင် အင်္ဂလိပ်စာအဆင့်မမီဟု သံရုံးအရာရှိက ယူဆသောကြောင့်ဟု ဆိုသည်။

လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးတည်တံ့မှုအတွက် ၎င်းတို့၏တိုက်ပွဲကို ငြိမ်သက်သွားအောင် ကြိုးပမ်းသည့် ဤသို့သော နှောင့်ယှက် ဟန့်တားမှု၊ ထိုးနှက်တိုက်ခိုက်မှုများကို ရင်ဆိုင်ရသော်လည်း ကွန်ဖရင့်ကို ဆက်လက်ကျင်းပသွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ။

## မာ့က်စ်ဝါဒ ပြန်လည်ရှင်သန်ထမြောက်အောင် လုပ်သူများ

**ကွန်မြူနစ်ကြေညာစာတမ်း (၁၅၅) နှစ် ပြည့်တော့မည်။**

**ထို (၁၅၅) နှစ်အတွင်းတွင် "သေပြီ မြေမြှုပ်လိုက်ပြီ" အပြောခံရဆုံးဝါဒမှာ မာ့က်စ်ဝါဒ ဖြစ်၏။**

**ကြေညာစာတမ်းထဲတွင် မာ့က်စ် အိန်ဂယ်လ်တို့က ခေတ်သစ်နိုင်ငံတော်၏ အစိုးရဆိုသည်များမှာ ဘူဇွာတို့၏ အရေးအရာများကို စီမံခန့်ခွဲသည့် အလုပ်အမှုဆောင်များသာ ဖြစ်သည်ဟု ရေးခဲ့သည်။**

**ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကျဆုံးသွားသောခေတ်တွင် ခေတ်သစ်နိုင်ငံတော်အစိုးရများသည် "အလုပ်အမှုဆောင်အလုပ်" ကို ပုန်းလျှိုးကွယ်လျှိုး မလုပ်ကြတော့။ "ပြောင်ကျကျ" လုပ်ကြသည်။**

**ဘုရှ်အစိုးရ ဘလဲအစိုးရတို့ အကဲဆုံး ဖြစ်သည်။**

**ယခင်အခါများက "မာ့က်စ်ဝါဒမသေ" ဟု ပြောခဲ့သူများမှာ ကွန်မြူနစ်များသာ ဖြစ်ခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့ပြီ။ မာ့က်စ်ဝါဒကို ပြန်လည်ရှင်သန်ထမြောက်လာအောင် လုပ်ပေးသူများထဲတွင် ကွန်မြူနစ်များသာ မကတော့။ အမေရိကန်နှင့် ဗြိတိန်၊ အီတလီစသည်တို့တွင် မာ့က်စ်ဝါဒကို ကိုးကားပြီး အရင်းရှင်စနစ်ကို ဝေဖန်ကြသူထဲတွင် သာမန်ပညာရှင်များ၊ လူငယ်ပညာတတ်များ အများစု ဖြစ်နေသည်။**

**ဘုရှ်တို့ ဘလဲတို့က 'အလုပ်အမှုဆောင်အလုပ်' ကို လုပ်လေလေ၊ မာ့က်စ်အိန်ဂယ်တို့ ကြေညာစာတမ်းစိတ်ဓာတ် ရှင်သန်ထမြောက်လေလေ ဖြစ်တော့မည်။**

# အီရတ်ပြဿနာ ကိုးကားစရာများ

"ကျွန်တော်တို့အစိုးရကတော့ အီရတ်မှာ အစိုးရအပြောင်းအလဲ ဖြစ်ရေးကိုပဲ ဆက်ကိုင်စွဲထားတယ်။ ဒီလို အစိုးရပြောင်းလဲအောင် လုပ်ဖို့အတွက် နည်းနာတွေဟာ မျိုးစုံလှသပ။"

(အမေရိကန်သမ္မတ **ဂျော့ဘုရှ်**)

"My administration still supports regime change. There are all kinds of ways to achieve regime change"

President George W. Bush

"သူတို့အချင်းချင်း တယောက်နဲ့တယောက် သတ်ပြီး အပြတ်ရှင်းကုန်ကြရင် အကောင်းဆုံးပဲ။ ရေနံဟာ အာရပ်တွေနဲ့ မတန်ဘူး"

(**ဟင်နရီ ကစ်ဆင်းဂျား**)

အမေရိကန်က အီရန်နဲ့အီရတ် နှစ်နိုင်ငံလုံးကို အကူအညီ ပေးရတဲ့အကြောင်းကို ရှင်းပြချက်

¡ " Its best to let them kill each other off. ¡ ¡ "Oil is too valuable a commodity to be left in the hands of the Arabs."

(Henry Kissinger)

"အမှန်ပဲ။ လူထုကတော့ စစ်ကိုဘယ်လိုလားပါ့မလဲ။ ဒါပေမဲ့ နောက်ဆုံးကျတော့ နိုင်ငံ့ခေါင်းဆောင်တွေကပဲ ပေါ်လစီကို ဆုံးဖြတ်တာ။ ဒီအထဲကို လူထုတွေပါလာအောင် ဆွဲသွင်းတယ်ဆိုတာဟာလဲ လွယ်လွယ်လေးပဲ။ သူတို့ကို အတိုက်ခံနေရပြီလို့ ပြောလိုက်၊ နောက်ပြီး ငြိမ်းချမ်းရေးသမားတွေကို ပြည်ချစ်စိတ်မရှိသူတွေ၊ တိုင်းပြည်ကို ဘေးအန္တရာယ်ထဲဆွဲချသူတွေလို့ အပုပ်ချလိုက်ရုံပဲ။ "

နာဇီခေါင်းဆောင် (**ဟာမန်ဂိုးအားရင်း**)

ဒုတိယကမ္ဘာစစ်တရားခံများကိုစီရင်တဲ့ နူရင်ဘတ်တရားရုံးမှာ ပြောကြားချက်

"Why of course the people don't want war ... But after all it is the leaders of the country who determine the policy, and it is always a simple matter to drag the people along. ... All you have to do is to tell them they are being attacked, and denounce the pacifists for lack of patriotism and exposing the country to danger."

(Hermann Goering) Nazi leader, at the Nuremberg Trials after World War II

"အများသဘောတူညီချက် ရရှိဖို့ဆိုတာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်ဖို့နဲ့ မှန်တာကို လုပ်တာလောက် အရေးမကြီးပါဘူး။ အစမှာတော့ နည်းနည်းအထီးကျန်ဆန်ကောင်းဆန်မပေါ့။"

အမေရိကန်ကာကွယ်ရေးဝန်ကြီး (**ဒေါ်နယ် ရမ်းစ်ဖဲလ်ဒ်**)

"It's less important to have unanimity than it is to be making the right decisions and doing the right thing, even though at the outset it may seem lonesome"

Secretary of Defense Donald Rumsfeld

'အိမ်ဖြူတော်ဟာ "ဒီမိုကရေစီရှိတဲ့"အီရတ်နိုင်ငံ တည်ထောင်ဖို့အတွက် ၁၈လကြာ သိမ်းပိုက်ထားရေး အစီအစဉ်တခုရေးဆွဲနေကြတယ်။ အိမ်ဖြူတော်က အရာရှိတွေဟာ ဒီနိုင်ငံကို သိမ်းပိုက်ထားနိုင်ဖို့ ဥပဒေကြောင်းတွေကို သုတေသနပြုနေကြတယ်။ အဲဒီမှာ ကာလတခုတော့ အမေရိကန် စစ်တပ်ဟာ အဓိကဖြစ်နေမယ်။ အီရတ်ကို (ဒီမိုကရေစီ) ပြန်လည်တည်ထောင်ရာမှာ ကုန်ကျစရိတ်တွေအတွက် အဲဒီနိုင်ငံက ရေနံတွင်းတွေကို အမြန်သိမ်းပိုက်ရတာ ဖြစ်လိမ့်မယ်။'

**နယူးယောက်တိုင်း သတင်းစာ**

"The Bush White House is "assembling plans" for an 18- month occupation that will "promote a democratic Iraq." White House officials are researching the legal basis for taking control of the country. The American military would remain the central player in running the country for some time. There will be quick takeover of the country's oil fields to pay for the [democratic] reconstruction of Iraq."

New York Times

"စစ်ရယ်လို့ဖြစ်လာရင်တော့ ဒါဟာ ရမ်းစဖဲလ်ချန်ခဲ့တဲ့ သမိုင်းဖြစ်မယ်။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ ဒါဟာ ရမ်းစဖဲလ်ရဲ့စစ်ပွဲပဲ။"

**တိုင်းမ်မဂ္ဂဇင်း**။

A war, if it comes, would be Rumsfeld's legacy. Win or lose, this would be Rumsfeld's war.

Time magazine




“အီရတ်အရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အတတ်နိုင်ဆုံး နီးနီးကပ်ကပ် လုပ်သွားကြဖို့ ကျွန်တော်တို့ လုံးဝသဘောတူကြပါတယ်။ ”

ဇန်နဝါရီ တတိယပတ်တုန်းက ပြင်သစ်သမ္မတနဲ့အတူ ပြုလုပ်ခဲ့တဲ့ ပဲရစ်သတင်းစာရှင်းလင်းပွဲမှာ ဂျာမဏီဝန်ကြီးချုပ် **ဂါးဟဒ် ရှရိုဒါ** ပြောကြားချက်။

“We agree completely to harmonize our positions as closely as possible to find a peaceful solution to the Iraq crisis,” German Chancellor Gerhard Schroeder Mr Schröder told a joint press conference in Paris:

“ယေရှုသခင်သာဆိုရင် သူတို့အပေါ်ကို ဗုံးကြဲပါ့မလား။”

ဇန်နဝါရီလအတွင်းက ကမ္ဘာအနှံ့ဖြစ်ပေါ်ခဲ့တဲ့ အီရတ်အပေါ်စစ်မပြုရေး ဆန္ဒပြပွဲတွေထဲက **ပိုစတာတခု**။

“Would Jesus Have Bombed Them?”

အမေရိကန်က အီရတ်အပေါ်ဘာကြောင့် စစ်ခင်းချင်ရတာလဲ ဆိုတာနဲ့ပတ်သက်ပြီး တိုင်းမ် မဂ္ဂဇင်းက လူ ၁၂၆၀၇ ယောက်ကို မေးပြီး လူထုဆန္ဒ ကောက်ယူတဲ့အခါမှာ အောက်ပါအတိုင်း အဖြေထွက်ခဲ့တယ်။

အီရတ်ရဲ့ရေနံကိုလိုချင်လို့ဆိုသူ.......... ၈၄%
ဆဒ္ဒန်ကို လက်နက်ဖြုတ်ဖို့ ............. ၃.၁%
ကမ္ဘာကြီးကို ပိုမိုလုံခြုံအောင်လို့ ....... ၄.၇%

**အီရတ်စစ်ဆန့်ကျင်ရေး ဂျပန်နိုင်ငံဆန္ဒပြပွဲမှ အမျိုးသမီးငယ်တဦး**

A poll conducted by Time magazine asking “Why does the US want to attack Iraq?” showed a very high level of understanding by the American people. Eighty-four per cent of those polled believed its aim was to “Get Iraq’s oil”. Only 3.1 per cent said it was “To disarm Saddam” and only 4.7 per cent thought it was “To make the world a safer place”. There were 12,607 responses to the poll.

“ကျွန်တော်တို့ဟာ အားကြီးတယ်ဆိုတာနဲ့ ဒီစကားကို ငါတို့လုပ်တာ တရားတယ်ဆိုတဲ့စကားနဲ့ ဘာကြောင့်အစားထိုးချင်ကြတယ် ဆိုတာ ကျွန်တော်တော့ စဉ်းစားလို့ မရဘူး။”

၆၀ စုနှစ်များတုန်းက အမေရိကန်ဆီးနိတ်လွှတ်တော်မှာ အမတ်ဖြစ်သူ**ဝိန်းမော့စ်** ရဲ့ ၁၉၆၄ ခုနှစ်မှာ ပြောခဲ့တဲ့စကား။

“I don’t know why we think, just because we’re mighty, that we have the right to try to substitute might for right.”

Senator Wayne Morse

“ကျွန်မတို့အနေနဲ့ မာတင်လူသာကင်းကို ငြိမ်းချမ်းရေး ခေါင်းဆောင်ကြီးတဦးလို့ ဂုဏ်ပြုကြတယ်။ မာတင်က ‘တကယ့် ငြိမ်းချမ်းရေး ဆိုတာ တင်းမာမှုမရှိတာကိုသာ ပြောတာမဟုတ်ဘူး၊ တရားမျှတမှုရှိတာကိုပါ ဆိုလိုတယ်’ တဲ့။”

မာတင်လူသာကင်းရဲ့ဇနီး **ကော်ရီတာစကော့ကင်း**က ပြီးခဲ့တဲ့မာတင်းလူသာကင်းနေ့မှာ ပြောကြားချက်။

“We commemorate Martin Luther King Jr. as a great champion of peace. Martin said, “True peace is not just the absence of tension, it is the presence of justice.”

Coretta Scott King

**********************

# ၂၀၀၂ ခုနှစ် ဒီကမ္ဘာ

***“စစ်ကိုဖန်တီးရတာဟာ ငြိမ်းချမ်းရေးတည်ဆောက်ရတာထက် လွယ်တယ်။” ဆိုတာ ပြင်သစ်နိုင်ငံရေးသမားနဲ့ သတင်းစာဆရာ ဂျော့ ကလင်မန်းစိုး (Georges Clemenceau, 1841–1929) က ပြောခဲ့ဖူးတဲ့ စကားပါ။***

အခုလဲ စစ်အေးစစ်ပွဲ ပြီးဆုံးပေမယ့် ငြိမ်းချမ်းရေးဆိုတာကို ရောင်ခြည်လေးမှ မမြင်ရဘဲ နောက်ထပ်စစ်တွေ တခုပြီးတခုပေါ်နေ၊ ကမ္ဘာကြီးသားတွေကို စစ်က ခြိမ်းခြောက်မြဲ ခြိမ်းခြောက်နေတာပဲ တွေ့နေရပါတယ်။ ကမ္ဘာ့သမိုင်းမှာ နျူကလီယာ လက်နက်ပြီးရင် အင်အားအကြီးဆုံး နောက်ဆုံးပေါ် ဖုံးမျိုးပေါင်းစုံနဲ့ ဘာမှပြန်မခုခံသူတွေကို ဒလကြမ်း (တရကြမ်း) ဖုံးကြဲတိုက်ခိုက်တာတွေ မြင်ကြရပြီးတဲ့နောက် အီရတ်နိုင်ငံတပိုက်မှာ ရွှေစွန်ညို တဝဲဝဲလုပ်နေတာ တွေ့မြင်နေကြရပြန်ပါတယ်။

၂၀၀၂ခုနှစ် အတွင်းက အဖြစ်အပျက်တွေဟာ စစ်အေးခေတ်လွန် တလျှောက်လုံး တွေ့နေရတဲ့ အမေရိကန်က သုတဦးတည်းဗိုလ် အဖြစ် ဗဟိုပြုတဲ့ ကမ္ဘာ့အခင်းအကျင်းသစ်တရပ် ထူထောင်ဖို့အတွက် ထိုးစစ်ဆင်တဲ့ ဖြစ်စဉ်ကြီးထဲက တစိတ်တပိုင်းသာ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ ဒီထိုးစစ်ကို ဘယ်သူမှ မဟန့်တားနိုင်သေးတဲ့အပြင် တချို့နိုင်ငံကြီးတွေဟာ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးမှာ ဥရောပနိုင်ငံတချို့က ဟစ်တလာကို အလိုလိုက်ချော့မြှူတာမျိုးများ လုပ်နေလေသလားလို့တောင် စဉ်းစားသူတွေ ရှိနေပါတယ်။

နေတိုးအဖွဲ့ထဲကို အရှေ့ဥရောပက အရင်ဆိုဗီယက်ရဲ့ မဟာမိတ်နိုင်ငံတွေကို ပိုမို ပါဝင်လာစေတာအပြင် တခြားသော လုပ်ရပ်တွေကြောင့် အမေရိကန်ဟာ ဒီဒေသမှာ လက်တင်အမေရိကပုံသွင်းနေတယ် (Latin Americanization)လို့ တချို့မီဒီယာတွေမှာ ဖော်ပြတာ တွေ့နေရပါတယ်။ ဆိုလိုတာက သူလုပ်ချင်တိုင်း လုပ်လို့ရတဲ့ တခေတ်က လက်တင်အမေရိကန်နိုင်ငံတွေရဲ့ အဖြစ်မျိုးဆီကို ဆွဲခေါ်နေတာကို ပြောတာပါ။ အရင်က ဆိုဗီယက်ယူနီယံနဲ့ နယ်စပ်ချင်းကပ်ပြီး တည်ရှိတဲ့ နေတိုးစစ်စခန်းရယ်လို့ တူရကီလောက် ရှိတာပါ။ ဒါပေမဲ့ အခုတော့ ရုရှားနိုင်ငံအပါးမှာ နေတိုးတပ်တွေ အများကြီး ဖြစ်လာပါတော့မယ်။ ဒါတွေဟာ ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် အာမခံချက်မဟုတ်ရုံမက နောင်မှာ တင်းမာမှုတွေ ပိုဖြစ်လာစရာ အခြေခံအချက်တွေ ဖြစ်လာမှာပါ။

အမေရိကန်နဲ့ အဲဒီက လက်နက် ထုတ်လုပ်သူ၊ ရောင်းဝယ်သူတွေအဖို့ ရန်သူတယောက် အမြဲလိုနေပါတယ်။ မရှိရင်လဲ တမင် ဖန်တီးထားရပါတယ်။ စစ်အေးစစ်ပွဲ ပြီးတဲ့နောက် ရန်သူမရှိရင် မဖြစ်တဲ့ သူတို့ဟာ အကြမ်းဖက်လုပ်ကြံခြင်းကို နံပါတ်တစ် ရန်သူကြီးအဖြစ် သတ်မှတ်ပြီး သူတို့ရဲ့ ကမ္ဘာ စိုးမိုးရေးဗျူဟာကို ဆက်လက်အကောင်အထည် ဖော်နေပါတယ်။ ဒီအကြောင်းပြချက်နဲ့ အမေရိကန်တပ်တွေဟာ ဖိလိပိုင်ကျွန်းကနေ တောင်အမေရိက၊ အရှေ့ဥရောပကနေ အာဖရိကဦးချိုစွန်းအထိ၊ ကမ္ဘာ့နေရာအနှံ့ကို စစ်တပ် ပို့နေပါတယ်။ ဒါပေမဲ့ ဘုရှ်အစိုးရက အကြမ်းဖက်လုပ်ကြံမှု ချေမှုန်းရေး အစီအစဉ်တွေ အမျိုးမျိုးလုပ်နေတဲ့ ကြားကပဲ ၂၀၀၂ အတွင်း ရုရှား၊ ကင်ညာ၊ အင်ဒိုနီးရှားစတဲ့ တိုင်းပြည်တွေမှာ အလွန်ဆိုးဝါးတဲ့ အကြမ်းဖက်လုပ်ကြံမှုကြီးတွေ ဖြစ်ပွားခဲ့ပါတယ်။

အမေရိကန်ဟာ သူ့ဟာသူ သတ်မှတ်ထားတဲ့ ရန်သူဖြစ်သူအီရတ်ကို ဝင်တိုက်တော့မှာပဲလို့ လူအများက တွက်နေကြတဲ့ အကြားက မနှစ်က ဘာမှမဖြစ်ခဲ့တာဟာ သက်ပြင်းချနိုင်တဲ့ကိစ္စတခုလို့ ဆိုနိုင်ပါတယ်။ အဲဒီကိစ္စမှာ အမေရိကန်နဲ့ သူ့မဟာမိတ်တွေအကြား၊ အမေရိကန်နဲ့ ရုရှားတို့အကြား သဘောကွဲပြား

ကြပုံတွေဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ရေနံအတွက်ဆိုရင်တော့ ဘယ်သူ့မှ အလျှော့မပေးဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။ သူတို့ ပါးစပ်တွေက ဘယ်လိုပဲပြောနေနေ သူတို့စိတ်ထဲမှာ 'အရှေ့အလယ်ပိုင်းကို အမေရိကန် တဦးတည်း စိုးမိုးသွားမှာကို ခွင့်မပြုနိုင်ဘူး' လို့ အောက်မေ့ထားကြတာပါ။

အထူးသဖြင့် သီရိလင်္ကာက ငြိမ်းချမ်းရေး စကားဝိုင်းပါ။ နအဖအစိုးရနဲ့မတူဘဲ နှစ်ဘက်စလုံး လေးလေးနက်နက် ဆွေးနွေးကြတဲ့ အတွက် မျှော်လင့်ချက်ရောင်ခြည်ကို တောင်စွယ်မှာ မြင်နေရသလို ရှိပါတယ်။

ဒီကာလမှာ အမေရိကန်က အခုလို အဖက်ဖက်မှာ အသာစီးရနေတယ်လို့ ယူဆရမလို ဖြစ်နေပေမယ့် စီးပွားရေးနယ်ပယ်မှာတော့ သူတို့ဟာ မကျော်လွှားနိုင်တဲ့ အခက်အခဲတွေကို ကြုံနေဆဲပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း အမေရိကန်ရဲ့စီးပွားရေးဟာ ၉ –၁၁ အရေးအခင်းဒဏ်နဲ့ဆက်နေတဲ့ ထိုင်းမှိုင်းမှုထဲက ရုန်းထွက်စပြုပြီလို့ ဆိုနိုင်ကောင်းဆိုနိုင်ပေမယ့် ဒီအဆိုကို လက်မခံတဲ့ စီးပွားရေး ပညာရှင်တွေလဲ အများကြီး ရှိနေပါတယ်။ အထူးသဖြင့် အလုပ်လက်မဲ့ပြဿနာ၊ အလုပ်ထပ်မံဖန်တီးပေးနိုင်မှု၊ လူမှုဖူလုံရေးအကျိုး ခံစားခွင့်စတာတွေနဲ့ ပတ်သက်လို့ကတော့ အားရစရာ ဘာမှမရှိသေးဘူးလို့ပဲ အများက ယူဆပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း ကမ္ဘာ့စီးပွားရေးမှာ အထူးခြားဆုံး ဖြစ်ရပ်လို့ ဆိုနိုင်တာကတော့ အမေရိကန်နိုင်ငံရှိ ရောမကော်ပိုရေးရှင်းကြီးတွေရဲ့ လိမ်ညာမှုတွေပွင့်ကျ၊ အများအပြား ဒေဝါလီခံကြရတဲ့ အဖြစ်ပါပဲ။ အင်န်ရွန် Enron က စလိုက်တဲ့ ပြိုကွဲမှုတွေဟာ လေကြောင်းကုမ္ပဏီတွေ၊ ကွန်ပြူတာလုပ်ငန်းတွေ၊ တခုပြီး တခုဆက်နေပြီး သမိုင်းစံချိန်တင်လောက်အောင် တနှစ်ထဲမှာ တွေ့ကြုံရတဲ့ အံ့ဘနန်း အဖြစ်အပျက်တွေ ဖြစ်နေပါတယ်။

ဥရောပတိုက်ရဲ့ စီးပွားရေးဟာလဲ ပြီးခဲ့တဲ့နှစ်အတွင်း အားရစရာ မရှိခဲ့ပါဘူး။ အနောက်ကမ္ဘာရဲ့ ခေါင်းတွဲကြီး အမေရိကန်ရဲ့ အခြေအနေမကောင်းတော့ ကျန်တဲ့နိုင်ငံတွေက ခွန်ပြီးကောင်းမွန်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ယူရိုဒေါ်လာသုံးတဲ့ ၁၂ နိုင်ငံဟာ ၂၀၀၃ အတွက် သူတို့ရဲ့စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို လျှော့ချပစ်ခဲ့ရပါတယ်။

စီးပွားရေးထိုင်းမှိုင်းမှု လေးငါးနှစ်ကြုံနေရတဲ့ ဂျပန်နိုင်ငံ ကတော့ ဒီဝဲဂယက်ထဲက ကူးမထွက်နိုင်သေးဘဲ ရှိပါတယ်။ သူ့နိုင်ငံစတော့ဈေးဟာ ၁၉ နှစ်အတွင်း အနိမ့်ဆုံးကို ရောက်ခဲ့ပြီး အလုပ်လက်မဲ့နှုန်းဟာလဲ ဒုတိယကမ္ဘာစစ်ဒီဘက်မှာ အဆိုးဆုံးစံချိန်ကို ရောက်တယ်လို့ ဆိုပါတယ်။(ဂျပန်ဟာ အခုလို စီးပွားရေးမကောင်းပေမယ့် ဗမာပြည်က စစ်အစိုးရကို အကြွေးလျှော်ပစ်တဲ့နည်းနဲ့ နှစ်စဉ်ဒေါ်လာ တဘီလျံလောက် ထောက်ပံ့နေတာကို ဂရုပြုပါ။)

ဒီနိုင်ငံအားလုံးမှာ အီရတ်စစ်ပွဲသာ ဖြစ်ခဲ့သော် ဆိုတဲ့ခြောက်လှန့်မှုကြောင့် စီးပွားရေးတည်ငြိမ်မှု ဘယ်လိုမှမရဘဲ ဖြစ်နေပါတယ်။ အများဆုံး ထိခိုက်တာကတော့ ငွေကြေးရောင်းဝယ်မှု ဈေးကွက်ပါ။

အဆိုးဆုံးကတော့ ဗမာပြည်အပါ အဆင်းရဲဆုံး နိုင်ငံတွေပါပဲ။ အာဖရိကတိုက်တောင်ပိုင်းနဲ့ အလယ်ပိုင်းနိုင်ငံတွေရဲ့စီးပွားရေး၊ လူမှုရေးအခြေအနေတွေဟာ ဆိုးသထက်ဆိုးလို့သာ လာနေပါတယ်။ သူတို့ရဲ့ စီးပွားရေးကို ဘယ်လိုနာလန်ထူအောင် လုပ်ရမယ်ဆိုတာ နည်းလမ်းရှာမတွေ့သေးဘူးလို့ ဆိုရမလို ဖြစ်နေပါတယ်။

လက်တင် အမေရိကတိုက်မှာဆိုရင် အဓိကနိုင်ငံကြီးတွေဖြစ်တဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ရဲ့ စီးပွားရေးဟာ ကသောင်းကနင်း အခြေအနေမှာပဲ ရှိပါသေးတယ်။ ကျန်နိုင်ငံတွေကတော့ ပိုလို့သာ ဆိုးပါတော့တယ်။

အရှေ့တောင်အာရှနဲ့ အရှေ့ဖျား အာရှတိုက်တို့မှာတော့ စီးပွားရေးအင်အား သိသိသာသာ ကြီးထွားလာနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဘယ်လိုသဟဇာတ ဖြစ်အောင် ဆက်နေကြမလဲဆိုတာကို ဆွေးနွေးတိုင်ပင်နေခဲ့ကြတာ တွေ့ရပါတယ်။ တရုတ်ပြည်ထဲကို ပြည်ပကအရင်းအနှီးတွေ အရမ်းစီးဝင်ပြီး လုပ်ငန်းတွေလဲ ပြောင်းရွှေ့ဝင်ရောက်လာနေသလို သူ့နိုင်ငံရဲ့ အရင်းအနှီးတွေဟာလဲ ဗမာပြည်ကိုသာမက တခြားအရှေ့တောင်အာရှနိုင်ငံတွေထဲကို ဒလဟောစီးဆင်းဝင်နေပါတယ်။ ဂျပန်မှာ အလုပ်လက်မဲ့တွေ များလာရတဲ့ကိစ္စမှာ သူတို့နိုင်ငံထဲက လုပ်ငန်းတွေကို လုပ်ခသက်သာတဲ့ တခြားနိုင်ငံတွေဆီကို ပြောင်းရွှေ့ လုပ်ကိုင်ကြတာလဲ အကြောင်းရင်းတခု ဖြစ်ပါတယ်။

အာဏာသိမ်းမှုတွေနဲ့ ပတ်သက်လို့ နောင်မှာကိုးကားရမယ့် ဖြစ်ရပ်နှစ်ခုကိုလဲ ပြီးခဲ့တဲ့နှစ်အတွင်းမှာ တွေ့ခဲ့ရပါတယ်။ တခုက ဗင်နီဇွေးလားနိုင်ငံမှာပါ။ "ရေနံအတွက် သွေးမထွက်စေနဲ့"လို့ ကမ္ဘာအနှံ့ ကန့်ကွက်နေတဲ့ အကြားက အီရတ်ကို စစ်ပြုမယ်တကဲကဲ ဖြစ်နေချိန်မှာ ကမ္ဘာ့ရေနံဈေးကွက်ကို အားလုံးက အာရုံစိုက်လာကြပါတယ်၊ ဒီလိုအချိန်မှာပဲ အိုပက်အဖွဲ့ဝင် ဗင်နီဇွေးလားနိုင်ငံမှာ အာဏာသိမ်းဖို့ ကြိုးစားမှုဖြစ်ခဲ့ပြီး အဲဒီနိုင်ငံရဲ့ ပြည်တွင်းရေးမှာ လူထုကရွေးတင်ထားတဲ့ သမ္မတကို ဖြုတ်ချဖို့အတွက် မြောက်အမေရိကတိုက်က အရင်းရှင်ကြီးတွေ အိမ်ငြိမ်မဆည်နိုင်ဘဲ ဝင်ပါလာကြတာကို တွေ့ခဲ့ရပါတယ်။ ဒါကို သမ္မတချာဗေး (Chavez) က စစ်တပ်ထဲက စစ်ဗိုလ်တွေနဲ့ လက်တွဲပြီးတွန်းလှန်ခဲ့တာဟာ နောင်မှာ တခြားနိုင်ငံတွေက နည်းနာယူသင့် ယူရမယ့် သာဓကပါ။ နောက်အဖြစ်အပျက်ကတော့ ပါကစ္စတန်နိုင်ငံပါ။ သုံးနှစ်ကျော် အာဏာသိမ်းထားတဲ့ မူရှာရက်ဖ်ဟာ ရွေးကောက်ပွဲ မလုပ်မီ လူထုဆန္ဒခံယူပွဲဆိုတာကို လုပ်ပြီး သူ့နေရာကို ခိုင်အောင်လုပ်ထားလိုက်ပါတယ်။ ပြီးနောက် နိုင်ငံ့ဖွဲ့စည်းပုံမှာ ပြင်ဆင်မှုတွေ အမျိုးမျိုးလုပ်ပြီး ရွေးကောက်ပွဲ ကျင်းပပေးပါတယ်။ ချုပ်ပြောလိုက်ရင် ရွေးကောက်ပွဲဆိုတာကို လုပ်ပြီးတော့လဲ ရွေးကောက်ပွဲမှာ မပါဝင်တဲ့ သူက နိုင်ငံ့အကြီးအကဲ ဖြစ်မြဲဖြစ်နေပါတယ်။

ကမ္ဘာ့အခင်းအကျင်းသစ်ကြီးတခု ဖြစ်ပေါ်လာတယ်ဆိုတဲ့ဖြစ်စဉ်ဟာ မလွယ်ကူတဲ့ အပြင် နာကျင်မှုတွေ များပြားလှကြောင်း လက်ရှိအနေအထားတွေက ဖော်ပြနေပါတယ်။ အရင်က သမိုင်းမှာ ပေါ်ခဲ့တဲ့ ကမ္ဘာ့အခင်းအကျင်းတွေဟာ စစ်ပွဲကြီးတွေရဲ့ နောက်ဆက်တွဲ အနေနဲ့ ပေါ်ထွက်လာလေ့ ရှိပါတယ်။ ဒါပေမဲ့ ဒီသမိုင်းအကွေ့မှာတော့ စစ်အေးကာလတုန်းက အင်အားကြီးဖြစ်တဲ့ ဆိုဗီယက်ယူနီယံဟာ သေနတ်သံတချက် မကြားရဘဲ ပြိုကျသွားခဲ့တဲ့အတွက် လူတွေဟာ အခင်းအကျင်းသစ် တခုတော့ဖြင့် အေးဆေးသက်သာ ပေါ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။

၂၀၀၂ခုနှစ်ဟာ ကမ္ဘာ့ပြည်သူတွေကို ရတက်မအေးစေခဲ့ပါဘူး။

● ● ● ● ● ● ● ● ● ● ● ●

**ပြည်တွင်းသတင်း သုံးသပ်ချက်**

## စစ်အုပ်စုအတွက် "ရွှေတွင်းကြီး"– ပြည်သူအတွက် "မွဲတွင်းကြီး" ဖြစ်နေတဲ့ ဗမာပြည်

(၂၀၀၂ ခုနှစ် နှစ်ကုန်နဲ့ ၂၀၀၃ ခုနှစ် နှစ်ဆန်း)

### [ပြည်တွင်း]

**၁။ ။ နအဖ – ဒီချုပ်။ ပြည်တွင်းခရီးစဉ်များ။**

စေ့စပ်ဆွေးနွေးပွဲ အရိပ်အရောင်တောင် မတွေ့လိုက်ရဘဲ ၂၀၀၂ ခုနှစ် ကုန်ဆုံးသွားခဲ့ပါပြီ။ ဒေါ်အောင်ဆန်းစုကြည် လွတ်လာပြီးတဲ့နောက် ဒုတိယနှစ်ဝက် အတွင်းမှာ ဒီချုပ် အနေနဲ့ ပါတီစည်းရုံးရေး လုပ်ငန်းတွေ ပြန်လုပ်လာတဲ့ အပြင် – လူထုစည်းရုံးရေးလုပ်ငန်းအဖြစ် ဒေါ်အောင်ဆန်းစုကြည် – ဦးတင်ဦးတို့ရဲ့ ခရီးစဉ်တွေ ဖော်ဆောင်လာပါတယ်။ ပြည်မခရီးစဉ်တွေက နအဖနဲ့အပေးအယူရှိရှိ လုပ်ဆောင်ကြတာမှာ အဆင်ပြေတယ်လို့ ပြောနိုင်ပါတယ်။ ၁၀ လပိုင်းလလယ် ပဲခူးတိုင်းအနောက်ခြမ်း ခရီးစဉ်အထိ ကြီးကြီးမားမား ပြဿနာမပေါ် ခဲ့ပါဘူး။

မွန်ပြည်နယ်ခရီးစဉ်မှာလဲ အလားတူပါပဲ။ သို့သော် ရှမ်းပြည်နယ်ခရီးမှာတော့ ပြဿနာတွေ ရှိလာတယ်။ ပြည်နယ်–ပြည်မမရွေး နအဖကို ဆန့်ကျင်တဲ့ အခြေခံစိတ်ဓာတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြိုဆိုကြတာတွေ တွေ့လာတဲ့နောက် သူတို့ခွင့်ပြုထားတဲ့ မှုန်ဝါးဝါး ဒီမိုကရေစီကို ပြန်ရုပ်သိမ်းဖို့ ကြိုးစားလာပါတယ်။ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဟန့်တားတာ နှောင့်ယှက်တာတွေ လုပ်ခဲ့ပါတယ်။ ဒီချုပ်ဆိုင်းဘုတ်တွေ မတင်နိုင်အောင်လုပ်တာ တင်လိုက်တဲ့ ဆိုင်းဘုတ်ကျတော့လဲ ညမြင်နေ့ပျောက် ဖြစ်ခဲ့ရတာတွေ ကြုံခဲ့ရပါတယ်။ ထိပ်တိုက်တွေ့အောင် စလုပ်တာ အုပ်စိုးသူတွေပဲဆိုတာ ပေါ်လာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်ကို တန်ပြန်ဖို့ နအဖ ဘက်ကလဲ ပြင်လာပါတယ်။ ဒီလိုနဲ့ နိုဝင်ဘာနောက်ဆုံးပတ်မှ ဒီဇင်ဘာပထမပတ်အထိ ၁၅ ရက်ခန့်ကြာတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ မြေလတ်ပိုင်း တိုင်းပြုပြည်ပြု ခရီးစဉ်ဆိုတာ ပေါ်လာပါတယ်။ ဘုရင်များ တိုင်းခန်း လှည့်လည်သလို လှည့်တဲ့ခရီးပါ။ (*ပျော်ပွဲစားခရီးလို့ ပြောလဲရတယ်*) သမီးကညာမှလွဲပြီး ဆက်သသမျှ လက်ဆောင်ပဏ္ဏာတွေ လက်ခံသွားကြတာ တွေ့ရပါတယ်။ ရွှေတိုက်တော်မှာ စာရင်းမဝင်တဲ့ အခွန်အတုတ်တွေပါ။

သူ့မိသားစုရော နောက်တော်ပါ ဝန်ကြီးဝန်ကလေး၊ ဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်ကလေးတွေရော အစေအပါးကြီးတွေပါဆိုရင် တော်ဝင်ပရိသတ်ကိုက ၃၀၀ ကျော် ရှိတယ်။ ခရီးစဉ်တလျှောက်ရှိ နယ်မြေခံတပ်ရင်းတွေက အကျွေးအမွေး တာဝန်ယူကြရတယ်။ ကျွေးမွေးစရိတ်များတင် နေ့စဉ် သိန်းရာချီ ကုန်တယ် .... လို့ ဆိုတယ်။

မကွေး ရေဝတီမြစ် ကူးတံတားဖွင့်ပွဲအတွက် အရပ်ရပ်ကျခံရတဲ့ ကုန်ကျစရိတ်က ကျပ် သိန်း ၁၀၀၀ ကျော် –

ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ စက်ရုံတွေကိုလဲ ဗိုလ်ချုပ်မှူးကြီးက ခရီးသွားဟန်လွှဲ စစ်ဆေးပေးသွားပါတယ်။ သို့သော် ဝင်ကြည့်ဖြစ်သွားအောင် – ခရီးစီစဉ်တဲ့ အဖွဲ့ကို သိန်းပေါင်းများစွာ လာဘ်ထိုးရသေးတယ်။ .... လို့ ဆိုပါတယ်။ ဝင်မယ်ဆိုတော့လဲ အခမ်းအနားပြင်ဆင်ရ၊ ကျွေးမွေးရ လူစုံတက်စုံ လက်ဆောင် (*ဆပ်ပြာတောင့်တို့ ဆားတို့လောက်နဲ့ပြီးမယ့် ပရိသတ်မျိုးမဟုတ်*) ပေးရသေးတာမို့ စက်ရုံတိုင်း သိန်းထောင်ဂဏန်းနီးပါး ကုန်နိုင်ပါတယ်။

သွားရေးလာရေးအတွက် နေ့စဉ် ကားစီးရေ ၂၀၀ သုံးရတာဖြစ်လို့ တနေ့ကို လောင်စာဆီ–ချောဆီ ဂါလံ ၄၀၀၀လောက် ဖြုန်းတီးနေတာလဲ တွေ့ရပါမယ်။ ၁၅ ရက်

ခရီးစဉ်ဆိုတော့ ဂါလံဘယ်လောက်ကုန်မလဲ တွက်ကြည့်ပါ။

*[ဒါတောင် လျှပ်စစ်နဲ့စက်သုံးဆီ သုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးကျော်ဝင်းက – "စက်တင်ဘာ ၂၄ မှ ယခုအချိန်အထိ (ခြိုးခြံချွေတာခဲ့လို့) နိုင်ငံတော်အတွက် ငွေ ၅၅၁၀ သိန်းကျော် ပြန်လည်ဖော်ထုတ်ရရှိခဲ့တယ်"... လို့ ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ပြောခဲ့တယ်]*

ချုပ်လိုက်ရင်တော့ ဗိုလ်ချုပ်မှူးကြီးရဲ့ခရီးစဉ် အရပ်ရပ်ကုန်ကျစရိတ်တွေ တွက်ကြည့်တော့ နေ့စဉ် သိန်းပေါင်း သောင်းနဲ့ချီ ကုန်ကျနေတယ် ... လို့ တွက်ပြသူက တွက်ပြတယ်။ ၁၅ ရက် ကြာတယ်ဆိုတော့ ...

ပြေပြစ်သာယာ ဖြောင့်ဖြူးလှတဲ့ ဗိုလ်ချုပ်မှူးကြီးရဲ့ တိုင်းပြုပြည်ပြုခရီးစဉ်အပြီး တပတ်ကျော်ကျော်အကြာမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၉ ရက် ကြာ ရခိုင်ခရီး စပါတယ်။ နအဖ ဘက်ကို တင်ပြအကြောင်းကြားပြီး ထွက်ရတဲ့ ခရီးစဉ်ပါပဲ။

ခွင့်ပြုလိုက်ပြီးနောက် နအဖ က ၂ ရက် ၃ ရက် လောက် ကြိုပြီးပြင်ဆင်မှုတွေ လုပ်ပါတယ်။ မကွေးတိုင်းမှ ခုန်ပျံပြီး ရာထူးတက်လာတဲ့ ဝန်ကြီးတပါး ခေါင်းဆောင်ကာ ကြံ့ဖွံ့ဗဟို အလုပ်မှုဆောင် ဒုဝန်ကြီးတပါး ပါဝင်တဲ့ အဖွဲ့ငယ်တဖွဲ့ ရခိုင်ဘက် တက်သွားပါတယ်။ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းတို့မှာ ကြံ့ဖွံ့စည်းရုံးရေး ဆွေးနွေးပွဲတွေ ထိုင်ပါတယ်။ ဒီမိုကရေစီအင်အားစု ဆိုသူတွေဟာ အဖျက်သမားတွေ ဖြစ်တယ်။ လူထုနဲ့ပေးတွေ့လို့ မဖြစ်ဘူး။ မထိတွေ့ဖြစ်အောင်လုပ်ဖို့ ကြံ့ဖွံ့တွေမှာ တာဝန်ရှိကြောင်းပြောပြီး ထိပ်တိုက်ရင်ဆိုင်ဖို့ အကွက်ချပေးခဲ့တယ်။ (ကချင်ပြည်နယ်ဘက်မှာတော့ အခုကတည်းက ပြင်နေပြန်တယ်။ "ယူဂျီ" နည်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ယုတ်ယုတ်မာမာ မကြားဝံ့မနာသာ ဆဲရေးတဲ့ပိုစတာတွေ ကပ်နေတာ ကြားရတယ်။)

ဒီနည်းနဲ့ ရဲတို့ မီးသတ်တို့ သူနာပြုတို့ မယကနဲ့ ကြံ့ဖွံ့တွေက လမ်းတွေပိတ်၊ လမ်းပေါ် မြောင်းတူးထားတာ၊ တံတားပျဉ်ချပ် ခွာထားတာ မီးသတ်ကားနဲ့ လူအုပ်ထဲထိုးဝင်တာတွေ တွေ့ရခြင်း ဖြစ်တယ်။ စကားပြောမရအောင် အားကြီးတဲ့ လောက်စပီကာကြီးတွေနဲ့ စောင်းချိတ်တဲ့ (တနည်း) ရန်စစော်ကားတဲ့ သီချင်တွေဖွင့်တာ ဒေါ်အောင်ဆန်းစုကြည်နဲ့ဒီချုပ်ကို သိက္ခာချတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာတွေ လုပ်ကြပါတယ်။ *(မြို့ဝန်မင်းကတော့ ရွာကို မီးတိုက်နေပါပြီ၊ သူတို့ယုံကြည်မှုတည်ဆောက်ပုံက တမျိုးကြီးပါလား)*

ပြည်မခရီးတွေမှာ ချိုထားတဲ့ ဟန်ပြဒီမိုကရေစီ မျက်နှာဖုံးကတော့ ကျွတ်ကြသွားပါပြီ။ သူရသတ္တိရှိတဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ကာလတုန်းက ရှေ့တန်းရောက်ခဲ့တဲ့ ရခိုင်ပြည်သူတွေကတော့ နောက်တွန့်သွားတာ မတွေ့ရပါ။ လူထု သောင်းနဲ့ထောင်နဲ့ချီပြီး ရှေ့တန်းတက်ကြပါတယ်။

လူထုကို ဘာလဲ ဘယ်လဲ မေးစရာ မလိုတော့ပါ။ လူထုက ကြောက်နေဆဲပဲလို့ ဘယ်သူပြောမလဲ၊ ကုန်ဈေးနှုန်းတွေနဲ့ အပြိုင်လူထုရဲ့ သတ္တိသွေးက မြင့်တက်လာပါပြီ။ ထမင်းနပ်ကျော်စားနေရတဲ့ လူထု၊ ထမင်းရည်သောက်ပြီး ဝမ်းဖြည့်ထားရတဲ့ လူထုအနေနဲ့ ဝတ်မွတ်ခြင်း၊ ဂုဏ်ကျက်သရေကင်းမဲ့ခြင်း၊ စစ်တပ်ရဲ့ ကျေးကျွန်ဖြစ်ရခြင်း ... ဘဝတွေကို စက်ဆုပ်အော့နှလုံးနာနေကြပါပြီ။ တားမရတဲ့ဒီရေဟာ မကြာခင် ကြွတက်လာပါတော့မယ်။ ၂၀၀၃ ခု နှစ်သစ်ကို တိုက်ပွဲများနဲ့ ကြိုနေပါပြီ။

**၂။ ထိုင်း–ဗမာ ဆက်ဆံရေး**

ပြဿနာရှိမြဲရှိနေအောင် လုပ်နေသလား ထင်ချင်စရာပါ။ နယ်စပ်ဂိတ်တွေ ဖွင့်တာနဲ့မရှေးမနှောင်း အောက်တိုဘာ ၁၅ ရက်နေ့မှာပဲ ဗမာပြည်တော်ပြန်တွေကို မေတ္တာနဲ့ သယ်ပို့လုပ်ပေးနေတဲ့ သာမညဆရာတော်ပိုင်ကား မိုင်းထိပါတယ်။ ၁၆ ရက်နေ့ – မြဝတီမှာ ဗုံးကွဲပါတယ်။ ၁၇ ရက်ညကျတော့ မြဝတီနဲ့ သင်္ကန်းညီနောင်မှာ ဗုံးကွဲပြန်ပါတယ်။

တခါ လမကုန်မီ စာအိတ်ဗုံးပြဿနာ ပေါ်လာပြန်တယ်။ ထိုင်းနိုင်ငံ စာတိုက်တံဆိပ်တွေနဲ့ စာတွေပလူပျံလာတယ်။ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ တရုတ်၊ ဖိလစ်ပိုင်နိုင်ငံများရှိ ဗမာသံရုံးတွေထံ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်။ ဒီစာတွေထဲမှာ ဗုံးအပြင် မွေးနေ့ကဒ်ပြား၊ ၈ – ၄ လုံး ဂဏန်းပါ စာရွက်၊ ... စသည်ပါကြောင်း သိရတယ်။

စင်ကာပူရဲ့ အပြောကတော့ "စနက်တံတွေက အညံ့စား၊ ပေါက်ကွဲယမ်းလဲ မပါ၊ ပေါက်ရင်တောင် မီးပွားလေးတခုလောက်ပဲ ဖြစ်ပြီး ဖွင့်တဲ့သူ လက်လောင်ရုံပဲ" တဲ့။ *(လက်ခံယူရမယ့်သံရုံးအမှုထမ်းတွေ ထိခိုက်ဒဏ်ရာရမှာကို ပို့တဲ့လူက စိုးရိမ်ပုံရပါတယ်)*

အောက်တိုဘာ ၃၁ ရက် သတင်းစာရှင်းလင်းပွဲမှာတော့ – ဂျပန်မှာ ကျောင်းသားခေါင်းဆောင် မိုးသီးဇွန်ရောက်နေတာနဲ့ ချိတ်ဆက်ပြီး ရှင်းပြတာ တွေ့ရတယ်။

ပြောရေးဆိုခွင့်တယောက်အဖြစ် ပွဲထုတ်လာတဲ့ ဒုဗိုလ်မှူးကြီး (*၈ – ၄ လုံး ကာလ ရန်ကုန်ဒီမိုကရေစီ တရားပွဲတခုမှာ လူအုပ်ကို သေကျေဒဏ်ရာရအောင်လုပ်ဖို့ ကြံခဲ့လို့ လူထုကဖမ်းပြီးပညာပေး ပြန်လွှတ်လိုက်သူဟုဆို*) တယောက်က ယိုးဒယားနိုင်ငံသားများ လက်နက်အားကိုးဖြင့် မိမိနိုင်ငံသားများကို နယ်စပ်၌ ဥပဒေမဲ့ သတ်ဖြတ်နေပါတယ်လို့ပြောပြီး တာချီလိတ် – မဲဆိုင်ဘက်ကဖြစ်စဉ် –၂ ခုကို ထောက်ပြပါတယ်။

နိုဝင်ဘာလထဲမှာတော့ "ထိုင်း ဗမာဆက်ဆံရေးကောင်းအောင် ထိုင်း မြန်မာချစ်ကြည်ရေးဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးကျော်သန်း ခေါင်းဆောင်ပြီး သွားမယ်" ... လို့ သတင်းထုတ်ပြန်ပါတယ်။ ဒီနေရာမှာတော့ 'ယိုးဒယား' အစား 'ထိုင်း' လို့ သုံးပါတယ်။

တကယ်တော့ တယောက်နဲ့တယောက် ဘာဆိုလိုတယ် ဘာလိုချင်တယ်ဆိုတာ အချက်ပြနေကြတာပါ။

ထိုင်းက နည်းပရိယာယ်ကြွယ်တယ်၊ ညက်တယ်၊ "လေညှာက အနေသာချည်း" ဆိုတဲ့သဘောနဲ့ လုပ်နေတယ်။

နအဖ စစ်အုပ်စုကတော့ အမျိုးသားအကျိုးစီးပွားထက် စစ်အုပ်စု အကျိုးစီးပွားကြည့်ပြီး လုပ်ရတာဖြစ်လို့ နည်းပရိယာယ် မကြွယ်ဘူး။ ကြမ်းတယ်လို့ ဆိုပါတယ်။

SURA နဲ့ နအဖတို့ရဲ့တိုက်ပွဲတွေလဲ တိတ်ဆိတ်သွားခဲ့ပြီ။ နောက်ပိုင်းရောက်တော့ ထိုင်းနိုင်ငံဘက်မှာရှိနေတဲ့ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းများရဲ့ရုံးတွေ အစီးခံရ၊ အဖမ်းခံကြရတာတွေ တွေ့လာရပါတယ်။ ထိုင်းစစ်ဘက် အရပ်ဘက် ထိပ်တန်းခေါင်းဆောင်တွေ ဗမာပြည်ဘက်လာမယ့်ခရီးစဉ်တွေလဲ အလျှိုအလျှို ပေါ်လာခဲ့တယ်။ နိုင်ငံခြားရေးဝန်ကြီး၊ ကြည်းတပ်ဦးစီးချုပ်၊ ဒုဝန်ကြီးချုပ်မှ ဝန်ကြီးချုပ်အထိ လာကြမယ်လို့ဆိုပါတယ်။

၂၀၀၃ ခုနှစ် ရောက်လာတဲ့အထိ ထိုင်းဘက်ရောက် ဒီမိုကရေစီအဖွဲ့အစည်းတွေ ယောက်ယက်ခတ်နေဆဲ – ပြေးဟယ် ရှောင်ဟယ်ဖြစ်နေဆဲပါ။ တချို့ အချုပ်ထဲ ရောက်ကုန်ပါတယ်။ ဒါပေမဲ့ နအဖလိုအင်က တော်တော်ကြီးပုံ ရပါတယ်။

ဇန္နဝါရီလမှာ လာဖို့ ရက်သတ်မှတ်ထားပြီးဖြစ်တဲ့ ကြည်းတပ်ဦးစီးချုပ်ကို ဒီဘက်က ဗိုလ်မောင်အေး မအားသေးလို့ မလာပါနဲ့ဦး … လို့ လှမ်းပိတ်လိုက်ပါတယ်။ (*လုပ်ချလိုက်ပြန်ပြီ*) တခါ စိတ်ကောက်ပြရင် တမျိုးရတတ်လို့ လုပ်တာလား – ဒီဘက်က လိုက်လျောစရာ ဘာမှမရှိလို့ ပိတ်လိုက်တာလားတော့ – မပြောနိုင်ပါ။

ပြောဖို့လိုတာကတော့ ဒီအတိုင်း 'မုန်းတလှည့် ပြုံးတလှည့်' လုပ်နေရင်ဖြင့် ကြားက ဗမာအလုပ်သမားတွေ တိုင်းရင်းသားတွေ ဒုက္ခသည်တွေနဲ့ ဒီမိုကရေစီအဖွဲ့အစည်းတွေပဲ ဒုက္ခရောက်ကြရမှာပါ။ "ကြားက ငထွား – ခါးနာမယ့်ကိန်း" ဆိုက်နေပါတယ်။

## ၃။ ဦးနေဝင်း သေဆုံးမှု။

သေနိုးသေနိုးနဲ့ စောင့်စားနေကြရတဲ့ ဦးနေဝင်းတယောက် ဒီဇင်ဘာ ၅ ရက်နေ့မှာ လူ့လောက က အပြီးအပိုင် ထွက်ခွာသွားပါပြီ။ ပြည်တွင်းပြည်ပ အာရုံစိုက်စရာ ကိစ္စတခု ဖြစ်ခဲ့တယ်။

စစ်အာဏာရှင်စနစ် မွေးဖွားပေးသူ၊ ဒီစနစ်ကို ဆယ်စုနှစ် ၄ ခုလောက် သက်ဆိုးရှည်အောင် လုပ်ပေးခဲ့သူ၊ စစ်မင်းဆက် အဆက်ဆက် (ယခု) တြိဂံစစ်အုပ်စု မင်းဆက်အထိ မွေးထုတ်ပေးခဲ့သူ ဖြစ်တာကတချက် – (*တြိဂံစစ်အုပ်စုက ကျွေးသဖခင်အဖေကြီးကို ဘက်ကန်ထားချိန်မှာ သေသွားတာကတချက်*) ဘယ်အချိန်အထိ စစ်မင်းဆက် ဆက်သောင်းကျန်းနေဦးမယ်ဆိုတာ မပြောနိုင်သေးတာ တချက်တို့ကြောင့် ဘာတွေများဆက်ဖြစ်ဦးမလဲဆိုပြီး စိတ်ဝင်စားကြတာပါ။

ဗကပ ကတော့ "နေဝင်းသည် ပျံစဉ်ယုတ်မာ အိုခါဆိုးသွမ်းရုံမက သေတော့လဲ စစ်အာဏာရှင်စနစ်ကို အမွေဆိုး ချန်ထားခဲ့၏။" လို့ တန်ဖိုးဖြတ်ပေးလိုက်ပါတယ်။ သူဟာ မသေခင် တိုင်းပြည်ကို နှိပ်စက်သွားခဲ့သလို သေခါနီးမှာလဲ အတူနေ မိသားစုကို ဒုက္ခပေးသွားခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ သူမွေးတဲ့မျောက်တွေက သစ်ကိုင်းခြောက်ကိုင်ပြီး ပြန်ခြောက်တာ ခံလိုက်ရတော့ သူ့နာမည် နောက်ဆုံးစာလုံးမှာ ဝစ္စပေါက် ပြုတ်သွားပြီဆိုတာ မသေခင်မှာပဲ သိသွားပုံ ရပါတယ်။ (*ဟုတ်ကဲ့ မသေခင် နေဝင်ခဲ့ပါပြီ*)

နဝတ နအဖ ဆိုတာကလဲ ကောင်းမွေ (*အာဏာ*) ပဲ ခံယူချင်ကြပြီး ဆိုးမွေ (*လက်ထိတ်နဲ့ဝက်ခြံထဲ ရောက်ရမယ့်ကိစ္စတွေ*) ကိုတော့ ခံယူချင်ကြပုံ မပေါ်။ အစကတော့ ကြည်ညိုလှချည်ရဲ့ဆိုပြီး (*ကန့်လန့်ကာထဲဝင်ပြီး ကိုယ်ရောင်ဖျောက်နေတဲ့*) အဖေကြီး ခေတ်ပုံကိုတောင် နံပါတ် – တစ် ဖြစ်နေသူရဲ့ခေတ်ပုံနဲ့ ယှဉ်ချိတ်ပြီး ကိုးကွယ်ခဲ့ကြသေးတယ်၊ မဟုတ်လား။ အဖေကြီးကိုယ်တိုင်က "မတော်ဘူး – ဖြုတ်ကြတော့ – ဟ။" ဆိုမှ ဖြုတ်ခဲ့ကြတယ်။

ဒါဟာ စစ်အုပ်စုတွင်း အာဏာလက်လွှဲ လက်ပြောင်းလုပ်တာ ချောမွေ့နေတယ်၊ အသာတကြည်ဖြစ်နေတယ်ဆိုတာကို ပြတာပါပဲ။

ဗိုလ်စောမောင် – ဗိုလ်သန်းရွှေ အလွှဲအပြောင်းကြတော့ တမျိုးဖြစ်သွားပြီ။ "ကျန်စစ်သားရှုး" ဆိုပြီး အပြတ်ရှင်းလိုက်ရတယ်။

အခုတော့ အဲဒီနည်းတောင် လုပ်လို့မရနိုင်တော့ဘူး။ "ကုလားကျမင်းနည်း" "တရုတ်ပြေးမင်းနည်း" "သီပေါမင်းနည်း" အဲဒီနည်းတွေပဲ ဖြစ်နိုင်တော့တယ်။

အဲဒီနည်းတွေအားလုံးက တိုင်းပြည်နာတယ်။ သူတို့တွင်းဖြစ်နေတာပဲဆိုပြီး ထိုင်ကြည့်နေလို့ မရဘူး။ ဒါကြောင့် "စေ့စပ်ဆွေးနွေးပွဲ" လုပ်ဖို့ ပြည်သူတွေက တိုက်တွန်းနေရတာ ဖြစ်တယ်။

နေဝင်းကိစ္စက ဒီလောက်နဲ့ ပြီးလိုက်လို့ မဖြစ်ဘူး။ သမိုင်းဆိုင်ရာ တည့်မတ်ပေးရမယ့်ကိစ္စတွေ ကျန်နေသေးတယ်။ သူနဲ့ပတ်သက်ပြီး အဆိပ်တွေ ဖြေရပါဦးမယ်။ မီဒီယာလောက၊ စာနယ်ဇင်း ရုပ်သေ ရုပ်ရှင်မှအစ စွယ်စုံကျမ်းအထိ စစ်အုပ်စုအဆက်ဆက် ချီးပင့်ထားတဲ့ သမိုင်းပြောင်းပြန် ဖြစ်ရပ်မမှန်တွေ ပယ်ဖျက်ပြီး အသစ်ပြုစုရပါမယ်။ သူဖျောက်ဖျက်ပစ်ခဲ့တဲ့ ဖြစ်ရပ်မှန်တွေ ပြန်ဖော်ထုတ်ကြရပါမယ်။ နိုင်ငံခြားမှာ ဝယ်ထားတဲ့ အိုးအိမ်ခြံမြေတွေ နိုင်ငံခြားဘဏ်တွေမှာ သူကဲ့ဝှက်အပ်နှံထားတဲ့ နိုင်ငံတော်ပိုင် ငွေကြေးတွေ ကိစ္စကလဲ ရှိသေးတယ်။

ဒီတာဝန်တွေကို သောနတ္တိုဒြအခန်းက ပါဝင်ကပြခဲ့ကြတဲ့ စစ်အုပ်စု မယူနိုင်မှာကတော့ သေချာတယ်။ ပြည်သူတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ သူနဲ့ခေတ်ပြိုင် နိုင်ငံရေးသမားကြီးတွေ၊ မျိုးချစ်တပ်မတော်သားဟောင်းကြီးတွေနဲ့ တပ်မတော်ထဲက ပြုပြင်ရေးလိုလားတဲ့ တပ်မတော်သားတွေက တာဝန်ယူကြရမှာပါ။

## ၄။ ကုန်ဈေးနှုန်း

စက်တင်ဘာ နောက်ဆုံးပတ် ရန်ကုန်တဝိုက်ဆန်ဈေးက ဆန်ကောင်းတပြည် ၄၀၀ – မှ ၄၅၀ ကျပ်၊ အလတ်စား ၃၀၀ – ၃၅၀ ကျပ်၊ ဆန်ကြမ်း ၂၀၀ မှ ၂၈၀ ကျပ် ဖြစ်နေပါပြီ။

အခွန်လွတ်ဈေးမှာတော့ ငစိန်ဆန် ၁၀၀ ကျပ်၊ အလတ်စား ၁၆၀ မှ ၁၈၀ ကျပ် အထိ ဆန်အမျိုးအစားလိုက် ဈေးအမျိုးမျိုး အစားစားတန်းစီဝယ်နေရတယ်။

လကုန်ခါနီးကျတော့ ပေါ်ဆန်းမွေး ၅၀၀ ကျပ်၊ အလတ်စားဆန် ၄၀၀ ကျပ်၊ အညံ့စား ၃၀၀ ကျပ် ဝယ်စားရပါတော့တယ်။

ဒါတောင် အတက်မရပ်သေးတာကို သတိပေးတဲ့အနေနဲ့ ဈေးနှုန်းဖော်ပြချက်တွေမှာ "အချိန်ကာလအလိုက် ဈေးနှုန်းအပြောင်းအလဲ ရှိသည်။" လို့ အောက်ခြေမှတ်ချက် ထည့်ပေးနေရပါတယ်။ ၁၀ လပိုင်း လဆန်းလောက်မှာတော့ အစိုးရပိုင် မီဒီယာလောက ကနေပြီး "ဆန်သစ်တွေ လှိုင်လှိုင်ပေါ်လာပြီ၊ ဆန်ဈေးတွေ ထိုးကျစပြုပြီ" ဆိုတာတွေနဲ့ မဲတင်းပေးနေတာ တွေ့ရတယ်။ တကယ်က ဆန်သစ်က ပေါ်ကာစ ဆန်ဟောင်းဈေးက ခိုင်မာဆဲ၊ ၉ လပိုင်း အတွင်းက စံချိန်သစ်တင်ထားတဲ့ စပါးဈေး ၃၀၀,၀၀၀ ကနေ (*ထုံးစံအတိုင်း*) စ, ပြိုလာတာတော့ ရှိပါတယ်။ သို့သော် အခွန်လွတ်ဈေး ၁,၂,၃,၄ စစ်ဒေသဆိုင်တွေရယ်၊ ဆန်ကုန်သည်ကြီးများအသင်းနဲ့ ဆိုင်တချို့ကတောင် စက်တင်ဘာလထက် ဈေးတင်ပြီး ရောင်းနေရတာပါ၊ စပါးသစ်ကလဲ အောက်တိုဘာ လဆန်းမှာ ၁၃၀,၀၀၀၊ ၁၄၀,၀၀၀ ဈေးကနေ လလယ်မှာ ၁၅၀,၀၀၀ ဖြစ်လာခဲ့တယ်။

ဘာကြောင့် ဆန်ဈေးတွေ ဒီလောက် ပွထနေခဲ့ရပါသလဲ။

ထောက်လှမ်းရေး ဂျာနယ်– မြန်မာတိုင်းမ် မှာ အချက်တချက် သွားတွေ့ပါတယ်။ ၂၀၀၁–၂၀၀၂ ဘဏ္ဍာနှစ် အတွင်း စပါး တင်းသန်း ၁,၀၀၀ ကျော် ထုတ်လုပ်ခဲ့တယ်။ ၎င်းအရင် ဘဏ္ဍာနှစ်ထက် စပါးတင်းသိန်း ၂၀၀ကျော် ပိုထုတ်ခဲ့တာ ဖြစ်တယ် လို့ဆိုတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ် စပါးဈေးက ၈၀,၀၀၀၊ ယခုနှစ် ၂သိန်း ကျော်နေပြီ... တဲ့။ (*ဒါနဲ့များတောင်*)

တက်ပေမှာပေ့ါ၊ ၉၇/၉၈ ခုနှစ် ဆန်တင်ပို့မှုက တန်ချိန် ၂၈,၀၀၀၊ ၉၈/၉၉ မှာ ၁၂၀,၀၀၀၊ ၉၉/၂၀၀၀ မှာ တန်ချိန် ၅၅,၀၀၀ တင်ပို့ရာကနေ ၂၀၀၀/၂၀၀၁ မှာ ဆန်တန် ၁,၀၀၀,၀၀၀ ( တသန်း) ကျော် တင်ပို့ ပစ်လိုက်တာကိုး။ ပစ္စည်းမရှိလို့ ဈေးတက်တာ ဘာဆန်းသလဲ။ ခု ၂၀၀၂ ခုနှစ် ဩဂုတ်လအထိ ဆန်တန် ၇၀၀,၀၀၀ ကျော် တင်ပို့လိုက်ပြန်တော့ လူထုအတွက် မကျန်တော့ဘူးလေ။

ဒါတွေကြောင့်လဲ အောက်တိုဘာလလဲကုန်ရော ရခိုင်ပြည်နယ် စစ်တွေနဲ့ တချို့ဒေသတွေမှာ ဆန်တပြည် ၇၀၀ – ၈၀၀ိ ဖြစ်နေပါပြီ။ တရုတ် ဗမာ နယ်စပ် မူဆယ်၊ ထိုင်းနယ်စပ် မြဝတီမှာလဲ ဒီဈေးပဲ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်းတောမှာတော့ ၁၀၀၀ိ တောင် ဖြစ်သွားခဲ့တယ်။

ဆန်သစ် စ, စားလို့ ရနေတဲ့ မန္တလေးမှာတောင် ၅၀၀ ကျော် ဖြစ်နေပြီ။ လက်လုပ် လက်စား၊ အောက်ခြေဝန်ထမ်း မန္တလေးသားတွေ ထမင်း နပ်မှန် မစားနိုင်တော့ပါ။ အလှူအတန်းမှာ နာမည်ကြီးတဲ့ မန္တလေးသားတွေ နည်းနာပေါင်းစုံ ရှာပြီး ခံသာအောင် လုပ်ပေးနေရတယ်။ ထွန်းတုံး (*ပုဂံမင်းရှင်စောရဲ့ ထွန်းတုံးပူတက်*) အရပ်က လူမှုရေးစိတ်ဓာတ်ရှိတဲ့ (*နိုင်ငံရေး နိုးကြားတဲ့*) ကိုရွှေမောင်တို့ လူငယ်တွေ ငွေစုကောက်ခံပြီး ဆန်ပြုတ်တိုက်ကာ ကုသိုလ်ယူကြတယ်။ လူ ၂၀၀၀ကျော် ၃၀၀၀ လောက် နေ့စဉ်လာရောက် သုံးဆောင်ကြတယ်... လို့ သိရတယ်။ ဒါပေမဲ့ ကိုရွှေမောင်တယောက်ကတော့ ကိုလိုနီခေတ်တုန်းက ဘိန်းပစ်ဖမ်းသလို အမှုဆင် အဖမ်းခံခဲ့ရတယ်။ ကိုရွှေမောင် သွန်းလုပ်ထားတဲ့ ရွှေခမောက်ကြီးထဲက ရွှေဟာ ခိုးရာပါ ပစ္စည်းဖြစ်တယ်ဆိုပြီး ထောင် ၃ နှစ် အချခံလိုက်ရတယ်။

မန္တလေးမှာတွင်မက ပြည်မတခြားဒေသတွေမှာလဲ တပြည် ၄၀၀ိ မှ ၆၀၀ိ လောက်အထိ ဈေးရှိနေလေတော့ နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ဖြေရှင်းနေကြရတာ တွေ့ရတယ်။ ဆန်လုတဲ့ သတင်းတွေ ဖြိုးဖြိုးဖြောက်ဖြောက် ကြားလာရတယ်။

ဒါတွေ တားနိုင်ဖို့ ကြံ့ဖွံ့ကလဲ သူတတ်တဲ့နည်းနာနဲ့ ပြဿနာဖြေရှင်းကြည့်တယ်။ ဆန်ကုန်သည် ၂၀၀ ရှိတဲ့ မြင်းခြံမြို့မှာ ကုန်သည်တဦးဆန် ၃ အိတ် ကောက်ယူပြီး ကျေးရွာတွေမှာ ဝေငှမယ့်သတင်း ထွက်လာတယ်၊ ဒ့ါအပြင် တရပ်ကွက် ဆိတ် ၆ ကောင် ပေးရမယ်လို့လဲ ခွဲတမ်းချလိုက်သေးတယ်လို့ ဆိုတယ်။ ထောင်းထောင်းထသွားတဲ့ ဒီအပုပ်နံ့ကို ပြင်ပမီဒီယာလောက က ဖွင့်ချလို့ လုထားတဲ့ဆန်တွေ ပြန်ပေးခဲ့ရပါရောလား။

(*မြင်းခြံကြံ့ဖွံ့အတွင်းရေးမှူးက အထက်လူကြီးများကို ဖားချင်လို့ လူထုပစ္စည်း နဲ့ လုပ်ငန်းပြတာ အရေးယူမှုမတွေ့ရ။ ၈–၄လုံး ကာလမှာ လူထုကို သတ်ဖို့ ကြိုးပမ်းခဲ့တဲ့ အဖွဲ့ထဲက ဗိုလ်တယောက် ရာထူးအဆင့်ဆင့်တက်ပြီး ဒုဗိုလ်မှူးကြီးအဆင့်နဲ့ နအဖရဲ့ ပြောရေးဆိုခွင့်ရှိသူတဦး ဖြစ်လာတဲ့ ရှေ့သွားကိစ္စကလဲ ရှိခဲ့တာကိုး*)

ဆန်ပြဿနာ ထပ်တက်လိုက်တာက နိုဝင်ဘာလကုန်ခါနီး ၅ ရက်ခန့် မိုးဆက်တိုက် ရွာချလိုက်ပြန်တော့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် ဘက်မှာ ရင့်မှည့်နေတဲ့ စပါးတေ သောင်းနဲ့ချီ ရေမြုပ်ကုန်ကြတယ်။ ဆန်ဈေးကလဲ ထောင်တက်သွားပြန်တယ်။ ဒ့ါအပြင် လယ်သမားတွေ "လဲရာ သူခိုးထောင်း" ခံလိုက်ရတာက ဒေသခံ အာဏာပိုင်တွေရဲ့ "အချိန်ရောက်ပြီ သတ်မှတ်စပါးပေးသွင်းရမယ်" လို့ အမိန့်ထုတ်လိုက်တာ ဖြစ်တယ်။

ပြင်ပဈေး ၂၅၀ိ ဖြစ်နေတာကို ၃၅ိ နှုန်းနဲ့ မဖြစ်ဖြစ်အောင် ပေးသွင်းကြရပြီး မပေးသွင်းနိုင်သူတွေ အဖမ်းခံကြရပါတယ်။ ရခိုင်နဲ့ မြစ်ဝကျွန်းပေါ်ဘက်တွေမှာလဲ အလားတူ ရင်ဆိုင်ကြရပါတယ်။

ဒီဇင်ဘာလလယ်ရောက်တော့ ဈေးကွက်မှာ ဆန်ပြတ်သွားပါတယ်။ ဒါကလဲ ဆန်စက်တွေကြိတ်ခွဲခွင့် ရပ်လိုက်လို့ ဖြစ်တယ်။ ဆန်ဟောင်း လက်ကျန်လဲ မရှိတော့ပါ။ ဆန်သစ်ဈေးတွေ တက်ပြီးရင်းတက်ကြရင်းက ပြည်သူတွေ ဗိုက်မှောက်ပြီး သက္ကရာဇ် ၂၀၀၃ ခုနှစ်ထဲ ဝင်ခဲ့ကြပါပြီ။

ရှေးရှေးတုန်းက တရုတ်ပြည်ကြီး ကုလားပြည်ကြီး ငတ်ကြတယ်၊ သေကြတယ်။ ဗမာပြည်က ဝ,ဝ လင်,လင် စားပြီး နိုင်ငံခြားပို့နိုင်တယ်။

အခုတော့ ပြောင်းပြန်ဖြစ်နေပြီး စစ်အုပ်စုတန်ခိုးနဲ့ အမျိုးဂုဏ် ညှိုးပါပေ့လား။

## ဆီ

အောက်တိုဘာလမှာ ပဲဆီ တပိဿာ ၂၂၀ိ၊ နှမ်းဆီ ၂၁၀ိ၊ စားအုန်းဆီ ၁၆၅ိ၊ ရပ်ကွက် လက်လီဈေး ပဲဆီတဆယ်သား ၂၃ိ၊ စားအုန်းဆီက ၁၈ိ ဖြစ်ပါတယ်။ ဒါက ရန်ကုန်ဈေးနှုန်းပါ။ နိုဝင်ဘာတတိယပတ်ရောက်တော့ ပဲဆီက ၂၀၀၀ – ၂၁၀၀၊ နှမ်းဆီက ၁၇၀ိ၊ စားအုန်းဆီက ၁၈၀ိ ဖြစ်လာပါတယ်။ ဒီဇင်ဘာဒုတိယပတ်မှာ ပဲဆီ ၁၈၀ိ၊ နှမ်းဆီ ၁၆၀ိ အထိ ကျဆင်းပါတယ်။ စားအုန်းဆီဈေးနှုန်းက ဆီထွက်သီးနှံပေါ်ချိန်နဲ့ စားအုန်းဆီ တင်သွင်းမှုများလာတဲ့အခါ ဈေးကျတတ်ပါတယ်။

### တခြားဈေးနှုန်းများ

ဆန်ဈေးတက် – ဖွဲ ဆန်ကွဲ ရှားလာတဲ့အပေါ်က မွေးမြူရေးသမားတွေကို ဂယက်ရိုက်ပါတယ်။ အသား၊ ငါးနဲ့ ကြက်ဥ – ဘဲဥဈေးများ တက်ပါတယ်။ သားငါး ရှားပါးလာလို့ ရေချိုငါးပိဈေး ၂၀၀ဝ အထိ ဖြစ်သွားတယ်။

မလေးရှားကို ဆိတ်သား အိတ်စ်ပို့လုပ်ဖို့ ကြိုးစားရာက လိုင်စင်ချမပေးလို့ ဆိတ်သားတပိဿာ ၄၀၀ဝ ဈေး ဖြစ်သွားတယ်။ လိုင်စင်ချပေးမှ ၂၅၀ဝ ဈေး ပြန်ဖြစ်ခဲ့တာပါ။

ရွှေဈေးက ဒီနှစ်ထဲမှာ ၂ သိန်းနီးနီးအထိ တက်လာလိုက်သေးတယ်။ ဒေါ်လာဈေးကတော့ တဒေါ်လာမှာ ကျပ်ငွေ ၁၀၀၀ ကျော်နဲ့ပဲ နှစ်ချုပ်သွားပါတယ်။ သူတို့ကတော့ သဘာဝရာသီဥတုနဲ့ တိုက်ရိုက်မပတ်သက်ပါ။ နိုင်ငံရေးရာသီဥတုနဲ့ စစ်အစိုးရ အဖမ်းအဆီးရှိ – မရှိ အပေါ်မှာ အတက်အကျ ရှိတတ်ပါတယ်။

၂၀၀၃ ခုနှစ်ဆီ မျှော်ကြည့်လိုက်တော့လဲ ကုန်ဈေးနှုန်းတွေကျစရာ အကြောင်းမရှိ။ နှစ်ဆန်းမှစပြီး အစိုးရရဲ့ ကြည်း,ရေ,လေ ယာဉ်စီးခများ ဈေးနှုန်း၂ ဆမှ ၃,၄ ဆ တက်မည်ဟု ကြေညာထားပြီးဖြစ်ရာ တက်ပြီးရင်း တက်ပါလိမ့်မယ်။ (*အစိုးရ ဝန်ထမ်းများ လခဘယ်နှစ်ဆ တက်ပေးမလဲပဲ စောင့်ကြည့်ဖို့ လိုပါတယ်*) လောင်စာဆီဈေးနှုန်းကတော့ ကံမသကာ ထားရတော့မှာပါ။

### လောင်စာဆီ

နဝတ လက်ထက်ကတည်းက စီးပွားရေးလုပ်ငန်းကြီးတွေ မှန်သမျှ စစ်အုပ်စု၊ စစ်အစိုးရနဲ့ သူတို့တလက်ကိုင် ဗျူရိုကရက်အရင်းရှင်တွေ အပိုင်ကိုင်ခဲ့ပါတယ်။ ကုန်ဈေးနှုန်းတွေရဲ့ အတက်အကျဆိုတာ ဒီအခြေခံကပေါ် လာတာ ဖြစ်တယ်။ စားကွက်မှန်သမျှ သူတို့လက်ထဲမှာပါ။

လောင်စာဆီဆိုတာကလဲ စားကွက်တခုပါ။ စွမ်းအင်ဝန်ကြီးရဲ့ ပြောကြားချက်အရ တလ – တလမှာ ဓာတ်ဆီဂါလံ ၇.၅ သန်း၊ ဒီဇယ်ဆီ ၁၆ သန်း မှ ၁၉ သန်းအထိ ဖြန့်ဖြူးနေကြောင်း သိရပါတယ်။ ဖြန့်ချိရေးက သူတို့လက်ရင်းလူတွေလက်ထဲ ရောက်သွားပါတယ်။

ဓာတ်ဆီတဂါလံ ၂၅ နှုန်းပဲ၊ ဒီ့ထက်မပိုရဘူးလို့ နဝတခေတ်ဦးပိုင်းမှာ ပြောဖူးပါတယ်။ သူတို့တတွေ ဆယ်စုနှစ်တခုခွဲနီးနီး နေ့မအား ညမနား လုံးပန်းလိုက်ကြပြီးတဲ့နောက် သက္ကရာဇ် ၂၀၀၂ ခုနှစ်နှောင်းပိုင်း ဈေးနှုန်းတွေကို အောက်ပါအတိုင်း တွေ့ရတယ်။

၁၀လ ပိုင်းမှာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (MPPE) က ဌာနဆိုင်ရာယာဉ်တွေကို ဒီဇယ်၁ဂါလံကို ဖ၅ဝ (တရက် ၂ဂါလံနှုန်း) နဲ့ ရောင်းချပေးပါတယ်။ 'အီရတ်စစ်ပွဲ' ဂယက်ကြောင့် ရေနံဈေးတွေ တက်နေပြီ၊ နဝတ တက်ခါစက မုတ္တမပင်လယ်ကွေ့ သဘာဝ ဓာတ်ငွေ့ကို ထိုင်းဘက် ထိုးရောင်းပြီး အသက်ဆက်ခဲ့သလို အခုလဲ ရခိုင်ကမ်းလွန်က ဓာတ်ငွေ့ကို အိန္ဒိယ ရောင်းစားဖို့ မရှက်မကြောက် ခြေလှမ်း လှမ်းနေပြီ၊ ဘင်္ဂလားဒေ့ရှ်နဲ့က ဖွတ်ချင်းအမြီးလိမ်လို့ မရပါဘူး။ ဘင်္ဂလားဒေ့ရှ်နဲ့ ရန်မီးမွေးထားတာကြောင့် သူ့နယ်မြေ ဖြတ်သန်းပြီး ဓာတ်ငွေ့ ပိုက်လိုင်းချဖို့ အခက်တွေ့ပါတယ်။ အိန္ဒိယအကူအညီတောင်းကာ ဘင်္ဂလားဒေ့ရှ်ကို မျက်နှာချိုသွေးနေပါတယ်။ သစ်တောကကုန်လို့ ဓာတ်ငွေ့ဘက် လှည့်နေတဲ့ သဘောပါပဲ။

အိမ်တိုင်ချွတ်ရောင်းရင်းက နောင်လာနောက်သားများ "အိုးအိမ်မဲ့" ဖြစ်မယ့်ကိန်း ပါပဲ။

ဒီကာလအတွင်း စီးပွားရေးလောကအတွင်းမှာ ဂယက်ရိုက်မှု ၂ ခု ရှိခဲ့တာ ဖော်ပြရပါဦးမယ်။ ပြဿနာတွေရှိနေတဲ့ ဘဏ်တွေကို အရေးယူဖို့ စစ်အစိုးရက ခြေလှမ်းပြင်နေပြီဆိုတဲ့သတင်းနဲ့ ငွေဖြူ – ငွေမဲပြဿနာ ထုတ်ပြန်ကြေညာချက် ထုတ်လိုက်တော့ နောက်ကြောင်းမရှင်းတဲ့ ဘဏ်တွေ လုပ်ငန်းတွေ စ,လှုပ်လာပါတယ်။

မန္တလေးမှာ ကမ္ဘောဇဘဏ်နဲ့ အာရှဓနဘဏ်တွေကို အရေးယူတော့မယ်ဆိုတဲ့သတင်းကြောင့် ဒီဘဏ်နှစ်ခုက ငွေတွေကို အလုအယက် ထုတ်လိုက်ကြပြီး အစိုးရဘဏ်တွေဘက် ပြောင်းအပ်ကြပါတယ်။ ဝန်ထမ်းတွေ အလုပ်များသွားကြပြီး လက်မလည်နိုင် ဖြစ်ကုန်ကြတယ်။ အလှည့်ကျ ထမင်းပြန်စားကြရတယ်။

နောက်တခုက ကမ္ဘောဇဘဏ်ပိုင်ရှင်ရဲ့ လက်ခွဲလုပ်ငန်း လောင်စာဆီဖြန့်ဖြူးခွင့်ရထားတဲ့ နီလာရိုးမ ဓာတ်ဆီဆိုင်တွေ အပိတ်ခံလိုက်ရတဲ့ ကိစ္စဖြစ်ပါတယ်။ ချက်ချင်းဆိုသလို လောင်စာဆီဈေးနှုန်းတွေ ခုန်တက်ကြပါတယ်။ အရေးယူ ဖမ်းဆီးမှုတွေကလဲ ချက်ချင်းဆိုသလို လိုက်လာပါတယ်။

အောက်တိုဘာလဆန်းမှာ ပြင်ပပေါက်ဈေး ဓာတ်ဆီတဂါလံ ၉၀၀ – ၉၅၀၊ ဒီဇယ်ဆီ ၁၀၀၀ – ၁၀၅၀ ရှိနေတာပါ။ အရေးယူမှုတွေ လုပ်ပြလိုက်တော့ တခဏလောက် ဈေးတွေကျသွားပါတယ်။ ဓာတ်ဆီက ၇၅၀၊ ဒီဇယ်က ၈၀၀ ပေါက်ပါတယ်။

ဒါပေမဲ့ လမကုန်မီမှာပဲ ဓာတ်ဆီ ၁၂၀၀၊ ဒီဇယ် ၁၈၀၀ ဖြစ်လာပြန်ပါရော။

ပြည်နယ်တွေမှာ ပိုဆိုးပါတယ်။ ရခိုင်ဘက်မှာ ဓာတ်ဆီ ၁၄၀၀ မှ ၁၉၀၀၊ ဒီဇယ်ဆီ ၂၀၀၀ ကျော်သွားပါတယ်။

နိုဝင်ဘာလရောက်တော့ ပြည်မဒီဇယ်ပေါက်ဈေးက ပြည်နယ်ဈေးကို အမီလိုက်ပြီး ၂၀၀၀ ဖြစ်လာပါတယ်။ နှစ်ကုန်မှာ ဒီဇယ်က ၂၁၀၀၊ ဓာတ်ဆီက ၁၄၀၀ နဲ့ နိဂုံးချုပ်သွားပါတယ်။

လောင်စာဆီကိစ္စနဲ့ ပတ်သက်ပြီး အစိုးရတက်လုပ်နေသူတွေက ဖမ်းတာဆီးတာအပြင် ဘယ်လိုဖြေရှင်းမှုတွေ လုပ်ပေးခဲ့ပါသလဲ။

နအဖအခက်က ပြည်တွင်းမှာလဲ လုံလောက်အောင်မထုတ်နိုင်၊ ပြည်ပကဝယ်ဖို့ ဆိုပြန်တော့ ငွေမရှိ၊ တွေ့ထားတဲ့ သဘာဝဓာတ်ငွေ့နဲ့ ရေနံဆိုတာကလဲ ကြိုရောင်းထားနှင့်တဲ့ဟာတွေ၊ ကိုယ်နဲ့မဆိုင်တဲ့ဟာတွေ၊ ပေါကြွယ်ဝလှတယ်ဆိုတဲ့ ဓာတ်ငွေ့တွေရှိလဲ အသုံးပြုရမယ့် စက်မှု အခြေခံ မရှိ။

တဖက်မှာ ပြည်တွင်းစွမ်းအင်နဲ့ လောင်စာဆီတောင်းဆိုချက်ကလဲ မြင့်တက်လာတော့ သူတတ်စွမ်းနိုင်တဲ့ ချွေတာရေး မျက်နှာစာဘက် လှည့်ရပါတယ်။ ၁၀ လပိုင်းမှာ အမိန့်တခု ထုတ်ပြန်လိုက်ပါတယ်။ "ဒုတိယပတ်နဲ့ နောက်ဆုံးပတ် တနင်္ဂနွေနေ့များတွင် ဌာနဆိုင်ရာ မော်တော်

ယာဉ်များ အသုံးပြုမှု မလုပ်ရ" ဆိုတဲ့အမိန့် ဖြစ်တယ်။ ရေဒီယိုကလဲ လှုံ့ဆော်မှုလိုလို ပညာပေးမှုလိုလို (*တကယ်က အမိန့်ပေးတာပါ*) နဲ့ သတိပေးသံတခု အဆက်မပြတ် ထုတ်လွှင့်လာပါတယ်။ "သဘာဝအလင်းရောင်ကို အဓိကထားသုံးစွဲပါ" ... တဲ့။ ရှင်းသွားပါပြီ။ ငါတို့တတ်နိုင်တာ ဒါပဲရှိတယ်။ သန်း ၅၀ မျှသော ဗမာပြည်သူများ ကျောက်ခေတ်ကို ပြန်သွားကြတော့ဆိုတဲ့ အမိန့်ပါ။ (*ခေတ်မီချင်ရင်တော့ "နေဆာလှုံအသင်း" ဆိုင်းဘုတ်ချိတ်ရပါလိမ့်မယ်။*)

အမေရိကန်၊ အီရတ်စစ်ပွဲ ဖြစ်လာရင်တော့ ရေနံဈေးတွေ ထောင်တက်လာပါဦးမယ်။ ဒီအခါ အမိန့်ပေးသံတမျိုး ထပ်ထွက်လာနိုင်ပါသေးတယ်။ "စစ်ရေး၊ တိုင်းခန်းလှည့်လည်ရေးနဲ့ ငြိမ်ဝပ်ပိပြားရေးမှလွဲ၍ လောင်စာဆီသုံး ယာဉ်မှန်သမျှ လှုပ်ရှားသွားလာခွင့် မရှိ။ လှေ၊ လှည်း၊ တိရစ္ဆာန်များနှင့် မိမိပိုင်ခြေနှစ်ချောင်းကို အဓိကထားသုံးစွဲပါ" ဟူ၍။

**ကားဈေးနှုန်း**

လောင်စာဆီရှားသွားလို့ ကားတွေထိုးရပ် ကားဈေးတွေ ကျလိမ့်မယ် မထင်ပါနဲ့၊ ကျစရာဆိုလို့ ငွေဈေးပဲ ရှိလေတော့ ရုပ်ဝတ္ထုပစ္စည်းမှန်သမျှ ဈေးတွေအဆလိုက် တက်ကြမှာပါ။

ဒါကြောင့်လဲ မဂ္ဂဇင်းတွေထဲက ကားဈေးနှုန်းတွေ အောက်ခြေမှာ "နိုင်ငံခြားငွေလဲလှယ်နှုန်း အပေါ် မူတည်၍ အပြောင်းအလဲ ရှိနိုင်သည်" လို့ အပိုင်ဖော်ပြကြတာကလား။

ထပ်ထည့်ဖို့လိုတာ ရှိပါသေးတယ်။ "ဆန်၊ ရွှေ၊ ဒေါ်လာ၊ ကားဈေးနှုန်းများမှာ အဖမ်းအဆီးလုပ်မလုပ်၊ အထူးကြေညာချက် ထုတ်ပြန်မှု ရှိမရှိကလဲ စကားပြောပါသည်" လို့။

[ပြည်ပ]

**ပြင်ပ ကမ္ဘာနဲ့ဆက်ဆံမှုများ**

၂၀၀၂ ခုနှစ် နောက်ဆုံး ၃ လအတွင်း ဗမာပြည်အရေးဖြေရှင်းဖို့ဆိုပြီး အရေးပါတဲ့ ပုဂ္ဂိုလ်တချို့ ရောက်လာခဲ့ကြတယ်။ ကောင်းကျိုးပြုသွားသူ ရှိသလို တချို့က ပြဿနာအသစ်တွေ 'ဖွ' ထားရစ်ခဲ့ပါတယ်။

**ဒေါင်နာ။**

အောက်တိုဘာ ၂ ရက်နေ့မှာ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဒေါင်နာ လာပါတယ်။ ထွက်မလာမီ သူတို့လေဆိပ်မှာ သတင်းစာရှင်းလင်းပွဲ လုပ်တယ်။

"ဗြိတိန်နဲ့ အမေရိကန်တို့ရဲ့ မြန်မာနိုင်ငံကို ဘေးဖယ်ထားချင်တဲ့ ပေါ်လစီဟာ အသုံးဝင်တယ်လို့ ကျွန်တော်မထင်ဘူး။ သူတို့ မြန်မာကို အထီးကျန်စေပြီး အဆက်အသွယ်မလုပ်တာဟာ ဘယ်လိုအကျိုးရလဒ်မျိုးမှ ရမယ်မထင်ဘူး" လို့ ပြောခဲ့တာပါ။

ဒါကို နအဖက နှလုံးခိုက်သွားပါတယ်။ "ဩစတြေးလျသည် အနောက်နိုင်ငံများနဲ့ မတူဘဲ အာဆီယံ၊ ဂျပန်တို့ကဲ့သို့ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံတကာ၏အားပေးကူညီမှုများ လိုအပ်သည်ဟု ယူဆထားသည်။" လို့ သူ့အာဘော် ဂျာနယ်တစောင်က ကြိုဆို လိုက်ပါတယ်။

အမေရိကန်၊ အင်္ဂလိပ်၊ ဩစတြေးလျဆိုတာ အင်္ဂလိုဆက်ဆွန် (Anglo Saxon) မျိုးနွယ်တွေပါ။ ဩစတြေးလျက အဲဒီမျိုးနွယ်ရဲ့ 'အလံရှူး' အဖြစ်လာတာပါ။ သူတို့ရဲ့ကရူးဆိတ် (Crusade) စစ်ပွဲက အစပျိုးနေပါတယ်။ ခရစ်ယာန်ရဲ့ကရူးဆိတ်၊ အစ္စလမ်ရဲ့ဂျီဟတ် (Jihad) ဒီနှစ်ခုကြားမှာ မဆီမဆိုင် ဝင်မပါမိဖို့ အကင်းပါးရပါမယ်။ အရှေ့တောင်အာရှမှာက အကြီးဆုံးမူဆလင်နိုင်ငံ အင်ဒိုနီးရှားရှိနေတာ သတိပြုရပါမယ်။ ပြည်သူတွေကတော့ နအဖကို ကူညီမှုဆိုတာ အဆိပ်ပင်ရေလောင်း – ကိစ္စလို့ သဘောထားပါတယ်။

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဌာနကတော့ "ခရီးစဉ် ရည်ရွယ်ချက်က မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကို ထောက်ခံကြောင်း ပြသရန် ဖြစ်သည်" လို့ အချိုသတ်ပါတယ်။

ပွဲသွားကျော့ကျော့ – ပွဲပြန်မော့မော့ ဖြစ်သွားရှာပါတယ်။ ဒေါင်နာအပြန် ဘန်ကောက်လေဆိပ်အရောက် သတင်းစာရှင်းလင်းပွဲလုပ်တယ်။ "ဒေါ်အောင်ဆန်းစုကြည်က နအဖ၏ရိုးသားမှုကို သံသယ ရှိတယ်၊ နိုင်ငံတကာဖိအားတွေ ဆက်ပေးဖို့ လိုတယ်" လို့ ပြောလိုက်ကြောင်း ဖွင့်ဟပါတယ်။ ဒါက သူ့ခရီးစဉ်မအောင်မြင်ကြောင်း ဖော်ပြလိုက်တာပါ။ ဩစတြေးလျရဲ့ လူ့အခွင့်အရေးသင်တန်းကိစ္စကလည်း လူကြိုက်မများကြောင်း ပေါ်လွင်သွားခဲ့တယ်။

ဗမာပြည်ပြည်သူတွေကစစ်တဲ့ စာမေးပွဲမှာ ဒေါင်နာတယောက် အောင်မှတ်ရမသွားရှာပါဘူး။

**ပီညဲရိုး**

၁၄ ရက် ခရီးစဉ်အတွက် အောက်တိုဘာ ၁၂ ရက်နေ့မှာ ဆိုက်ရောက်လာခဲ့တယ်။ သူလည်း အခြားအခြားသော သံတမန်ကြီးတွေလို နအဖကြိုက်မယ့်စကားတချို့ ရှာကြံပြီး ကြိုပြောထားရတာ ရှိပါတယ်။ သူ့အရင်ကပုဂ္ဂိုလ် လာလားလို ဝင်ခွင့်မရမှဖြင့် အခက်။

– "နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရန်ဟူသော ဒအယူအဆများမှာ အဓိပ္ပာယ်မရှိကြောင်း"

– "ဩစတြေးလျက လူ့အခွင့်အရေးသင်တန်းပေးတာ ကောင်းတယ်"

– "ပိတ်ဆို့ အရေးယူတဲ့ ကိစ္စတွေ မလုပ်သင့်ဘူး"... စတာတွေ ကြိုပြောထားနှင့်ရပါတယ်။ ဒါဟာ စစ်အုပ်စုနဲ့ ပြေလည်ဖို့ ကြားဝင်သူတိုင်းရဲ့ လုပ်နည်းလုပ်ဟန် အစဉ်အလာလို ဖြစ်နေပါပြီ။ ဝင်မလာခင် တပုံစံ၊ ရောက်လာစဉ် တပုံစံ၊ ပြန်ထွက်လာတော့ တမျိုး။ ကြေညာချက်

ထုတ်တော့ ပီပြင်လာပါရော။ ဘာပဲဖြစ်ဖြစ် ပီညဲရိုးရဲ့ အကျိုးပြုချက် တချို့ကိုတော့ အသိအမှတ် ပြုရပါမယ်။

– နအဖ တပ်တွေက ရှမ်းအမျိုးသမီးများအပေါ် မဖွယ်မရာ ပြုကျင့်မှုတွေ ကိစ္စမှာ နအဖ က ‘ခွင်’ သွင်းပြီး ရှမ်းပြည်နယ်ဘက်လွှတ်တဲ့ အစီအစဉ်ကို သူက ပယ်ဖျက်လိုက်ခြင်း၊ ထိုင်းဘက်ရောက်မှ သူ့အစီအစဉ်နဲ့သူ ညွန်ကြားဆောင်ရွက်ခြင်း။

– ထိုင်း သတင်းစရှင်းလင်းပွဲမှာ “နအဖ ထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား ၁၂၀၀ – ၁၃၀၀ ခန့် ရှိသေးကြောင်း” ထုတ်ဖော်ခြင်း။

– တခြားအင်တာဗျူးတခုမှာ “ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးပွဲ ခုထိမစရသေးဘူး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ရေးကလဲ သိပ်နှေးကွေးလွန်းတယ်။ ဒီနှုန်းအတိုင်းသွားမယ်ဆိုရင် ၆ နှစ်လောက် ကြာဦးမယ်။ (*စကားချပ်– နောက်ထပ် ထပ်မဖမ်းပါမှ*) နိုင်ငံရေးအကျဉ်းသား ရာချီဖမ်းထားပြီး ဒီမိုကရေစီပြောင်းလဲတဲ့နိုင်ငံမျိုး မတွေ့ဖူးဘူး” လို့ ပြောခြင်း။

– ကုလသမဂ္ဂမှာ သူတင်ပြမယ့် အချက် ၅ ချက်ကို ကြိုတင်ပြောပြပြီး “ဒီအချက်တွေ မရှိရင် ဗမာပြည်မှာ ဒီမိုကရေစီရေး ပြောင်းလဲနေပြီလို့ မဆိုနိုင်ကြောင်း” သူ့အနေနဲ့ “အချိန်အကန့်အသတ်မရှိ စောင့်နေမှာ မဟုတ်ဘူး” လို့သတိပေးတာ။

– ကုလသမဂ္ဂ အစီရင်ခံတဲ့ အထဲမှာတော့ – တချက် ညပ်ပါသွားခဲ့တာ ရှိတယ်။ “ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်လိုက်တွေ ခြိမ်းခြောက်ခံရတာ မရှိကြောင်း” ပြောလိုက်တာပါ။ တကယ်က ရှမ်းပြည်နဲ့ ရခိုင်ခရီးမှာ သူ့နောက်လိုက်တွေတောင်မက သူပါ အနှောင့်အယှက်ခံရ အခြိမ်းခြောက်ခံရတာတွေ ရှိခဲ့တယ်။

– ဒီမိုကရေစီပြောင်းလဲရေးနဲ့ ပတ်သက်လို့ အခြေအနေ ၅ ရပ်လိုကြောင်း ပြောရာမှာ တနေရာနဲ့ တနေရာ စကားလုံး ကွဲပေမယ့် အချုပ်အားဖြင့် –

(၁) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ အဓိကကျတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ အားလုံးပါရေး၊ ဘက်စုံအပြန်အလှန် လေးစားမှုနဲ့ နိုင်ငံရေး ဆွေးနွေးကြဖို့။

(၂) နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အားလုံးလွှတ်ပေးဖို့။

(၃) နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ‘ငြိမ်း’ အဖွဲ့တွေကို ကန့်သတ်ချက်၊ ချုပ်ခြယ်ချက်တွေ ပယ်ဖျက်ပေးပြီး ဆွေးနွေးပြောဆိုခွင့် ပေးဖို့။

(၄) ဒီမိုကရေစီပြောင်းလဲရေး မခြွင်းမချန် ဆွေးနွေးဖို့။

(၅) လူ့အခွင့်အရေး ချိုးဖောက်တဲ့ အစိုးရဝန်ထမ်းတွေကို တရားဥပဒေအတိုင်း ခုံရုံးတင် စစ်ဆေးအရေးယူဖို့ ... တို့ လိုအပ်ကြောင်း ပြောခဲ့တာတွေကတော့ အခြေခံအားဖြင့် ပြည်သူတွေရဲ့ လိုလားချက်နဲ့ ကိုက်ညီခဲ့ပါတယ်။

သူ့ကို အောင်မှတ်ပေးကြရမှာပါ။

**အိုင်အယ်လ်အို။**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ အောက်တိုဘာ ၂၂ ရက်နေ့မှာ ရောက်လာပါတယ်။ သူတို့က...

“စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အကူအညီပေးချင်ပါတယ်။ ဒါပေမဲ့ လုပ်အားအဓမ္မ ခိုင်းစေမှု ပိတ်ပင်တာ ထိထိရောက်ရောက် လုပ်တာ မတွေ့ရဘူး။” လို့ သတိပေးသွားပါတယ်။ (*အရေထူနေပြီမို့ ဒီလောက်ကတော့ ကိစ္စမရှိ*)

**ရာဇာလီ**

နိုဝင်ဘာ ၁၄ ရက် တရက်ပဲ နအဖနဲ့ တွေ့ခွင့်ရလိုက်ပါတယ်။ ဒါတောင် ၁၅ မိနစ်လောက်ပဲ ဖုတ်ပူမီးတိုက် ကသောကမျော ပြောခဲ့ရတာလို့ ဆိုပါတယ်။ စကားများများ မပြောလိုက်ရပေမယ့် ပြဿနာကြီးတခုကတော့ ကျန်နေရစ်ပါတယ်။

ဗမာပြည်က ထွက်သွားပြီးတဲ့နောက် သူ့အင်တာဗျူး မှာ –

– ဒီတခေါက်တော့ ဗိုလ်သန်းရွှေနဲ့ရော ဗိုလ်ခင်ညွန့်နဲ့ပါ တွေ့လိုကြောင်း ကြိုပြောထားတာပါ။ တွေ့ခွင့်လဲ ရပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ ကက်ဘိနက်အစည်းအဝေးရှိလို့ ဆိုပြီး ၁၅ မိနစ်လောက်ပဲ ခွင့်ပြုပါတယ်။

– ကျွန်တော်တိုက်တွန်းတဲ့အခါတိုင်း နအဖ ဘက်က “ဒေါ်အောင်ဆန်းစုကြည်နဲ့ မကြာခင်တွေ့ပါတော့မယ်။ တွေ့ပါတော့မယ်” ပြောတယ်။ ကျွန်တော်နားလည်တဲ့ “မကြာခင်” ဆိုတာက ၂ ပတ် ၃ ပတ်ပဲ ကြာမယ်ပေ့ါ။ ခုတော့ “ဒီမကြာခင်” ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘာလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးနေရတယ်။ ဆက်မလုပ်ချင်တော့ပါဘူး ... လို့ နုတ်သံနှောပါတယ်။

နအဖဘက်က ပြုပြင်ပြောင်းလဲမှုလုပ်တာ မတွေ့ရလို့ စိတ်ပျက်ရကြောင်းလဲ ပြောပါတယ်။ (*ဒါကိုတော့ ဗိုလ်ခင်ညွန့်က “ကိုယ့်နှုန်းနဲ့ကိုယ် လုပ်နေပါတယ်” လို့ ပြန်ပက်လိုက်တာ တွေ့ရတယ်*)

ဒီအတိုင်းဆိုတော့ ပွဲကြည့်ပရိသတ်က “ရာဇာလီတောင် လက်မှိုင်ချရသကိုး – ဝိုဝိုး” လို့ ကောက်ချက်ဆွဲရမလိုပဲ။ ဒါပေမဲ့ သူက ချိန်ကိုက်ဗုံးတလုံး ပစ်ခွဲလိုက်တာကိုတော့ ကြာလေသဘောပေါက်လေ ဖြစ်ကြရတယ်။

ပြဿနာတွေဖြေရှင်းနိုင်ဖို့ ‘အမျိုးသားညီလာခံ အသစ်’ တခုလုပ်ဖို့ အကြံပေးခဲ့တာကို ဗိုလ်သန်းရွှေက “စဉ်းစားမယ်” လို့ အဖြေပေးကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ နှစ်ပေါက်တပေါက်လား နိုင်ငံရေးပုရောဟိတ် အခန်းက ဝင်တာလားတော့ မသိ။ ပြည်တွင်းနိုင်ငံရေးလောကရော၊ ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေပါ ဂယက်ရိုက်သွားတာတော့ အမှန်ပဲ။ တုံ့ပြန်မှုမှာ တသံစီ ဖြစ်လာပါတယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် ပစ်ပယ်သူက ပစ်ပယ်။ ညီလာခံသစ်ကိုတက်ဖို့ ခြေပြင်သူကပြင် ဖြစ်လာခဲ့တယ်။ အမျိုးသားသွေးစည်းညီညွတ်ရေးလဲ (တခဏဖြစ်ဖြစ်) ပွန်းပဲ့ထိခိုက်သွားတာ မြင်လိုက်ကြရတယ်။ နအဖက အမြတ်ထွက်သွားပါတယ်။

နိုဝင်ဘာ ၂၀ ရက်နေ့မှာ အသံလွှင့် ဌာနတခုက “ဒီနေ့ မြန်မာစစ်အစိုးရက ရာဇာလီရဲ့ ဆောင်ရွက်ချက်တွေကို ချီးကျူးလိုက်တယ်။”

လို့ လွှင့်လိုက်တော့ နားထောင်သူတွေ မျက်စိလည်ကုန်ပါတယ်။ ရာဇာလီ သူ့နိုင်ငံအရောက်ပြောတဲ့ "ဒီခရီးမှာ ဘာမှ မယ်မယ်ရရ တိုးတက်မှု မရှိခဲ့ဘူး" လို့ ပြောတာနဲ့ ပဋိပက္ခဖြစ်နေလို့ပါ။ နအဖ က,ရာဇာလီဘာမှ မယ်မယ်ရရတိုးတက်မှုမရှိအောင် လုပ်သွားတာကို ချီးကျူးတာကော မဖြစ်နိုင်ဘူးလား။ သူတို့ မပြောဝံ့တဲ့ "အမျိုးသား ညီလာခံ" ကိစ္စ ဆွပေးသွားတာကို ထောက်ခံတာကော မဖြစ်နိုင်ဘူးလား။

ဘာပဲဖြစ်ဖြစ် ဒီလုပ်ငန်းမှာ ရာဇာလီ စာမေးပွဲကျပါတယ်။

**ကိုအီဇူမီ။**

ဖနွမ်းပင်မြို့ အာဆီယံ + ၃ ထိပ်သီးဆွေးနွေးပွဲမှာ – ဂျပန်ဝန်ကြီးချုပ်ကိုအီဇူမီက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ အမြန်ဆုံးလုပ်ဖို့ တိုက်တွန်းတာကို ဗိုလ်သန်းရွှေက "ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာခွင့် ပြုထားပါတယ်။ ဒီမိုကရေစီကို ရှေ့ရှုပြီး အကောင်းဆုံးဖြစ်အောင် လုပ်နေပါတယ်" … လို့ အဖြေပေးပါတယ်။ "တောင်းတာတကျပ် ပေးတာတပြား" ဖြစ်နေပါကောလား။ ဒါကြောင့်လဲ ကိုအီဇူမီက "ဒါထက်တိုးပြီး ကြိုးပမ်းလုပ်ဆောင်ဖို့ လိုသေးတယ်" လို့ ထပ်ပြောရတယ်။ ဒါတောင် မလျှော့သေးပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးအဆင့် ၁၃ ကြိမ်၊ တခြားအဆင့်တွေနဲ့ ၁၀၇ ကြိမ် တွေ့ပြီးပါပြီ လို့ လုပ်ပြန်ပါတယ်။

*(ဒါကိုတော့ NLD ပြောရေးဆိုခွင့်ရှိသူက – "တွေ့ဆုံဆွေးနွေးပွဲကတော့ စ,ကို မစရသေးဘူး" လို့ ပြန်နှက်ပါတယ်။)*

**အီးယူ အမေရိကန်** – တို့ကတော့ ဗမာပြည်ကိစ္စမှာ အခြေခံအားဖြင့် သဘောထားတူညီကြတာ တွေ့ရတယ်။ "အပြောင်းအလဲ တိုးတက်မှုရှိရင် တို့ကူညီမယ်။ တန့်နေရင် စောင့်ကြည့်မယ်။ ပိုဆိုးလာရင် ဖိအားပေးမယ်" ဆိုတဲ့ ပေါ်လစီ ကိုင်ထားတယ်။
အီးယူအနေနဲ့ ဒိန်းမတ်နိုင်ငံက ဦးဆောင်ပြီး ဆုံးဖြတ်ချက်တခု ချရာမှာ ဗမာပြည်အတွင်း လူ့အခွင့်ရေး ချိုးဖောက်မှုများ ဆက်လက်လုပ်ကိုင်နေကြတယ်။ ကလေးသူငယ်အများအပြား တပ်ထဲ ထည့်ထားတဲ့ကိစ္စ၊ အမျိုးသမီးများကို အဓမ္မပြုကျင့်မှု လုပ်အားချောဆွဲမှုတွေ ရှိတယ် … လို့ ဖော်ပြခဲ့တယ်။ တောင်းဆိုချက်ထဲမှာတော့ နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ လွှတ်ပေးဖို့၊ တွေ့ဆုံဆွေးနွေးမှုကိစ္စတွေ စ, လုပ်ဖို့တွေ ပါပါတယ်။

ဗြိတိန်က အရပ်သားအစိုးရ ဖြစ်ဖို့ပဲ တောင်းဆိုတယ်။ ဒါမှ အကူအညီပေးမယ်လို့ ဆိုတယ်။ ကနေဒါကတော့ အကျဉ်းသား လွှတ်ပေးမပေး အပေါ် အာရုံစိုက် ပြောတယ်။

ဒီနေရာမှာ အာရှနဲ့ အနောက်အုပ်စု မတူကြပါ။ အာရှက စိတ်ရှည်လက်ရှည် ဖျောင့်ဖျတဲ့နည်း၊ စိုသောလက် မခြောက်စေနဲ့ဆိုတဲ့ ပေါ်လစီကို ကိုင်ထားတာ တွေ့ရတယ်။ အထူးသဖြင့် ဂျပန်နဲ့တရုတ်တို့က ရေရှည်ကိုကြည့်ပြီး စိတ်ရှည်ကြတယ်။

**ဂျပန် – တရုတ်။**

ဂျပန်က ၂၀၀၂ ခုနှစ် မကုန်မီ သူရစရာရှိတဲ့အကြွေး ဒေါ်လာ သန်း ၄၀၀၀ ကျော် ထဲက ၃ပုံ ၁ပုံ (ဒေါ်လာ သန်း ၁၀၀၀ ကျော်) ကို လျှော်ပစ်ခဲ့တယ်။

နှစ်သစ်မှာ တရုတ်က စီးပွားရေးနဲ့နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေါ်လာ ၆ သန်း ပေးတဲ့အပြင် အတိုးနှုန်းနည်းနည်းနဲ့ ဒေါ်လာ သန်း၂၀၀ ကျော် ချေးငှားပေးခဲ့တယ်။ ရစရာရှိတဲ့ အကြွေးတချို့လဲ လျှော်ပစ်ပေးဦးမယ်လို့ ရန်ကုန်မှာ တရုတ်ဒုဝန်ကြီးချုပ်လီလန်ချင်းက ကြေညာခဲ့တယ်။

နအဖကတော့ 'ကြွေးထုမပူ – သန်းထုမယား' ဘဝရောက်နေတာမို့ ဖိုးကျိုင်းတုတ် ဖြစ်သွားပါတယ်။ ပြည်သူတွေကတော့ တယ်စိတ်မရှည်ချင်ကြ။

**အာဆီယံ** – နိုင်ငံတွေကတော့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမလုပ်ကြတော့ပါ။ မလေးရှား ဝန်ကြီးချုပ်လာပြီး ချုပ်ဆိုသွားတဲ့ စာချုပ်တွေကလဲ ရသလောက် ယူသွားတာသာ ဖြစ်တယ်။ ကိုယ်တွက်မကျန် ဆင့်ပါးစပ် နှမ်းပက်ရုံပဲ ရှိခဲ့တယ်။

**ဒီစီအိုင်။**

တကယ်က ၂၀၀၂ ခုနှစ် နိုင်ငံတကာဆက်ဆံရေးမှာ နအဖအနေနဲ့ ငွေကုန်ကြေးကျခံကာ အတော်ကြိုးပမ်းခဲ့တာ တွေ့ရပါတယ်။ ပြည်တွင်းက ပိုင်လောက်ပြီ၊ နိုင်ငံတကာဘက် လှည့်ဖို့ပဲ ကျန်တော့တယ် … လို့ တွက်ပုံရှိတယ်။ (*သူတို့ 'တွက်ရေး'လွဲတယ်*) အထူးသဖြင့် သူ့ဘက်ငဲ့မလာသေးတဲ့ အနောက်အုပ်စုဘက် မျက်နှာမူပါတယ်။

DCI လို့ ခေါ်တဲ့ အမေရိကန် မီဒီယာကုမ္ပဏီ တခုကို ဒေါ်လာ ၅ သိန်းပေးပြီး အောင်သွယ်လုပ်ခိုင်းပါတယ်။ သူ့ရဲ့ အဓိကတာဝန်က နအဖ အပေါ် အနောက်အုပ်စုသဘောထား ပျော့ပျောင်းလာပြီး ပိတ်ပင်တားဆီးထားတဲ့ ဆန်ရှင် (Sanction) တွေ ရုပ်သိမ်းအောင် လုပ်ပေးဖို့ ဖြစ်တယ်။ ကျွဲကူးရေပါ … တဆက်တည်း မျှော်လင့်ထားတာကတော့ စီးပွားရေးအကူအညီတွေ ရဖို့ပါ။

ဒီရည်မှန်းချက် ပေါက်မြောက်အောင် ကမ္ဘာက အလေးထားစောင့်ကြည့်ခြင်း ခံရတဲ့ မူးယစ်ဆေးဝါးကိစ္စ၊ HIV- AIDS တိုက်ဖျက်ရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပေါ်လစီ၊ အကြမ်းဖက်ဝါဒ နှိမ်နင်းရေး၊ လူ့အခွင့်အရေးနဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊ ဒီမိုကရေစီဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေမှာ အနောက်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်လိုကြောင်း DCI က ဖော်ပြစည်းရုံး ဆောင်ရွက်ပေးရမှာ ဖြစ်တယ်။

အနောက်အုပ်စု စိတ်ဝင်စားလာအောင်လဲ လျှော့တန်သမျှ၊ လုပ်ပြနိုင်တာမှန်သမျှ နအဖ က ကြိုးစားလုပ်ဆောင်ပြပါတယ်။ ဥပမာ – ရှမ်းအမျိုးသမီးများ မဖွယ်မရာပြုကျင့်ခံရမှုတွေရှိတာ မှန်ပါတယ်။ ပေါ်လစီကြောင့် မဟုတ်ပါ၊ တပ်မတော်ထဲက သိုးမဲတချို့ကြောင့်ပါလို့ အမေရိကန်ဆိုင်ရာ သံအမတ်ဦးလင်းမြိုင်က ဖော်တဝက် ဖုံးတဝက်နဲ့ ဝန်ခံတာမျိုး၊ အတော်အသင့် ဘိန်းအထွက်လျော့အောင် အချိန်ပိုင်း တင်းကျပ်ပြလိုက်တာမျိုး (*အက်ဖယ်တမင်းတွေ နအဖ တပ်စခန်းတွေထဲအထိ ကျယ်ကျယ်ပြန့်ပြန့် ချက်လုပ်တာကိုတော့ ဖုံးဖိထား*) – ခင်ဗျားတို့က

မဆက်ဆံလို့ (*လူရာမသွင်းဘဲ ပစ်ထားလို့*) တရုတ်ဘက် ကပ်ရတာပါလို့ အိန္ဒိယပြည်ဆိုင်ရာ သံအမတ်ဦးကျော်သူရဲ့ အပြောမျိုး … တွေဟာ ဒီရည်ရွယ်ချက်ကြောင့်ပါ။

ဒါပေမဲ့ ဗမာစစ်အစိုးရနဲ့ လာရောက်ဆက်ဆံဖူးတဲ့ ကိုယ်စားလှယ်အားလုံးလိုလိုနဲ့ ဗမာပြည်အရေး ဆောင်ရွက်နေကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရ ကိုယ်စားလှယ်များ အကြားမှာ တူညီတဲ့ အမြင်တခု ကိုယ်စီပါသွားကြပါတယ်။ ဒါကတော့ "နအဖ မှာ ရိုးသားမှု မရှိ"… ဆိုတာပါပဲ။

ဒါကြောင့်လဲ တခါဆက်ဆံ ဆယ်ခါလန် ဖြစ်သွားပြီး နိုင်ငံတော်တော်များများ အထူးသဖြင့် အနောက်အုပ်စု နိုင်ငံတွေက လုပ်ငန်းတွေ ဖြုတ်သူဖြုတ်၊ လက်လွှဲရောင်းသူရောင်း ဖြစ်ကုန်ပါတယ်။ နှစ်ဝက်အတွင်း ဟောင်ကောင်ကုမ္ပဏီတခုပဲ ဒေါ်လာ တသန်းခွဲဖိုးလောက် ရင်းနှီးမြှုပ်နှံတာ တွေ့ရတယ်။

ဒါကြောင့်လဲ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၂၀၀၂ ခုနှစ်အတွင်း ဗမာပြည်ရဲ့ စီးပွားရေးနဲ့နိုင်ငံရေး နာလန်ထူဖို့ အတော်ခက်တယ်၊ အလားအလာ မကောင်းဘူးလို့ သုံးသပ်ခဲ့တာ ဖြစ်တယ်။

**ကုလနှင့် နအဖ။**

၁၉၉၁ ခုနှစ်ကတည်းက ကုလသမဂ္ဂအနေနဲ့ ဗမာစစ်အစိုးရနဲ့ ပတ်သက်တဲ့ ထုတ်ပြန်ကြေညာချက်တွေ – ဆုံးဖြတ်ချက်တွေ နှစ်စဉ် လုပ်ခဲ့ပါတယ်။ ယခုနှစ် ထုတ်ပြန်ကြေညာချက်ထဲမှာတော့ ဗမာပြည်ရှိ နိုင်ငံရေးအင်အားစုအားလုံး ဆွေးနွေးပွဲတွင် ပါဝင်လာနိုင်အောင် လုပ်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ နိုင်ငံရေးပါတီများအား ချုပ်ခြယ်ကန့်သတ်မှုအားလုံး ရုပ်ဆိုင်းရန်။ နောက်ဆုံးတွင် လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးရမည်ဟု ပါရှိပါတယ်။

အတွင်းရေးမှူးကိုဖီအာနန်ကလဲ ကျန်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန်၊ တရားဝင်နိုင်ငံရေးပါတီတွေကို လွတ်လွတ် လပ်လပ် လှုပ်ရှားခွင့်ပြုရန် တောင်းဆိုလိုက်ပြီး – ဒေါ်အောင်ဆန်းစုကြည် လွတ်လာတာ ၅ လ ကြာလာပြီ ဖြစ်သော်လဲ ခုထိ တွေ့ဆုံဆွေးနွေးမှု မရှိသေး၊ မကြာခင် ကာလအတွင်း မြင်သာတဲ့ တိုးတက်မှု ရှိမလာရင် ရရှိထားတာတွေတောင် ပြန်ပျောက်သွားနိုင်တယ်လို့ သတိပေးပါတယ်။

နိုဝင်ဘာ ၁၉ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချတော့ ၄ နိုင်ငံပဲ ထောက်ခံမှုမပေးတာ တွေ့ရတယ်။ တရုတ်နဲ့အာဆီယံနိုင်ငံတချို့က ဆုံးဖြတ်ချက်နဲ့ မပတ်သက်ရအောင် ရှောင်နေကြပါတယ်။

ဒါကိုကြည့်ရင် နအဖ – တယောက်တည်းနဲ့ တကမ္ဘာလုံး အလုပ်ရှုပ်ကုန်အောင် ဂြိုဟ်မွှေနေတာ တွေ့နိုင်ကြမှာပါ။ တရွာလုံးနဲ့ ငါ့ကြီးတော် ဖြစ်ခဲ့ပါပြီ။ တကမ္ဘာလုံးကိုလဲ မကျေနပ်တော့ပါဘူး။ ကုလသမဂ္ဂကို အာခံလာပါတယ်။ "ကင်းကင်းရှင်းရှင်း နေပြရုံကလွဲပြီး တခြားလမ်း မရှိတော့ ဘူးပေ့ါ"… လို့ ခွန်းတုံ့ပြန်တာ အံ့သြဖွယ်တွေ့လိုက်ရတယ်။

**ယူနီဆက်။** – ဗမာပြည်မှာ ကလေးစစ်သား ၇ သောင်းရှိတယ် – လို့ ထုတ်ပြန်လိုက်လို့ ကမ္ဘာက မျက်လုံးပြူးသွားပြီး နအဖက နာလိုခံခက် ဖြစ်သွားတယ်။ အချက်အလက်နဲ့ မဖြေရှင်းနိုင်၊ မျက်စိစုံမှိတ်ပြီးသာ ငြင်းနေတာ တွေ့ရတယ်။ တပ်ရင်းတွေမှာလဲ တပ်ခွဲတိုင်း တလအနည်းဆုံး တပ်သားသစ်တယောက် တနှစ် ၇၂ ယောက်စုရမယ်ဆိုတဲ့ အမိန့်နဲ့ ဆက်စပ်စဉ်းစားကြည့်သင့်ပါတယ်။ ယူနီဆက် မှန်လို့ကတော့ မစည်ကားရာ အရပ်တွေဖြစ်တဲ့ – ဆေးရုံ၊ သင်္ချိုင်း၊ စစ်တပ်တို့မှာ သွားစည်ကားနေတာ တွေ့ရပါမယ်။ ခုတောင် ၄ သိန်း ၅ သောင်း ကျော်ပြီလို့ ခန့်မှန်းထားတော့ ဘယ်လောက်အထိ တိုးချဲ့ကြဦးမလဲ မသိ။

(စကားချပ်) ဒီအခန်းမှာ ဘယ်တော့မှ မမေ့သင့်တဲ့ "မူဆိုင်ရာ" အချက်ကို တင်ပြလိုပါတယ်။ အဲဒါက "ဥစ္စာရင်လို ဥစ္စာရင်ခဲ" မို့ပါ။ ပြည်ပက ဗမာပြည်အရေး စိတ်ဝင်စားကြတာဟာ တခုကောင်း နှစ်ခုကောင်းပေါ်မှာပါ။ (ဥပမာ – မူးယစ်ဆေးဝါး၊ အကြမ်းဖက်ဝါဒ စသဖြင့်) ဒါလဲ ယာယီပဲ စိတ်ဝင်စားလေ့ ရှိပါတယ်။ ဗမာပြည်အရေးဟာ သူတို့ရဲ့ အကျိုးစီးပွားတစုံလုံး မဟုတ်ပါဘူး။ သူတို့ကြိုက်ပေါက်တွေ့ရင် ဗမာပြည် ဘာဖြစ်နေနေ မျက်နှာလွှဲနေနိုင်ပါတယ်။ ဗမာပြည်လူမျိုးစုံ ပြည်သူတွေကတော့ ကိုယ့်တိုင်းပြည်ရဲ့ အကျိုးစီးပွားတခုလုံးကို ဦးထိပ်ထားရပါမယ်။ ဗမာပြည်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ဟာ ပါလက်စတိုင်း ဆုံးဖြတ်ချက်လို ဖြစ်မသွားဘူးလို့ ပြောမရပါ။

**ဗလောင်းဗလဲ လှမင်း။**

နအဖရဲ့ ပြောရေးဆိုခွင့်ရှိသူအဖြစ် ပွဲထွက်နေလို့ သူ့နာမည် တပ်လိုက်ရတာပါ။ ရေးချင်တာက ဗလောင်းဗလဲ နအဖ ပါ။

**(က) မဖွယ်မရာ ကိစ္စ။**

မြန်မာတိုင်းမ်ဂျာနယ်မှာ "ရှမ်းအမျိုးသမီးများကိစ္စ မဟုတ်မမှန်စွပ်စွဲချက် ICRC စုံစမ်းမည်" ခေါင်းစည်းပေးထားတဲ့ သတင်းတပုဒ် ဖော်ပြပါတယ်။

ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးလှမင်းက "အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အနေနဲ့ ဒီမဟုတ်မမှန်တဲ့ စွပ်စွဲချက်တွေကို သေသေချာချာ စစ်ဆေးသွားနိုင်ဖို့ ကျွန်တော်တို့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဒါမျိုးလုပ်တာ ကျွန်တော်တို့ အစိုးရရဲ့ပေါ်လစီ ဒါမှမဟုတ် ကျင့်စဉ် မဟုတ်ပါဘူး" လို့ အပီပြောသွားတာကို အသားပေးထားပါတယ်။ (*ဦးလင်းမြိုင်က ဝန်ခံလိုက်တော့ "ကျွန်တော်တို့ အစိုးရရဲ့ ပေါ်လစီ(သို့) ကျင့်စဉ် ဖြစ်သွားပြီပေါ့*)

နောက်တခါ ဒီဂျာနယ်ကပဲ "ICRC က ရှမ်းအမျိုးသမီးများကိစ္စ ကွင်းဆင်းလေ့လာဖို့ သွားကြပြီ" လို့ သတင်းပေးပြန်ပါတယ်။ ဒါကို ICRC တာဝန်ခံက "ရှမ်းအမျိုးသမီးများကိစ္စ နအဖ က ဖိတ်ကြားတယ်ဆိုတာ မသိ၊ ဖိတ်ကြားတယ်ဆိုရင်လဲ ICRC ရဲ့ကိစ္စ မဟုတ် – မဆိုင်၊ သွားတာက ရှမ်းအမျိုးသမီးများကိစ္စ မဟုတ်။ လူမှုရေးကိစ္စသာ ဖြစ်ကြောင်း" ကလိမ်ကကျစ် နအဖလုပ်ရပ်ကို ဖွင့်ချလိုက်ပါတယ်။

**(ခ) ပီညဲရိုးနဲ့ လှမင်း။**

ပီညဲရိုး စတုတ္ထအခေါက် ရောက်လာရခြင်းကတော့ "ရှမ်းပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိသည်ဟူသော စွပ်စွဲချက်ကို တုံ့ပြန်သည့် အနေဖြင့် ဖိတ်ကြားခြင်း ဖြစ်ပါတယ်။"...လို့ ဇဝေဇဝါဖြစ်အောင် ခေါင်းစဉ်တပ်ပြီး လှမင်းက ရှင်းလင်းပါတယ်။

ဒါပေမဲ့ ပီညဲရိုးရောက်လာပြီး အခြေအနေလေ့လာကြည့်တော့ 'ခွင်' သွင်းပြီး မျက်လှည့်ပြတာ ခံရတော့မယ်ဆိုတာ အချိန်မီ သဘောပေါက်ခဲ့ပုံ ရတယ်။ ရှမ်းအမျိုးသမီးများရဲ့ အခွင့်အရေးကို ကမကထလုပ်နေတဲ့ ရှမ်းအမျိုးသမီး လှုပ်ရှားမှုအဖွဲ့ကရော ပြည်ပရောက် နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ မီဒီယာလောက ကပါ ထောက်ပြကန့်ကွက်ကြလို့လဲ ဖြစ်တယ်။ ဒါကြောင့်လဲ "ရှမ်းပြည်နယ်ထဲ သွားရောက်စစ်ဆေးမယ့်ကိစ္စ လုပ်တော့မှာ မဟုတ်ကြောင်း" ပီညဲရိုးက ကြေညာလိုက်တာပါ။

ဒါဟာ အပိုင်ချည်ထားမိပြီလို့ တွက်ထားတဲ့ နအဖရဲ့ကြိုး – ပြေပြီး လွတ်သွားတဲ့သဘော ဖြစ်ပါတယ်။

*(နောက်က နည်းဗျူဟာချပေးသူကပေး၊ ဇာတ်စင်ပေါ်တက်ပြီး ရွှီးရသူ လှမင်း ထုံးစံအတိုင်း နားရွက်နီရပြန်ပြီပေါ့။)*

သို့သော် သူကိုယ်တိုင်ကလဲ အကွက်ကောင်းကောင်း ချတတ်ပုံရပါတယ်။ ၂၀၀၃ ခုနှစ် နှစ်ဆန်း လွတ်လပ်ရေးနေ့ ဘွဲ့ထူးဂုဏ်ထူး စာရင်းထဲမှာ စီမံထူးချွန်ဆု (ပထမဆင့်) ရသွားတာ တွေ့လိုက်မိတယ်။

လှမင်းတို့ လက်ချက်လား DCI ရဲ့ နည်းဗျူဟာလားတော့ မသိ၊ လိုချင်တဲ့အချက်၊ လိုချင်တဲ့အပိုင်းလေးပဲ ဖြတ်ပြီးပြောတာ၊ သူတို့ဖြစ်စေချင်တာတွေ ထည့်ပြောတာတွေ လုပ်ကြလွန်းလို့ ကာယကံရှင်တွေနောက်က လိုက်ရှင်းနေရတာကလဲ အမော –

ပီညဲရိုးလဲ ဒါမျိုး ခံခဲ့ရပါတယ်။ ဒါကြောင့် "နိုင်ငံတကာအသိုင်းအဝိုင်းက ဗမာအစိုးရကို ငွေကြေးအကူအညီပေးဖို့ မိမိက တိုက်တွန်းတယ်ဆိုတာ မဟုတ်၊ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြပါလို့လဲ မပြော၊ လူသားချင်းစာနာတဲ့ အကူအညီတွေပေးဖို့ ကိစ္စနဲ့ပတ်သက်လို့ မူဝါဒပြောင်းလဲဖို့လဲ မိမိတိုက်တွန်းတာ မရှိ၊ ဒီလို မူဝါဒပြောင်းလဲစေချင်ရင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေ အမြန်ဆုံး စဖို့လိုတယ်။ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေအားလုံး ပါဝင်ဖို့လဲ လိုပါတယ်" ... လို့ ပြန်ရှင်းရတာ ဖြစ်တယ်။

**(ဂ) စေ့စပ်ဆွေးနွေးပွဲ ကိစ္စ။**

နိုဝင်ဘာ ၂၀ ရက်နေ့မှာ လှမင်း တခါ ထပြောပြန်ပါတယ်။ "အမျိုးသားရင်ကြားစေ့မှု – တိုးတက်မှု ရှိပါတယ်။ သည်းခံစောင့်ကြပါ" လို့ မက်လုံးပေး လေပြေထိုးပါတယ်။ ဒါဟာ တခုတည်းသော ထွက်ပေါက်အဖြစ် တတိုင်းပြည်လုံးကလဲမြင် – ပြည်ပဖိအားတွေ အထူးသဖြင့် ကုလသမဂ္ဂကပါ ပြောလာပြီမို့ ချွေးသိပ်တဲ့သဘော ပြောတာပါ။ (*"ဆွေးနွေးပွဲကဖြင့် မစရသေးဘူး" ဆိုပါလား။*)

**(ဃ) နိုင်ငံရေး အကျဉ်းသား ၁၁၅ ယောက်ကိစ္စ။**

နိုဝင်ဘာ ၂၁ ရက်ညနေပိုင်းကစပြီး နိုင်ငံခြားအသံလွှင့်ဌာနတွေက သတင်းတခုကို အားတက်သရော ထုတ်လွှင့်ခဲ့ကြပါတယ်။

ဌာနတခုက "ဒီနေ့ NLD အများစုပါတဲ့ နိုင်ငံရေးအကျဉ်းသား ၁၁၅ ယောက် လွှတ်ပေးကြောင်း သိရတယ်" ... လို့ အစချီတယ်။

ကျန်ဌာနတခုက "လွှတ်ပေးတဲ့ ၁၁၅ ဦးအနက် NLD ၅၇ ဦး ပါတယ်။ ဆက်ပြီး လွှတ်ပေးဦးမယ်" လို့ ဗိုလ်မှူးကြီးလှမင်းက ပြောကြောင်း ... ဖော်ပြခဲ့တယ်။

ကျန်မြန်မာပိုင်း အသံလွှင့်ဌာနတွေကလဲ ဒီသတင်းပဲ ဦးစားပေးလွှင့်ထုတ်ခဲ့ကြတယ်။

၂ ရက်လောက်ကြာတော့ နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်လွှတ်တဲ့ကိစ္စကို ကြိုဆိုပါကြောင်း – ကိုဖီအာနန်က ထွက်ပြောလာပါတယ်။ *(ထွေတွင်းချုပ်ကြီး ခံလိုက်ရပြီ)*

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးကလဲ (မအူမလည်နဲ့) ထပြီး ကြိုဆိုလိုက်ပြန်တယ်။ "လွှတ်သင့်တဲ့ အချိန်ကျော်မှ လွှတ်ပေးတာ ဖြစ်တယ်" လို့လဲ မှတ်ချက်ပေးလိုက်ပါသေးတယ်။

ဒါပေမဲ့ ဒီရက်ပိုင်းအတွင်း မီဒီယာလောကက စစ်ပေါက်ပေါက် စာရင်းလိုက်ကောက်တော့ ပြောသလို မဟုတ်တာ တွေ့လာရတယ်။ (၁) လွှတ်တဲ့ဦးရေက ပြောထားတာရဲ့ တဝက်ကျော်ကျော်ပဲ ရှိတယ်။ (၂) လွှတ်ပေးခံရသူတွေဟာ ခံဝန်လက်မှတ် ထိုးပြီးမှ လွှတ်ပေးတာ ဖြစ်တယ်လို့ ဖော်ထုတ်ကြတယ်။

ဒါတောင် နအဖဘက်က သီတင်း ၂ ပတ်လောက် မှိန်းနေကြပါသေးတယ်။ ပွစိပွစိ ဖြစ်လာကြမှ (ကမ္ဘာကျော်) လှမင်း ထွက်လာရပြန်တယ်။

"လွှတ်ပေးလိုက်တာ ၆၀ ယောက်ပါ။ ၅၅ ယောက် မလွှတ်ရသေးပါဘူး" ... လို့ မျက်နှာထူထူနဲ့ ရှင်းလင်းရပါတယ်။ (*ဘယ်မှာလဲ ဆိုခဲ့စေ၊ မြဲစေ*)

ခုအထိလဲ ၅၅ ယောက်သတင်း ခေါက်ထားလိုက်ပြီး ထပ်လွှတ်ပေးပါဦးမယ်ဆိုတဲ့ အကျဉ်းသားများ လွှတ်ပေးတာ မရှိသေးပါ။ (လက်မှတ်ထိုးပြီး ထွက်သင့် မထွက်သင့် ဆိုတာဟာ သက်ဆိုင်ရာ ပါတီဗဟိုရဲ့ ဆုံးဖြတ်ချက်ပေါ် တည်ပါတယ်။ ဗဟိုက လက်မှတ်ထိုးထွက်ခဲ့ကြလို့ ပြောရင်တော့ အောက်ခြေက ဗဟိုကို နာခံကြရမှာပါပဲ။ ဗဟိုကလဲ မိမိပါတီရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ ဒီမိုကရေစီရပိုင်ခွင့်ကို စွန့်လွှတ်ပစ်တဲ့ "ပါတီဖျက်သိမ်းရေး ဆုံးဖြတ်ချက်" ချမယ် မထင်ပါဘူး)

**နိဂုံး။**

**၂၀၀၂ ခုနှစ်ကုန်နဲ့ ၂၀၀၃ ခုနှစ်ဆန်း။**

၂၀၀၂ခုနှစ် တနှစ်လုံး ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးကိစ္စတွေနဲ့ ထွက်ပေါက်ပိတ် လုံးလည်လိုက်နေတဲ့ နအဖ – သို့သော် ငြိမ်,ဝပ်,ပိ,ပြားနေအောင်တော့ ဆက်ပြီးအာဏာစက် ဖြန့်ထားနိုင်ဆဲ ဖြစ်တယ်။ အဖေကြီးကလဲ မရှိတော့ စစ်အုပ်စုဟောင်း/သစ် အားလုံး ငါ့ဆီလာမလား၊

အတိုက်အခံဘက် သွားမလား – အပီမေးနိုင်နေပါပြီ။ ဒါဟာ ဗိုလ်စောမောင်နဲ့ ဗိုလ်သန်းရွှေကြား ခြားနားသွားတဲ့ အခြေအနေပါ။

နိုင်ငံတကာ ဆက်ဆံရေးကိစ္စမှာ အနောက်အုပ်စုနဲ့ ရင်းနှီးရေးအသည်းအသန် ကြိုးစားခဲ့တယ်။ နှစ်ကုန်အထိ အကြံမမြောက်ခဲ့ဘူး။ သို့သော် ကင်းကွာနေတဲ့ အိမ်နီးချင်း ၂ – နိုင်ငံ (အိန္ဒိယ – ဘင်္ဂလားဒေ့ရှ်) နဲ့ ပိုနီးကပ်လာအောင် လုပ်လာတယ်။ ၂၀၀၃ ခုနှစ်ဆန်းမှာ အတော် ‘ချိတ်’ မိသွားနိုင်တယ်။ ဆက်ဆံရေးအဆင်ပြေခဲ့တဲ့ အရှေ့အာရှနိုင်ငံတွေနဲ့ကတော့ ကောင်းမြဲအခြေအနေကို ထိန်းထားရာက ဂျပန်ရဲ့ ပေးကမ်းမှုနဲ့ အကြွေး ၃ ပုံ ၁ ပုံ လျှော်ပေးမှု တရုတ်ဆီက စုစုပေါင်း ဒေါ်လာ ၂၀၆ သန်း (သန်း ၂၀၀ + ၆သန်း) ချေးပေးလိုက်မှုတွေက အတော် အသက်ရှူပေါက် ရသွားတာ တွေ့နိုင်တယ်။ အစိုးရယန္တရားကြီး ဆက်လည်နိုင်သွားစေပါတယ်။

ဒါကြောင့်လဲ ရွှေတာရေးတရားပဲ ဖိဟောနေရာက ထောင်ထောင်ထောင်ထောင် ဖြစ်လာတာ တွေ့နိုင်ပါတယ်။ သူတို့တတွေ တရုတ်ပြည်ရောက်နေတုန်းက မျက်နှာနဲ့ ဗမာပြည်ပြန်ရောက်လာတဲ့အခါ တွေ့ရတဲ့မျက်နှာ(*သေသေချာချာကြည့်*) မတူတော့ပါ။

ဒါပေမဲ့ နှစ်ကုန်ခါနီးနဲ့ နောက်နှစ်သစ်ကာလပိုင်းအထိ သူတို့ကိုလည်မြို့ညှစ်နေတဲ့ “စိန်” ခေါ်ချက်တွေကလည်း တိုးသည် ထက် တိုးလာနေပါတယ်။

နိုင်ငံရေးစိန်ခေါ်ချက်တွေဖြစ်တဲ့ NLD နဲ့ CRPP တို့ရဲ့အကွက်စေ့စေ့ ခြေလှမ်းတွေ၊ တကိုယ်တော်ဆန္ဒပြပွဲတွေ၊ ပြည်သူတွေရဲ့ ပြည်နယ် ပြည်မ အုံကြွလာစပြုမှုတွေ၊ ‘ငြိမ်း’ အဖွဲ့တွေနဲ့ နိုင်ငံရေးနောက်တဆင့် မတက်နိုင်သေးတာ ၊ ရာဇဝတ်မှုထူပြောလာတာ၊ မူးယစ်ဆေးဝါး – HIV ကိစ္စ ဆက်လက်ကြီးထွားနေတာ၊ လက်နက်ကိုင်အင်အားစုတွေနဲ့ တိုက်ပွဲတွေ ဆက်ဖြစ်နေတာတွေက သူ့ကိုဆက်ပြီး အသက်ရှူမဝ ဖြစ်နေစေ ပါလိမ့်မယ်။

စီးပွားရေးစိန်ခေါ်ချက်အဖြစ် အနောက်အုပ်စုရဲ့ (မယ်မယ်ရရ) ရင်းနှီးမြှုပ်နှံမှု အလားအလာမကောင်းတာ၊ စီးပွားရေးပိတ်ဆို့မှု လုပ်မြဲလုပ်ထားတာ၊ ဂျပန်၊ တရုတ်ဆီက ရလိုက်တဲ့ ပမာဏဆိုတာကလည်း လိုအပ်မှုရဲ့ သေးငယ်တဲ့အစိတ်အပိုင်း (တနည်း) အသက်ထွက် မသွားအောင် တိုက်ထားရတဲ့ ဆေးတလုံးလောက်ပဲ ဖြစ်နေတာ၊ တတိုင်းပြည်လုံးက ပြည်သူတွေ (အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်း၊ အရပ်သား) အားလုံး အနက်ရှိုင်းဆုံးသော ဆင်းရဲဒုက္ခညွှံတွင်း နစ်နေတာကို ဆွဲမထုတ်နိုင်တဲ့ အခြေအနေ — ဒီအခြေအနေတွေ ပေါက်ကွဲလာရင် ချေမှုန်းဖို့ တိုးချဲ့ပြီးရင်းတိုးချဲ့နေရတဲ့ (လက်ရှိ ၅ သိန်းနီးပါး) စစ်တပ်ကြီးရဲ့ စရိတ်ကလည်း ကြီးသည်ထက်ကြီးလာနေတာ – ဒါတွေဟာ စစ်အုပ်စု ဘယ်နည်းနဲ့မှ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေပါ။ အရေးအကြီးဆုံး အချက်က (အာဏာပြဿနာ ဖြစ်လို့) သူကိုယ်တိုင်က ဖြေရှင်းချင်စိတ် မရှိတာပါ။ ဒါကြောင့် နိုင်ငံတကာက တိုက်တွန်းနေတဲ့ ပြည်သူတွေက တောင်းဆိုနေတဲ့ “တွေ့ဆုံဆွေးနွေးပွဲနည်းနဲ့ ထွက်ပေါက်ရှာပါ” ဆိုတဲ့ အချက်ကို မျက်ကွယ်ပြုနေခြင်း ဖြစ်ကြောင်းပါ။ ။

**‘ပစ်မည် – ခတ်မည် – သတ်မည် – အာဏာကိုတော့ မစွန့်ဘူး’ ... ဟု တင်းခံနေသည့် စစ်အုပ်စုနှင့်**
**ရင်ဆိုင်နေရချိန်တွင်**
**လူထုက နည်းပေါင်းစုံ တီထွင်ကာ**
**တိုက်ပွဲဝင်ကြပါလိမ့်မည်။**

## မာ့က်စ်ဝါဒ ပြန်လည်ရှင်သန်ထမြောက်အောင် လုပ်သူများ

ကွန်မြူနစ်ကြေညာစာတမ်း (၁၅၅) နှစ် ပြည့်တော့မည်။

ထို (၁၅၅) နှစ်အတွင်းတွင် "သေပြီ မြေမြှုပ်လိုက်ပြီ" အပြောခံရဆုံးဝါဒမှာ မာ့က်စ်ဝါဒ ဖြစ်၏။

ကြေညာစာတမ်းထဲတွင် မာ့က်စ် အိန်ဂယ်လ်တို့က ခေတ်သစ်နိုင်ငံတော်၏ အစိုးရ ဆိုသည်များမှာ ဘူဇွာတို့၏ အရေးအရာများကို စီမံခန့်ခွဲသည့် အလုပ်အမှုဆောင်များသာ ဖြစ်သည်ဟု ရေးခဲ့သည်။

ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကျဆုံးသွားသောခေတ်တွင် ခေတ်သစ်နိုင်ငံတော် အစိုးရများသည် "အလုပ်အမှုဆောင်အလုပ်" ကို ပုန်းလျှိုးကွယ်လျှိုး မလုပ်ကြတော့။ "ပြောင်ကျကျ" လုပ်ကြသည်။

ဘုရှ်အစိုးရ ဘလဲအစိုးရတို့ အကဲဆုံး ဖြစ်သည်။

ယခင်အခါများက "မာ့က်စ်ဝါဒမသေ" ဟု ပြောခဲ့သူများမှာ ကွန်မြူနစ်များသာ ဖြစ်ခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့ပြီ။ မာ့က်စ်ဝါဒကို ပြန်လည်ရှင်သန်ထမြောက် လာအောင် လုပ်ပေးသူများထဲတွင် ကွန်မြူနစ်များသာ မကတော့။ အမေရိကန်နှင့် ဗြိတိန်၊ အီတလီစသည်တို့တွင် မာ့က်စ်ဝါဒကို ကိုးကားပြီး အရင်းရှင်စနစ်ကို ဝေဖန်ကြသူထဲတွင် သာမန်ပညာရှင်များ၊ လူငယ်ပညာတတ်များ အများစု ဖြစ်နေသည်။

ဘုရှ်တို့ ဘလဲတို့က 'အလုပ်အမှုဆောင်အလုပ်' ကို လုပ်လေလေ၊ မာ့က်စ်အိန်ဂယ် တို့ ကြေညာစာတမ်းစိတ်ဓာတ် ရှင်သန်ထမြောက်လေလေ ဖြစ်တော့မည်။

**တပ်မတော် ပြိုနေပျက်နေခြင်းမှာ နိုင်ငံရေး "အာဏာ" ကို တွယ်ကပ်နေသောကြောင့် ဖြစ်သည်။**

**ဒီမိုကရေစီသို့ ကူးပြောင်းရာတွင်လည်း စေ့စပ်ရေးစားပွဲမှတဆင့်သာ လူထုက သွားလိုကြသည်**


**ဗမာပြည်ကွန်မြူနစ်ပါတီ**

**ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်**